www.burmeseclassic.com

# မင်းမြတ်သူရ




ဂျမဒါမင်းထင်
နှင့်
စုန်းမ

L၈၆

www.burmeseclassic.com

www.burmeseclassic.com


မင်းမြတ်သူရ

ဂျမဒါမင်းထင်နှင့်စုန်းမ

စာမူခွင့်ပြုချက်အမှတ်

၅၀၀၅၆၂၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၇၈၈၀၇၁၁

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃

မင်းမြတ်သူရ

ဂျမဒါမင်းထင်နှင့်စုန်းမ၊ မင်းမြတ်သူရ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂

၂၇၂-စာ၊ ၁၂×၁၈ စင်တီ

(၁) ဂျမဒါမင်းထင်နှင့်စုန်းမ


## ရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယို ရိုက်ကူးသောစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် နုနုစိမ်းကြယ်တား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဈါသမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၁၀။ မိုးမခရတနာသိုက်
၁၁။ မြေဝါတောင်နတ်မင်း
၁၂။ ကျွန်ုတ်တစ်ထောင်
၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေရာယကျွ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဇီဝမိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သခင်မြို့
၁၈။ လနတ်သမီး
၁၉။ ဒေါင်းမင်းရှော့တာ
၂၀။ နေနဲ့လနှစ်ပါးဆိုင်
၂၁။ မောင်နဲ့စုနှစ်ဖော်
၂၂။ ပျောက်သောသူ ရှာလျှင်တွေ့
၂၃။ မိုးကြိုးသံခွန်
၂၄။ ပဥ္စလက်မောင်နှမ

www.burmeseclassic.com

၂၅။ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်
၂၆။ ပဥ္စမမြောက်မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်
၃၁။ တစ်ကျွန်းပြန် ဘိုးမှန်
၃၂။ ယက္ခညီနောင်
၃၃။ ပန်းကိုးပွင့်ဒေဝီ
၃၄။ အောင်ပင်လယ်ရှာတား
၃၅။ လေးကျွန်းမောင်ကြီး
၃၆။ နေမင်းစေတမန်
၃၇။ ရလော လိုလေ အိုတရွှေ
၃၈။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်
၃၉။ သူရိယစန္ဒာဂိုဏ်း
၄၀။ မြွေဖြူရှင်မ
၄၁။ မြင်းရည်တက်သူရဲကောင်း
၄၂။ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်
၄၃။ စကြာရှင်
၄၄။ မှော်တန်ခိုးရှင်ပ
၄၅။ မြင်းရည်တက်သူရဲကောင်း
၄၆။ အမုန်းတက်ပါ
၄၇။ မိုးလုံးပြည့်လျှံ
၄၈။ ရွှေတစ်ရစ်မြတစ်ရစ်
၄၉။ တောင်တော်ရှင်မ

BURMESE CLASSIC .com

## မင်းမြတ်သူရဲ၏ ရုပ်ပြထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၄။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၅။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၆။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီး
၇။ ဆားပုလင်းမင်းအောင်နှင့် ဘက်ကူရင် လူမရွေးဘူး
၈။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၉။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၀။ တစ်ကျွန်းပြန်ဘိုးမှန်
၁၁။ ပြည့်တော်ပြန်
၁၂။ ကြာပန်းသုံးခိုင် တံဆိပ်တော်
၁၃။ ပွဲကျောင်းသား မိုးကောင်း
၁၄။ နဝမမြောက်ကျမ်းစာ
၁၅။ ဆားပုလင်းမင်းအောင်နှင့် နဂါးပြို့တော်
၁၆။ မာယာကျွန်းကေရီ
၁၇။ ဂုမ္ဘာဏ်တစ်ထောင်
၁၈။ ဆင်စွယ်နန်းရှင်
၁၉။ ငွေစန္ဒာသားကောင်
၂၀။ ရေလယ်ခေါင်သောင်ကျွန်း နက်သမီးနေတဲ့ကျွန်း
၂၁။ မဟာလူသားမောင်ဒင်္ဂါး
၂၂။ မှော်တန်ခိုးရှင်မ
၂၃။ ဆားပုလင်းမင်းအောင်နှင့် သေနွာယက္ခ

www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ဥက္ကာတောင်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးမွှန့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာမိုဃ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တာရာ
၈။ ဆားပုလင်းမင်းအောင်နှင့် ဓနမင်း၏သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရှာဖေဖြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘဂ္ဂဒတ်ဘုရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရုပ်ပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြေမင်းသမီး
၁၅။ လိုတရက်ကြီးရှင်
၁၆။ တစ်ကျွန်းမြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးနိုင် တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသား မိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ
၂၂။ ပဥ္စလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွမ်းခွင့်တဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကြိုးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ မဥ္ဇမမြောက်မိုးနတ်မယ်
၃၁။ မာယာကျွန်းတော်ရှိ
၃၂။ ဂုမ္ဘဏ်တစ်ထောင်
၃၃။ ဆင်ဖွယ်နန်းရှင်

၂၄။ ဆင်ဖြူရှင်
၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးတံခွန်
၂၈။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၂၉။ အတုမရှိစည်တော်
၃၀။ ဝိဝိုးရွှေလှိုဏ်ဂူ
၃၁။ ဆားပုလင်းမင်းအောင်နှင့် ရေမင်းစစတမာန်
၃၂။ ဆားပုလင်းမင်းအောင်နှင့် မိန်ပန်းနီနီ
၃၃။ ဘာမထိဘွား
၃၄။ ဆားပုလင်းမင်းအောင်နှင့် သခင်ဖြိုင်
၃၅။ မိုးမြေသစ္စာ
၃၆။ လနတ်သမီး
၃၇။ တစ်ကျွန်းဆံ
၃၈။ ဂျမ်ဒါမင်းထင်နှင့် သေမင်းနာရီစင်
၃၉။ ရွှေနတ်တောင်
၄၀။ ပြည်လုံးကျော်
၄၁။ ယက္ခညီနောင်
၄၂။ တိမ်ကြားမင်းခေါင်
၄၃။ နဝရတ်ကိုးသွယ်
၄၄။ လျှို့ဝှက်ကော်ဇော
၄၅။ လေးကျွန်းအမောင်ကြီး
၄၆။ မနောစကြာ
၄၇။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၄၈။ ကျောက်စိမ်းအမိန့်တော်




www.burmeseclassic.com

www.burmeseclassic.com

၃၄။ ငွေဓနာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နှတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူသားမောင်ဒဂါး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် တာနောယကွ
၄၀။ နတ်သမီးနဲ့ ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျွန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇိဝိုးရွှေလိုက်ဂူ
၅၀။ ရွှေမြစ်ငွေမြစ် ပစိန္နချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမထီဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သဇင်ဖြူ
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းစံ
၅၉။ မီးအိမ်ရှင်
၆၀။ ဂျမဒါမင်းထင်နှင့်သေမင်းနာရီစင်
၆၁။ ခေါင်းမင်းရာဇာ
၆၂။ မောင်နှံခုနစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနဲ့လနှစ်ပါးဆိုင်
၆၅။ ဂျမဒါမင်းထင်နှင့် သစ္စာတော်ခံ
၆၆။ ပြာသုံးကျော်
၆၇။ ယကျွည်ပနောင်
၆၈။ တံမြကြားမင်းခေါင်
၆၉။ နဝရတ်ကိုးသွယ်



၇၀။ လျှို့ဝှက်ကော်ဇာ
၇၁။ အောင်ပင်လယ်ရှာစား
၇၂။ လေးကျွန်းမောင်ကြီး
၇၃။ မနောစကြာ
၇၄။ ရလေလိုလေအိုတာရွှေ
၇၅။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၇၆။ မြေပြူရှင်မ
၇၇။ ကျောက်စိမ်းအုမိန့်တော်
၇၈။ လင်းနို့ဘုရင်
၇၉။ မြင်းရည်တက်သူရဲကောင်း
၈၀။ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်
၈၁။ ဆားပုလင်းမင်းအောင်နှင့် ရွှေကိုယ်ရံတော်
၈၂။ ရွှေနန်းတော်သို့သွားရာလမ်း
၈၃။ ရွှေလင်းယုန်
၈၄။ အသူတစ်ရာ
၈၅။ နေသူရိန်ကျောင်းတော်သား
၈၆။ မိုးလုံးပြည့်လျှံ
၈၇။ ကောင်းကင်နှင့် မြေကြီး
၈၈။ မဟာအောင်ချမ်းသာ
၈၉။ အမုန်းဝက်ပါ
၉၀။ တောင်တော်ရှင်မ
၉၁။ ဘောဂ ဗလ မငွေရ
၉၂။ ကြာပန်းမာလာ
၉၃။ ကိန္နရီမောင်နှံ
၉၄။ ပြည်ကြီးတံခွန်
၉၅။ ရဲမက်တော်
၉၆။ ရွှေဉာဏ်ရှင်
၉၇။ ဝဏ္ဏပဘာ
၉၈။ ရွှေဘုံစံငွေရံ
၉၉။ မြင့်မိုရ်တောင်တက်သမား
၁၀၀။ ရှင်မမယ်ဖြူ
၁၀၁။ ကမ္ဘာကျော်မောင်သာ
၁၀၂။ ရန်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com

၁၀၃။ စေတမန်လင်းယုန်
၁၀၄။ နှင်းငွေ့တစ်ထောင်
၁၀၅။ ပုလဲကေစီ
၁၀၆။ မြရတနာမိုး
၁၀၇။ ဆုတွေးပန်
၁၀၈။ သိမ်ရိုဒေဝီ
၁၀၉။ မြေလျှိုးမိုးပျံဘိုးရှာန်
၁၁၀။ မရှိခကာအရှင်
၁၁၁။ ဂန္ဓိရမျက်လုံးပိုင်ရှင်
၁၁၂။ ဆားပုလင်းမင်းအောင်နှင့် ထင်းရှူးမင်းသမီး
၁၁၃။ ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး
၁၁၄။ ပြည်လုံးချမ်းသာဂိုဏ်း
၁၁၅။ မိစ္ဆာ
၁၁၆။ ဆားပုလင်းမင်းအောင်နှင့် သစ်တော်သီးပုံပြင်
၁၁၇။ နတ်ဘုရားမျက်လုံး
၁၁၈။ တန္တေကျွန်း
၁၁၉။ သေမင်းမြို့
၁၂၀။ ကျွန်းပြန်ပတ္တမြား
၁၂၁။ သွေးဆာနေတဲ့တမျိုစင်
၁၂၂။ ချောက်ချောက်ချားချား
၁၂၃။ ဂျမဒါမင်းထင်နှင့် သေမင်းတမန်
၁၂၄။ မျက်နှာဖုံး
၁၂၅။ လိပ်ပြာ
၁၂၆။ ပုလဲပင်လယ်တော်
၁၂၇။ ဂျမဒါမင်းထင်နှင့် သုံးပွင့်ဆိုင်
၁၂၈။ ရေတွင်း
၁၂၉။ မြွေဟောက်

ယခုလထုတ်

၁၃၀။ ဂျမဒါမင်းထင်နှင့် စုန်းမ

**မင်းမြတ်သူရ၏ ခုတိယအကြိမ်ပြန်ထွက်ပြီးဇာတ်လမ်းများ**

၁။ ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ပန်းကိုးပွင့်ဒေဝီ
၃။ သူရိယဝဏ္ဏဂိုဏ်း
၄။ ပုလဲခင်
၅။ မနောသုခရွှေအိုး
၆။ ထမင်းဆီဆမ်းရွှေလင်ဗန်း
၇။ ခုနစ်စင်ကြယ်တား
၈။ နေမင်း၏သမီးတော်
၉။ လိုတရက်ကြီးရှင်
၁၀။ မိုးနတ်သူဇာရှာပုံတော်
၁၁။ မြွေမင်းသမီး
၁၂။ ပြည်တော်ပြန်

# မင်းမြတ်သူရ

# ဂျမဒါမင်းထင်နှင့် စုန်းမ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အစိုးရ ရှုထောင့်ကြွေးကြော်သံများ

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် မအူကုန်းဘက်သို့သွား၍ ချစ်တီးထမင်း စားသောက်ကြလေ၏။

ထိုသို့စားသောက်ရင်း ဂျမဒါမင်းထင်သည် ဆိုင်နံရံ၌ ကပ်ထားသော မြခွာညိုအငြိမ့်အဖွဲ့၏ ကြော်ငြာစာရွက်ကို ကြည့်ရှုကာ

“ ဒီနေ့ည ပုစွန်တောင် လိပ်ကန်ပန်းခြံမှာ မြခွာညို အငြိမ့်ကမယ် ဆိုပါလား၊ မြခွာညိုက အဆိုကောင်း အက ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးဗျ၊ ကျုပ်တို့ ဒီနေ့ည သွားကြည့်ကြရ အောင် ”

ဟု ပြောလေ၏။ ထိုအခါ အပျော်အပါးအလွန်မက် သော ကျွန်ုပ်က

“ ကျုပ်ကတော့ မြန်မာ့ညီညွတ် ရေ့ထွက်မင်းသမီးလေး စိန်ပိုးတီကို ပိုကြိုက်တယ်ဗျ၊ စိန်ပိုးတီက ရုပ်ချောသဘော ကောင်းတဲ့အပြင် ကိုယ်လုံးကိုယ်ပေါက်ကလည်း အသက်ရှူ မှားလောက်တယ်ဗျ ”

ဟု ချီးမွမ်းခန်းဖွင့်လိုက်ရာ ဂျမဒါမင်းထင်သည် ကျွန်ုပ် ၏စကားကို စောဒကမတက်ဘဲ ငြိမ်သက်သွားလေ၏။

ထိုနေ့ညသို့ရောက်သောအခါ ကျွန်ုပ်နှင့် ဂျမဒါမင်းထင် သည် အော်စတင်ကားနက်ကလေးကို မောင်း၍ ပုဇွန်တောင် လိပ်ကန်ပန်းခြံသို့ ထွက်ခဲ့လေ၏။

ထိုခေတ်က ပုဇွန်တောင်ပန်းခြံ၌ အငြိမ့်အဖွဲ့များ၊ အရုပ်





ပြပွဲများနှင့် မျက်လှည့်ပွဲ စသည့် ပျော်ပွဲရွှင်ပွဲများ ပြသလေ့ ရှိ၏။

ကျွန်ုပ်တို့သည် အော်စတင်ကားလေးကို ပန်းခြံတစ်ဖက် ၌ရပ်၍ အငြိမ့်ပွဲလက်မှတ်များကို ဝယ်ယူလေ၏။

ကျွန်ုပ်တို့ ပွဲခင်းထဲသို့ရောက်ပြီး များမကြာမီ အငြိမ့်ပွဲ ပြသ လေ၏။ ကျွန်ုပ်သည် ရေ့ထွက်မင်းသမီး စိန်ပိုးတီ၏ အကနှင့်အလှ များကို ငေးစိုက်ကြည့်ရင်း သဘောကျမဆုံး ဖြစ်နေလေ၏။

ကျွန်ုပ်၏အမူအရာကိုကြည့်၍ ဂျမဒါမင်းထင်က

“ ကိုယ့်လူကိုကြည့်ရတာ စိန်ပိုးတီကို အတော်သဘော ကျနေပုံရတယ်၊ စိန်ပိုးတီက ကျုပ်နဲ့ ရင်းနှီးပါတယ်၊ တစ်နေ့ ကြုံရင် ကိုယ့်လူနဲ့ စိန်ပိုးတီကို မိတ်ဆက်ပေးရမယ် ”

ဟု ပြောလေရာ ကျွန်ုပ်သည် အလွန်စိတ်အားတက်ကြွ သွားပြီး

“ ဂျမဒါက စိန်ပိုးတီနဲ့သိတယ် ဟုတ်လား၊ ကျုပ်နဲ့ ဒီနေ့ညပဲ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးပါဗျာ ”

ဟု တောင်းဆိုလေ၏။ ထိုအခါ ဂျမဒါမင်းထင်က ရယ်မော၍

“ ဒီလောက်လည်း အလျှင်မလိုပါနဲ့ဦးဗျာ၊ သူများ တကာ အလုပ်ချိန်မှာ အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ ”

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ဂျမဒါမင်းထင်ကို အတင်း အကျပ် မပူဆာတော့ဘဲ စိန့်ပီးတီ၏အလှအပများကိုသာ မျက်လုံး ကျွတ်မတတ် ရှုစားနေလေ၏။

ခဏကြာလျှင် ခေါင်းဆောင်မင်းသမီး မြခွာညို ထွက် လာပြီး အငြိမ့်သမ္ဘာအပြည့်ဖြင့် ကပြအသုံးတော်ခံလေ၏။

ကျွန်ုပ်သည် အလှအပကိုသာ ရှုစားလိုသူဖြစ်သဖြင့် မြခွာညို၏ အကပညာကို စိတ်ဝင်စားခြင်းမရှိချေ။

အတန်ကြာသောအခါ အငြိမ့်ပွဲအတွင်းသို့ ဌာနအုပ်





တစ်ဦးဦးဆောင်သော ပုလိပ်များရောက်ရှိလာပြီး အငြိမ့်စင် အနောက်သို့ ဝင်သွားကြောင်း တွေ့ရလေ၏။

ဂျမဒါမင်းထင်က ပုလိပ်များကိုကြည့်၍

“ အငြိမ့်အဖွဲ့မှာ ပြဿနာတစ်ခုရှိနေပုံရတယ်၊ အငြိမ့် ကြည့်နေတုန်း ဒီလူတွေရောက်လာတာ စိတ်ပျက်လိုက်တာဗျာ၊ ကျုပ်တို့ သွားတော့မယ် ”

ဟု ပြောလေရာ ကျွန်ုပ်က ဂျမဒါမင်းထင်ကို နားမလည် ဟန်ဖြင့်ကြည့်၍

“ ဘာဖြစ်လို့သွားရမှာလဲဗျ ”

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က မျက်မှောင် ကြုတ်၍

“ အငြိမ့်အဖွဲ့မှာ မှုခင်းတစ်ခုဖြစ်နေပုံရတယ်၊ ကျုပ်တို့ က အလွတ်စုံထောက်ဆိုတော့ မှုခင်းဖြစ်တဲ့နေရာမှာ ရှိတာ

စေတနာစာပေ

www.burmeseclassic.com

အကောင်းဆုံးပဲ ”

ဟု ဆိုကာ ပွဲခင်းထဲမှ ထွက်ခဲ့လေ၏။

အငြိမ့်စင်ပေါ်၌ လူရွှင်တော်သုံးယောက်က ပရိသတ်များကို ဖြေဖျော်နေဆဲ ဖြစ်၏။

ကျွန်ုပ်သည် ဂျမဒါမင်းထင်၏ကားရှိရာသို့ လျှောက်လှမ်းသွားပြီး

“ဂျမဒါ အေးအေးဆေးဆေးပဲ လိုက်စီးပါဗျာ၊ ကျုပ် မောင်းပါမယ်”

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်က ကားစက်ကိုနှိုး၍ ပွဲခင်းဘက်သို့ ငဲ့စောင်းကြည့်လိုက်ပြီး

“ စိန်ပိုးတီလေးကို ကြည့်လို့တောင် မဝသေးဘူးဗျ၊ ပုလိပ်တွေက အနှောင့်အယှက်သိပ်ပေးတာပဲ၊ ဂျမဒါမင်းထင် ပုလိပ်တွေကို သိသလား ”





ဟု မေးမြန်းလိုက်လေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ပုလိပ်တောင်ကဲ ဒုအုပ် ဦးဘကြိုင်ပါ၊ ကျုပ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ ”

ဟု ပြောလေ၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

“ အငြိမ့်အဖွဲ့မှာ ဘယ်လိုအမှုမျိုးဖြစ်သလဲမသိဘူးနော် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က

“ မကြာခင် ကျုပ်တို့သိရမှာပါ ”

ဟု ပြောလေ၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

“ ဘယ်လိုသိရမှာလဲ ဂျမဒါ ”

ဟု မေးမြန်းလိုက်၏။ သို့အခါ ဂျမဒါမင်းထင်က အနောက်ဘက်သို့ ငဲ့စောင်းကြည့်၍

“ စိန်ပိုးတီ... ပုန်းမနေပါနဲ့တော့၊ ခင်ဗျားအတွက် အန္တရာယ်မရှိတော့ပါဘူး ”

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ဂျမဒါမင်းထင်၏အမူအရာကြောင့် ကျွန်ုပ်သည် အံ့သြစွာဖြင့် ကားအနောက်ခန်းသို့ လှည့်ကြည့်လိုက်၏။

ထိုအခါ ကျွန်ုပ်တို့ကားအနောက်ခန်းမှ စိန်ပိုးတီဆိုသော မိန်းမလှလေး ထွက်လာလေ၏။ အငြိမ့်မင်းသမီး စိန်ပိုးတီသည် အဘယ်ကြောင့် ကားအနောက်ခန်းသို့ ရောက်ရှိနေသည် မသိချေ။

စိန်ပိုးတီဆိုသော မိန်းမလှလေးက ဂျမဒါမင်းထင်ကို ကြည့်၍

" ပိုးတီ ကားအနောက်ခန်းမှာ ပုန်းခိုနေတာ ဂျမဒါ ဘယ်လိုလုပ်သိသလဲဟင် "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ဒါမခက်ပါဘူးဗျာ၊ အငြိမ့်ကနေတုန်း ပွဲခင်းထဲကို ပုလိပ်တွေရောက်လာတယ်၊ ပုလိပ်တွေကို ခေါင်းဆောင် မင်းသမီးမြခွာညိုက ဆီးကြိုဧည့်ခံနေတာတွေ့ရတယ်၊ စိန်ပိုးတီကိုတော့ မတွေ့ရဘူး၊ ဒီကတည်းက စိန်ပိုးတီ မှုခင်းတစ်ခုဖြစ်ပြီလို့တွက်မိတယ်၊ ဒီထက်ပိုပြီး သေချာသွားတာက ကျုပ်ကားထဲကိုဝင်ချင်း မိန်းမတစ်ယောက်ရဲ့ပေါင်ဒါရနံ့ကိုရတယ်၊ စပယ်ပန်းရနံ့ ပေါင်ဒါကို စိန်ပိုးတီစွဲစွဲမြဲမြဲသုံးတာလည်း ကျုပ်မှတ်မိနေတယ်"

ဟု ပြောလိုက်ရာ စိန်ပိုးတီက သဘောကျဟန်ဖြင့် ရယ်မော၍

" ဂျမဒါ သိပ်တော်တာပဲ၊ ပွဲခင်းထဲကို ပုလိပ်တွေ ရောက်လာမယ်ဆိုတဲ့သတင်းကို ကျွန်မ ကြိုပြီးသိခဲ့တယ်၊ ဒါကြောင့် အချိန်မီလေး ထွက်လာနိုင်ခဲ့တယ်၊ လိပ်ကန်ပန်းခြံနဲ့ ခပ်လှမ်းလှမ်းကိုရောက်တော့ ဂျမဒါရဲ့ကားကို ကျွန်မ မှတ်မိလိုက်တယ်၊ ဒါကြောင့် ကားထဲမှာ တိတ်တိတ်လေး ပုန်းနေခဲ့တာပဲ "

ဟု ပြောလေ၏။ ကျွန်ုပ်သည် မိန်းမလှလေး စိန်ပိုးတီ၏ ချစ်စဖွယ်အသံလေးကို နားစိုက်ထောင်နေမိ၏။







www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်က သက်ပြင်းချ၍

" စိန်ပိုးတီမှာ ဘယ်လိုပြဿနာမျိုးတွေ ဖြစ်နေလို့လဲ"

ဟု မေးမြန်းလေ၏။ စိန်ပိုးတီက စိတ်ပျက်ဟန်ဖြင့်

" ကျွန်မတို့ တစ်ခုခုစားရင်း အေးအေးဆေးဆေး ပြောချင်တယ်၊ တစ်နေရာကိုမောင်းပါလား ဂျမဒါ "

ဟု ပြောလေ၏။

ထိုအခါ ဂျမဒါမင်းထင်က ပြည်လမ်းရှိ တရုတ်ဟိုတယ်တစ်ခုသို့ မောင်းလေ၏။ ဟိုတယ်သို့ရောက်သောအခါ စားသောက်ဖွယ်ရာများ မှာကြားပြီးနောက် စိန်ပိုးတီက

" ဂျမဒါ တရုတ်မောင်ကြိုင်ဆိုတဲ့ လူရှုပ်ကြီးကို သိတယ်မဟုတ်လား "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

" ပုဇွန်တောင် ညောင်တန်းမှာနေတဲ့ တရုတ်မောင်ကြိုင်





ကို ပြောတာမဟုတ်လား "

ဟု ပြောလေရာ စိန်ပိုးတီက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ သူခိုးလက်ခံလုပ်ပြီး ကြီးပွားနေတဲ့ မောင်ကြိုင်ကို ပြောတာပါ၊ ဒီလူကြီး လွန်ခဲ့တဲ့နေ့က အသတ်ခံရပြီး သေပြီရှင့်၊ သူသေတာ အကြောင်းမဟုတ်ဘူး၊ သူ့အိမ်ပြတင်းပေါက်မှာ ထင်ရှားတဲ့လက်ဝါးရာကြီးတစ်ခု ကျန်နေခဲ့တယ်၊ အဲဒီလက်ဝါးရာကြီးကို စီအိုင်ဒီက လက်ဗွေ ကျွမ်းကျင်သူတွေနဲ့ စစ်ဆေးကြည့်တော့ ကျွန်မရဲ့လက်ဝါးရာဖြစ်နေတယ်ဆိုပဲရှင် "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်က စိန်ပိုးတီကို ငဲ့စောင်းကြည့်၍

" စိန်ပိုးတီက တရုတ်မောင်ကြိုင်နဲ့ သိကျွမ်းလို့လား"

ဟု မေးမြန်းလေ၏။ စိန်ပိုးတီက ခေါင်းခါယမ်း၍

" သူခိုးလက်ခံလူကြီးနဲ့ ကျွန်မ ပတ်သက်စရာ အဲ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှမရှိပါဘူးရှင်၊ ဒါပေမဲ့ ဒီလူကြီးရဲ့မှန်ပြတင်းမှာ ကျွန်မရဲ့လက်ဝါးရာက ဘာကြောင့်ထင်ကျန်ရစ်တာလဲဆိုတာ မသိပါဘူးရှင် ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ ဒီသတင်းကို စိန်ပိုးတီ ဘယ်လိုသိတာလဲ ”

ဟု မေးမြန်းလေ၏။ စိန်ပိုးတီက ရယ်မော၍

“ ပုဇွန်တောင်ဂုတ်မှာ ကျွန်မကို အသေအလဲ ပိုးပန်းနေတဲ့ ပုလိပ်သားတစ်ယောက်ရှိတယ်ရှင့်၊ ဒါကြောင့် ကျွန်မကို ဒီနေ့ညနေ ပုလိပ်တွေက လာဖမ်းမယ်ဆိုတာတောင် ကြိုသိနေခဲ့တယ်၊ ကျွန်မ ဒီနေ့ညကမဲ့ပွဲကိုတောင် ဖျက်မယ် စိတ်ကူးထားသေးတယ်၊ ဒါပေမဲ့ ပရိသတ်ကို စော်ကားသလိုဖြစ်မှာ စိုးလို့ ကျွန်မ ကြိုးစားပြီး ကပြခဲ့တာပါ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က စိန်ပိုးတီကိုကြည့်၍





“ စိန်ပိုးတီရဲ့စကားက အမှန်ပဲဆိုရင်တော့ တရုတ် မောင်ကြိုင်သေတဲ့ကိစ္စမှာ စိန်ပိုးတီကို လူသတ်တရားခံအနေနဲ့ လုပ်ကြံချင်တဲ့သူရှိနေပြီ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဆက်လက်၍

“ စိန်ပိုးတီမှာ ရန်သူရှိသလား ”

ဟု မေးမြန်းလေ၏။ စိန်ပိုးတီက ခေါင်းခါယမ်းလေ၏။

ဂျမဒါမင်းထင်က စိန်ပိုးတီကိုကြည့်၍

“ စိန်ပိုးတီရဲ့အမှုကို ကျုပ် ကူညီဖြေရှင်းပေးမှ ဖြစ်တော့မယ် ”

ဟု ဆိုလိုက်၏။

ကျွန်ုပ်သည် ဂျမဒါမင်းထင်၏စကားကြောင့် ရင်ထဲတွင် ကြိတ်၍ ဝမ်းသာသွားလေ၏။ အငြိမ့်မင်းသမီးလေး စိန်ပိုးတီနှင့် ရင်းနှီးကျွမ်းဝင်မည့် အခွင့်အရေးရတော့မည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စိန်ပိုးတီက

" ဝမ်းသာလိုက်တာ ဂျမဒါရယ်၊ ဂျမဒါကို အားကိုးပါတယ်၊ ကျွန်မ အပြစ်မရှိဘဲ ထောင်နန်းမစံချင်ပါဘူး "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က စိန်ပိုးတီကို ကြည့်၍

" စိန်ပိုးတီ ဒီည ဘယ်ကိုသွားမယ် စိတ်ကူးသလဲ "

ဟု မေးမြန်းလေ၏။ စိန်ပိုးတီက

" မနက်မိုးလင်းရင် သံလျင်က အဒေါ်ဆီမှာ သွားရောင်ပုန်းမယ်လို့ စိတ်ကူးထားပါတယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

" ဒါဆိုရင် စိန်ပိုးတီ နောက်တစ်နေ့မှာ အဖမ်းခံရမှာပဲ၊ ပုလိပ်တွေက စိန်ပိုးတီအဒေါ်ရှိတဲ့အရပ်ကို စုံစမ်းပြီးလိုက်လာမှာပဲ "

ဟု ပြောလေ၏။ ထိုအခါ စိန်ပိုးတီက ထိတ်လန့်ဟန်ဖြင့်

" ဟင်... ဒါဆိုရင် ပိုးတီ ဘယ်လိုလုပ်ရမှာလဲ "





ဟု ရေရွတ်လေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" စိန်ပိုးတီ ကျုပ်နဲ့လိုက်ပြီး နေနိုင်ပါတယ်၊ ကျုပ်ရဲ့ အိမ်မှာ ကျုပ်နဲ့ကျုပ်မိတ်ဆွေ ကိုမိုးကောင်းတို့ နေထိုင်ကြတယ်၊ ကျုပ်မိတ်ဆွေ ကိုမိုးကောင်းက စိန်ပိုးတီရဲ့ပရိသတ်တစ်ယောက်ပေါ့ "

ဟု ပြောလိုက်ရာ စိန်ပိုးတီက ကျွန်ုပ်ကို အပြုံးနှင့် နှုတ်ဆက်လိုက်လေရာ ကျွန်ုပ်၏ရင်ထဲတွင် လှုပ်ခါသွားလေ၏။

စိန်ပိုးတီက ဆက်လက်၍

" ပိုးတီကို ပုလိပ်လက်ကလွတ်အောင် ကူညီပေးတာ ကျေးဇူးတင်ပါတယ် "

ဟု ပြောလေ၏။

ထိုအခါ ဂျမဒါမင်းထင်သည် တရုတ်တန်းအနီးရှိ ဆိုင်တစ်ဆိုင်သို့ဝင်ကာ စိန်ပိုးတီအတွက် လိုအပ်သော အမျိုးသမီးအသုံးအဆောင်အချို့ကို ဝယ်ယူစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့နေထိုင်ရာတိုက်ခန်းသို့ မင်းသမီး စိန်ပိုးတီကို ခေါ်ဆောင်လာလေ၏။





ကျွန်ုပ်တို့သည် စိန်ပိုးတီကို တိုက်ခန်းသို့ ခေါ်ဆောင်လာပြီးနောက် အခန်းလွတ်တစ်ခုၞ သူမကို နေထိုင်စေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ရန်ကုန်မြို့ထဲသို့ လမ်းလျှောက်ထွက်ခဲ့လေ၏။ ဂျမဒါမင်းထင်က

" ကိုယ့်လူ အင်မတန်ကြိုက်တဲ့ စိန်ပိုးတီတော့ ကျုပ်တို့အိမ်ပေါ်ကို ရောက်နေပြီ၊ စိန်ပိုးတီကို နယ်နယ်ရရထင်ပြီး သွားမစမ်းလိုက်နဲ့နော် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကျွန်ုပ်က ရယ်မော၍

" ဂျမဒါကလည်း ကျုပ်ရဲ့အကျင့်စာရိတ္တကို သိသားနဲ့၊ အထင်သေးလိုက်တာဗျ၊ ဂျမဒါ မျက်နှာပျက်အောင် ကျုပ် မလုပ်ပါဘူး "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

" ကျုပ်မျက်နှာပျက်တာ အရေးမကြီးဘူး၊ စိန်ပိုးတီက လှသလောက် ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ"

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်၏စကားကြောင့် ကျွန်ုပ်က လွန်စွာအံ့သြသွားပြီး

" ကြောက်စရာကောင်းတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲဗျ "

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က

" ကျုပ်နဲ့ စိန်ပိုးတီ သိကျွမ်းကာစက စိန်ပိုးတီ ထောင်





က ထွက်လာကာစဗျ၊ စိန်ပိုးတီဟာ လူသတ်မှုနဲ့ ထောင်ဒဏ် (၇)နှစ် ကျခဲ့တယ်၊ သူ့ကိုစော်ကားဖို့ကြိုးစားတဲ့ စက်သူဌေးသား တစ်ယောက်ကို ဓားနဲ့ထိုးသတ်ခဲ့တယ်၊ ထောင်ကလွတ်လာတဲ့ စိန်ပိုးတီဟာ အငြိမ့်လောကကို ပြန်ဝင်ဖို့ကြိုးစားရင်းနဲ့ သူ့ကို အထင် သေးတဲ့ အငြိမ့်ထောင်ဆရာတစ်ယောက်နဲ့ ပြဿနာဖြစ် သေးတယ်၊ ဒီကိစ္စကြောင့် ကျုပ်နဲ့ စိန်ပိုးတီ သိကျွမ်းခဲ့ရတာပဲ "

ဟု ပြောလေရာ ကျွန်ုပ်သည် မိန်းမလှလေး စိန်ပိုးတီကို ထိတ်လန့်သွားပြီး

"အမလေး… သူ့ကိုမစရဲတော့ဘူး၊ ဗိုက်ထဲမှာ ယားလာပြီ"

ဟု ရေရွတ်လိုက်လေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" စိန်ပိုးတီဟာ ဟောဟောဒိုင်းဒိုင်းလုပ်တတ်ပေမဲ့ မုသား တော့ မပြောတတ်ဘူးဗျ၊ ဒါကြောင့် သူ့စကားကို ယုံကြည်ပြီး ကူညီဖို့ ဆုံးဖြတ်လိုက်တာပဲ၊ မနက်ဖြန် ပုဇွန်တောင်ဂတ်က ဌာနချုပ်



www.burmeseclassic.com

ဦးဘကြိုင်နဲ့ ကျုပ်သွားတွေ့မယ် ”

ဟု ပြောလေ၏။ ကျွန်ုပ်က ဂျမဒါမင်းထင်၏မျက်နှာကို ကြည့်၍

“ စိန်ပိုးတီရဲ့လက်ရာက ဘာဖြစ်လို့ သေသူတရုတ် မောင်ကြိုင်ရဲ့ မှန်ပြတင်းမှာရှိနေတာလဲ၊ စိန်ပိုးတီကိုယ်တိုင် မောင်ကြိုင်နဲ့ ကင်းမှကင်းရဲ့လား ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

“ စိန်ပိုးတီဟာ ရှပ်ရှပ်ပွေပွေ မိန်းမ မဟုတ်ဘူးဗျ၊ သူ့စိတ်ဓာတ်ကို ကျုပ်သိတယ်၊ သူ့ကိုအထင်သေးပြီး စော်ကားလို့ မရဘူး ”

ဟု ပြောလေ၏။

ထို့နောက်တွင်မှ ကျွန်ုပ်တို့သည် တရုတ်တန်း၌ လက်ဖက်ရည်သောက်ပြီး အိမ်သို့ ပြန်လာခဲ့လေ၏။





စိန်ပိုးတီ၏အိပ်ခန်းတံခါး ပိတ်ထားသဖြင့် သူမ အိပ်ပျော်နေပုံရ၏။

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ စိန်ပိုးတီသည် အိပ်ရာမှ ဦးစွာထပြီး ကျွန်ုပ်တို့စားသောက်ရန် ထမင်းကြော်နှင့် ကြက်ဥကြော်လေ၏။

ကော်ဖီတစ်အိုးကိုလည်း အသင့်ဖျော်ထားလေ၏။ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် နံနက်စာစားပြီးနောက် ပုဇွန်တောင်ဂိတ်သို့ သွားကာ ဌာနအုပ်ဦးဘကြိုင်နှင့် သွားရောက်တွေ့ဆုံလေ၏။





ဦးဘကြိုင်သည် ဂျမဒါမင်းထင်ကိုမြင်သောအခါ ဝမ်းသာအားရ နှုတ်ဆက်လေ၏။

ဂျမဒါမင်းထင်က ဌာနအုပ် ဦးဘကြိုင်ကိုကြည့်၍

" အငြိမ့်မင်းသမီး စိန်ပိုးတီကို ဘာကြောင့်ဖမ်းဆီးဖို့ကြိုးစားရတာလဲ "

ဟု မေးမြန်းလေ၏။ ဌာနအုပ် ဦးဘကြိုင်က ဂျမဒါမင်းထင်ကို အံ့ဩဟန်ဖြင့်ကြည့်၍

" ဂျမဒါ တော်တော်လျင်တာပဲ၊ စိန်ပိုးတီအကြောင်းကို သိတာမြန်လိုက်တာ၊ စိန်ပိုးတီဟာ ရပ်ကလေးလှသလောက် အတော်ရက်စက်တာပဲ၊ လွန်ခဲ့တဲ့ရက်က တရုတ်လူရှုပ် မောင်ကြိုင်ကို သတ်သွားခဲ့တယ်၊ ထောင်ထဲကို ဒုတိယအကြိမ် ပြန်သွားရတော့မယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က



www.burmeseclassic.com

www.burmeseclassic.com



" စိန်ပိုးတီဟာ လူသတ်သမားဆိုတာ ဘယ်လို သက်သေပြမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဌာနအုပ် ဦးဘကြိုင်က ပိုင်နိုင်သော အမူအရာဖြင့်

" တရုတ်လူရှုပ်မောင်ကြိုင် အသတ်ခံရတယ်ဆိုတော့ ကျုပ်ကိုယ်တိုင်ဦးစီးပြီး မောင်ကြိုင်ရဲ့ ညောင်တန်းက အိမ်ကြီးကို သွားစစ်ဆေးခဲ့တယ်၊ ဒီအခါမှာ မောင်ကြိုင်ရဲ့ အိမ်ပြတင်းပေါက်မှန်မှာ လက်ဝါးရာကြီးတစ်ခုကို ထင်ထင်ရှားရှား တွေ့ရတယ်၊ ဒါကြောင့် အင်းစိန်ထောင်က လူဆိုးမှတ်တမ်းမှာ စစ်ဆေးကြည့်တော့ အငြိမ့်မင်းသမီး စိန်ပိုးတီရဲ့လက်ရာ ဖြစ်နေတယ်၊ စိန်ပိုးတီဟာ သွေးအေးအေးနဲ့သတ်သွားတာ ထင်ရှားပါတယ်၊ ဒါပေမဲ့ ဒီနေ့တော့ စိန်ပိုးတီ ပြေးလို့မလွတ်တော့ဘူး၊ ထောင်ထဲကို ဒုတိယအကြိမ် သွားရတော့မယ် "





ဟု ပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" လူရှုပ်မောင်ကြိုင်ရဲ့အိမ်မှာ တွေ့ရတဲ့ လက်ဝါးရာကို ကျုပ်ကြည့်ချင်တယ် "

ဟု ပြောလေ၏။ ထိုအခါ ဌာနအုပ် ဦးဘကြိုင်က

" အင်းစိန်ထောင်က လက်ဗွေမှတ်တမ်းက လက်ရာနဲ့ တစ်ထေရာတည်းပါပဲဗျာ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဌာနအုပ် ဦးဘကြိုင်ကို ကြည့်၍

" ဦးဘကြိုင် ကျုပ်ကို တစ်ခုကူညီပါ၊ အင်းစိန်ထောင်က ယူလာတဲ့ အစိုးရ လက်ဗွေမှတ်တမ်းကပုံကို ကျုပ်ကြည့်ချင်တယ်၊ နောက်ပြီးတော့ တရုတ်မောင်ကြိုင်ရဲ့မှန်ပြတင်းက လက်ရာကိုလည်း ကျုပ်လိုချင်တယ်၊ လက်ရာနှစ်ခုကို ပေါင်းပုံ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပြီး ကျုပ်နိုင်းယှဉ်ကြည့်ချင်လို့ပါ ”

ဟု ပြောလေ၏။ ဌာနအုပ် ဦးဘကြိုင်က ဂျမဒါမင်းထင်ကို အံ့ဩဟန်ဖြင့်ကြည့်၍

“ ဂျမဒါမင်းထင် ဒီအမှုနဲ့ပတ်သက်နေလို့လား၊ အငြိမ့်မင်းသမီး စိန်ပိုးတီဘက်က လုပ်ပေးမယ်ဆိုရင်တော့ အချိန်ကုန်တာပဲ အဖတ်တင်လိမ့်မယ်၊ အမှုက သိပ်ထင်ရှားနေတယ် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ဘာပဲဖြစ်ဖြစ် အင်းစိန်ထောင်က လက်ဗွေမှတ်တမ်း နဲ့ တရုတ်မောင်လှိုင်ရဲ့မှန်က လက်ဝါးရာကို ကြည့်ချင်တယ်ဗျာ၊ ဦးဘကြိုင် ကူညီပေးပါ ”

ဟု ပြောလေ၏။ ဌာနအုပ် ဦးဘကြိုင်က ဂျမဒါမင်းထင်ကို တားဆီး၍ မရတော့သဖြင့် စိတ်လျှော့လိုက်ပြီး

“ ဂျမဒါမင်းထင် ဒီလောက်တောင် စိတ်အားထက်သန်နေရင်လည်း ကျုပ်ကူညီပါ့မယ်၊ ကျုပ်မှာ လက်ဗွေနှစ်ခုကို ဓာတ်ပုံရိုက်ထားတာ ရှိပါတယ်၊ လိုလိုမယ်မယ် ဓာတ်ပုံပိုပြီး ရိုက်ထားတဲ့အတွက် ဂျမဒါမင်းထင်ကို ပေးလိုက်လို့ရပါတယ် ”

ဟု ဆိုကာ ဌာနအုပ် ဦးဘကြိုင်သည် ဂျမဒါမင်းထင်အား လက်ဗွေဓာတ်ပုံနှစ်ပုံကို ပေးလိုက်လေ၏။

ဦးဘကြိုင်က

“ ဒီအမှုနဲ့ပတ်သက်ပြီး ထူးခြားမှုရှိရင် ကျုပ်တို့ကို ပြောပါဦးဗျာ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“တရုတ်မောင်ကြိုင်ရဲ့အိမ်ကို ကျုပ်ကြည့်ချင်သေးတယ်”

ဟု ပြောလေရာ ဌာနအုပ် ဦးဘကြိုင်က

“ မနက်ဖြန် တရုတ်မောင်ကြိုင်ရဲ့အိမ်ကို သွားမယ်၊ ဂျမဒါမင်းထင် နံနက်စောစော ပုဇွန်တောင်ဂိတ်ကို လာခဲ့ပါ ”







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဂျမဒါမင်းထင်နှင့် ကျွန်ုပ်သည် ဌာနအုပ် ဦးဘကြိုင်ထံမှ ပြန်ခဲ့လေ၏။ အပြန်လမ်း၌ ကျွန်ုပ်က

" ဂျမဒါက ပုလိပ်တွေကို တော်တော်ပိုင်တယ်နော် "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ရယ်မော၍

" သူတို့လိုအပ်တဲ့အခါ ကျုပ်က အကူအညီတွေ အများကြီး ပေးခဲ့ဖူးတယ် "

ဟု ပြောလိုက်လေတော့၏။

ကျွန်ုပ်နှင့် ဂျမဒါမင်းထင် အိမ်သို့ပြန်ရောက်သောအခါ လမ်းခရီး၌ စိန်ပိုးတီ စားသောက်နိုင်ရန် ထမင်းနှင့် ဟင်းများကို ဝယ်ယူလာလေ၏။ အိမ်သို့ရောက်လျှင် စိန်ပိုးတီနှင့်အတူတူ နေ့လယ်စာ စားကြလေ၏။

" စိန်ပိုးတီရဲ့လက်ရာက တရုတ်မောင်ကြိုင်ရဲ့ မှန်ပြတင်းမှာ ကျန်ရစ်ခဲ့တယ်ဆိုတာ အမှန်ပဲ၊ ကျုပ် ဌာနအုပ် ဦးဘကြိုင်နဲ့





တွေ့ပြီးပြီ "

ဟု ပြောလိုက်ရာ စိန်ပိုးတီက မျက်နှာပျက်သွားပြီး

" ပိုးတီ တရုတ်မောင်ကြိုင်ရဲ့အိမ်ကို လုံးဝမသွားဘူး ဂျမဒါ၊ ဘာဖြစ်လို့ အဲဒီအိမ်ကမှန်မှာ ပိုးတီရဲ့လက်ရာကျန်ရစ်ရတာလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က စိုးရိမ်သောကဖြစ်နေသော စိန်ပိုးတီကို လက်ကာပြ၍

" ခေါင်းအေးအေးထားပါ၊ ဒီပြဿနာကို ကျုပ် ဖြေရှင်းပေးပါ့မယ်၊ လောလောဆယ် စိန်ပိုးတီရဲ့ လက်ရာကို ကျုပ် လိုချင်တယ် "

ဟု ဆိုကာ လက်ရာမှတ်တမ်းပြုလုပ်ရန် လက်ဗွေရာယူသော ကိရိယာများကို ယူလိုက်၏။

ထို့နောက် မှန်ချပ်တစ်ခုပေါ်တွင် မင်ရည်များကို သုတ်လိမ်း၍ စိန်ပိုးတီ၏ သွယ်ပြောင်းသော လက်လေးချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်ကိုယ်တိုင် ဆုပ်ကိုင်ကာ မှန်ချပ်ပေါ်၌ ဖိကပ်လိုက်၏။

ပြီးနောက် စက္ကူဖြူတစ်ရွက်ပေါ်တွင် စိန်ပိုးတီ၏လက်များကို ဖိကပ်လိုက်ရာ စက္ကူပေါ်တွင် သူမ၏ လက်လေးချောင်းရာကို ရရှိလေ၏။

ကျန်သော လက်မကြီးကို မင်သုတ်ထားသော မှန်ချပ်၌ ဖိကပ်ပြီး စက္ကူပေါ်တွင် ကူးယူပြန်၏။

ဤနည်းအတိုင်း ကျန်သော လက်ဝါးတစ်ဖက်ကိုလည်း လက်ဗွေရာများ ရယူလိုက်၏။

ပြီးနောက် ဂျမဒါမင်းထင်သည် ပထမအကြိမ်ကဲ့သို့ လက်လေးချောင်းတစ်ကြိမ် လက်မကြီးကိုတစ်ကြိမ် ရယူခြင်း မရှိဘဲ သူမ၏လှပသော လက်ချောင်းငါးချောင်းကို မင်တွင်နှိပ်၍ စက္ကူတွင် ပုံဖော်စေ၏။

ထိုသို့ လက်ဝါးနှစ်ဖက်စလုံးရယူပြီးသောအခါ ဂျမဒါမင်းထင်ထံ၌ စိန်ပိုးတီ၏လက်ဝါးရာ လေးခုရရှိလေ၏။ လက်ဝါးရာနှစ်ခုမှာ လက်ချောင်းလေးချောင်းကိုတစ်ကြိမ် လက်မကြီးကိုတစ်ကြိမ် နှိပ်ယူထားခြင်း ဖြစ်၏။





ကျန်သော လက်ဝါးရာနှစ်ခုမှာ လက်ချောင်းငါးချောင်းကို တစ်ကြိမ်တည်း မင်တွင်နှိပ်၍ စက္ကူပေါ်တွင် ကူးယူထားခြင်း ဖြစ်၏။

ဂျမဒါမင်းထင် လက်ဝါးရာယူထားသော စက္ကူလေးရွက်ပေါ်တွင် စိန်ပိုးတီ၏လက်မှတ်နှင့်နေ့စွဲကို ရေးထိုးစေ၏။ ပြီးနောက် စိန်ပိုးတီ၏လက်ဝါးရာ စက္ကူလေးရွက်ကို အံဆွဲထဲ၌ သိမ်းဆည်းလိုက်ပြီး

“ စိန်ပိုးတီမှာ အပြစ်မရှိဘူးဆိုတဲ့သက်သေတွေရပြီ၊ ကျုပ်အေးအေးဆေးဆေး လေ့လာကြည့်ရင် အဖြေထွက်လာမှာပါ ”

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းထင်သည် ခဏကြာလျှင် ကျွန်ုပ်နှင့် စိန်ပိုးတီကို စည့်ခန်း၌နေထိုင်စေပြီး ၄င်းတစ်ကိုယ်တည်း အလုပ်ခန်းထဲသို့ ဝင်သွားလေ၏။

ခဏကြာလျှင် ဂျမဒါမင်းထင်သည် အလုပ်ခန်းထဲမှ မှန်ဘီလူးနှင့် လက်ဝါးရာများကိုယူ၍ ပြန်ထွက်လာပြီး

" စိန်ပိုးတီရဲ့လက်ဝါးရာတွေကို မှန်ဘီလူးနဲ့ လှေလာကြည့်တော့ လက်ညှိုးနေရာမှာ အဖြူစင်းကြီးတစ်ခု ဖြစ်နေတယ်၊ စိန်ပိုးတီရဲ့လက်ညှိုးမှာ ဒဏ်ရာရှိမယ်ထင်တယ် "

ဟု ပြောလိုက်ရာ စိန်ပိုးတီက ခေါင်းညိတ်၍

" လွန်ခဲ့တဲ့နှစ်က သူငယ်ချင်းတွေနဲ့ နိဗ္ဗာန်ဈေးမှာ ဈေးရောင်းရင်း လက်ညှိုးကို ဓားထိသွားတာပါ ဂျမဒါ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ထောင်ကလွတ်ပြီး ၂ နှစ်အကြာမှာဖြစ်တဲ့ဒဏ်ရာပေါ့၊ ဟုတ်လား "

ဟု မေးမြန်းလေရာ စိန်ပိုးတီက

" ဟုတ်ကဲ့ "

ဟု ဖြေလေ၏။

ထိုနေ့ညနေသို့ရောက်သောအခါ ဂျမဒါမင်းထင်သည် ကျွန်ုပ်ကိုခေါ်ကာ အနီးအနားရှိ ကာကာဆိုင်၌ ထိုင်ကြ၏။ ကျွန်ုပ်က လက်ဖက်ရည်တစ်ငုံသောက်၍

" အမှုအခြေအနေ ဘယ်လိုလဲ ဂျမဒါ "

ဟု မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က

" စိန်ပိုးတီမှာ အပြစ်မရှိဘူးဗျ၊ သူ လွတ်မှာပါ "

ဟု ပြောလေ၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

" ဒါဆိုရင် ဘာဖြစ်လို့ တရုတ်မောင်ကြိုင်ရဲ့အိမ်က မှန်မှာ စိန်ပိုးတီရဲ့လက်ဗွေရာရှိနေသလဲ၊ အင်းစိန်က လက်ဗွေ ပါရ







www.burmeseclassic.com

www.burmeseclassic.com



ဒီလက်ရာဟာ စိန်ပိုးတီရဲ့လက်ရာလို့အတည်ပြုရင် သူ ဘယ်လိုလုပ်ပြီး လွတ်နိုင်မှာလဲ ’

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ခင်ဗျားပြောတာ မှန်တယ်၊ လက်ဖွဲ့အရာရှိရဲ့စကားဟာ ဥပဒေအရ အကျွမ်းဝင်တာ ကျုပ်လက်ခံတယ်၊ ဒါပေမဲ့ ဒီအမှုမှာ စိန်ပိုးတီအပြစ်မရှိဘူးလို့ ကျုပ်ယုံကြည်တယ်၊ သူ့ကို မလွတ်လွတ်အောင် လုပ်ရမှာပဲ ”

ဟု ပြောလိုက်လေတော့၏။





နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် ပုစွန်တောင်ဂိတ်သို့ အော်စတင်ကားလေးဖြင့် ထွက်ခဲ့လေ၏။

ပုစွန်တောင်ဘက်၌ ဌာနအုပ် ဦးဘကြိုင်နှင့်အတူ လူလတ်ပိုင်းအရွယ် လူတစ်ဦးကို တွေ့ရလေ၏။ ဌာနအုပ် ဦးဘကြိုင်ထိုသူနှင့်အတူ ကားပေါ်သို့တက်လာပြီး ကားပေါ်သို့ ရောက်လျှင် ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် အင်းစိန်ထောင်မှ လက်ဖွဲ့အရာရှိ အေးသိန်း ဆိုသူ ဖြစ်၏။ ကျွန်ုပ်တို့သည် လူသတ်မှုဖြစ်ပွားရာ ပုဇွန်တောင် ဈောင်တန်းရှိ တရုတ်သူဌေး မောင်ကြိုင်၏အိမ်သို့ သွားလေ၏။

တရုတ်လူရှုပ်မောင်ကြိုင်၏အိမ်မှာ ပုဇွန်တောင် ဈောင်တန်း၌ အခမ်းနားအထည်ဝါဆုံးဖြစ်၏။

လူရှုပ်မောင်ကြိုင်၏အိမ်ရှေ့၌ ပုလိပ်သားတစ်ဦး ကြိုတင်စောင့်ကြိုနေပြီး ကျွန်ုပ်တို့အား ခြံထဲသို့ ခေါ်ဆောင်သွားလေ၏။

ဌာနအုပ် ဦးဘကြိုင်သည် အိမ်ထဲသို့မဝင်သေးဘဲ အိမ်၏နံဘေးမှပတ်ကာ ပြတင်းပေါက်တစ်ခုအနီးသို့သွား၍

" ဟောဒီပြတင်းပေါက်ကမှန်မှာ စိန်ပိုးတီရဲ့လက်ဝါးရာကို တွေ့ရတာပဲ၊ လက်ရာပါတဲ့ မှန်ချပ်ကိုတော့ ပုလိပ်က ဖြုတ်ယူထားတယ် "

ဟု ပြောလေ၏။ ထိုပြတင်းပေါက်၌ မှန်တစ်ချပ် လစ်ဟာ





နေကြောင်းတွေ့ရ၏။

ဂျမဒါမင်းထင်သည် မှန်ပြတင်းပေါက်ကို သေချာစွာကြည့်ရှု၍

" အိမ်ထဲကို သွားကြမယ်ဗျာ "

ဟု ပြောလေ၏။

လူရှုပ်မောင်ကြိုင်၏အိမ်ထဲတွင် တန်ဖိုးကြီးသော အိမ်ထောင်ပရိဘောဂများနှင့် တန်ဆာဆင်ထားသော်လည်း တစ်အိမ်လုံးရှုပ်ပွနေကြောင်း တွေ့ရ၏။

ဂျမဒါမင်းထင်က ဧည့်ခန်းထဲရှိ စားပွဲတစ်လုံးကို မွှေနှောက်ရှာဖွေပြီး စာရင်းစာအုပ်ကြားထဲမှ စာရွက်တစ်ရွက်ကို ယူ၍ကြည့်လေ၏။

ပြီးနောက် ဌာနအုပ် ဦးဘကြိုင်လက်သို့ စာရွက်ကို ထည့်၍

" ဒါ အရေးပါတဲ့စာရွက်ပဲဗျ၊ ဦးဘကြိုင် ဖတ်ကြည့်ပြီးပြီလား "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေရာ ဦးဘကြိုင်က ခေါင်းခါယမ်း၍

" မဖတ်ရသေးဘူးဗျာ၊ တစ်အိမ်လုံးက သဲလွန်စတွေ ထက် ပြတင်းပေါက်က အငြိမ့်မင်းသမီးရဲ့ လက်ဝါးရာကိုပဲ အာရုံစိုက်နေမိတယ်၊ ကျုပ်စိတ်ကူးမှန်သွားတာပေါ့ဗျာ၊ အခုတော့တရားခံက စိန်ပိုးတီဆိုတာ ရှင်းနေပြီပဲ "

ဟု ပြောလေ၏။

ကျွန်ုပ်သည် ဌာနအုပ် ဦးဘကြိုင်လက်မှ စာကို လှမ်းကြည့်လိုက်ရာ စာရွက်စုတ်တစ်ရွက်၌ လွန်စွာညံ့ဖျင်းသော လက်ရေးဖြင့်ရေးသားထားကြောင်း တွေ့ရ၏။

စာကို ဖတ်ကြည့်လိုက်ရာ

" ဒီနေ့ည ၉ နာရီ ရောက်အောင်လာခဲ့မယ်
ချောကို တစ်ခါတည်း ပြတ်ပေးပါတော့ "

( S ) ၂-၂-၂၀





ဟူ၍ ဖြစ်လေ၏။

ထိုစာ၏အောက်ပိုင်း၌ ( S ) ဟူ၍ လက်မှတ်ရေးထိုးထား၏။ ဂျူမဒါမင်းထင်က

" တရုတ်လူရှုပ်မောင်ကြိုင်က တိတ်တိတ်ပုန်း သူခိုးလက်ခံလုပ်နေတယ်ဆိုတော့ သူ့ကို တရားမဝင်ပစ္စည်းရောင်းတဲ့လူက ချိန်းဆိုတာ ဖြစ်မယ်၊ စာမှာ နေ့စွဲပါတယ်ဗျ၊ နေ့စွဲ အရဆိုရင် လူရှုပ်မောင်ကြိုင်သေတဲ့နေ့ပဲ "

ဟု ပြောလေ၏။ ဌာနအုပ် ဦးဘကြိုင်က ခေါင်းညိတ်၍

" နေ့စွဲကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ လူရှုပ် မောင်ကြိုင်သေတာ သူခိုးပစ္စည်းရောင်းတဲ့သူနဲ့ မဆိုင်ဘူး၊ အငြိမ့်မင်းသမီးစိန်ပိုးတီရဲ့လက်ချက်ဆိုတာ လယ်ပြင်ဆင်သွားသလို ရှင်းနေပါတယ်ဗျာ၊ ကျုပ်ရဲ့ထင်မြင်ချက် ပိုပြီးတိကျ သေချာအောင် အင်းစိန်ထောင်က လက်ဖွေအရာရှိ ကိုအေးသိန်းကိုတောင် ဒီနေ့ မိတ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

''မကြာမီ တရားခံဘယ်သူဆိုတာ ရှင်းလင်းသွားပါလိမ့်မယ်၊ ဒါနဲ့ သေသူကိုတိုက်ခိုက်သွားတာ ဘယ်လိုလက်နက်နဲ့လဲ''

ဟု မေးမြန်းလေ၏။ ဌာနအုပ် ဦးဘကြိုင်က

'' ကြေးပန်းအိုးတစ်အိုးပါ၊ ပန်းအိုးမှာ သွေးတွေပေနေတာတွေ့ပါတယ် ''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က

'' ပန်းအိုးမှာ လက်ဗွေရာမတွေ့ဘူးလား ''

ဟု မေးမြန်းလေ၏။ ဌာနအုပ် ဦးဘကြိုင်က ခေါင်းခါယမ်း၍

'' ပန်းအိုးက လက်ဗွေရာက မသဲကွဲဘူး ဂျမဒါ၊ ဒါပေမဲ့ ပန်းအိုးက အဓိကမဟုတ်ပါဘူး၊ မှန်ပြတင်းကလက်ရာက တရားခံ





ဘယ်သူလဲဆိုတာ ထင်ရှားနေတာပဲ ''

ဟု ပြောလိုက်လေ၏။ ထိုအခါ ဂျမဒါမင်းထင်က ဦးဘကြိုင်၏မျက်နှာကို စူးစိုက်ကြည့်၍

'' ဒီမှာ ဦးဘကြိုင်၊ လူသတ်မှုတရားခံအစစ်အမှန်ကို ဖမ်းဆီးဖို့ဆိုတာ ခင်ဗျားတို့ပုလိပ်တွေသာမကဘူး၊ နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်၊ ကျုပ်က စုံထောက်တစ်ယောက်ဖြစ်တဲ့အတွက် ပိုပြီးတာဝန်ရှိတယ်၊ အငြိမ့်မင်းသမီး စိန်ပိုးတီဟာ တရားခံအစစ်အမှန်ဆိုရင် ဖမ်းဆီးဖို့သင့်တာပေါ့၊ ဒါပေမဲ့ စိန်ပိုးတီမှာ အပြစ်မရှိဘူးဆိုရင် ခင်ဗျားတို့ရဲ့ ဖမ်းဝရမ်းကို ပြန်ရုပ်သိမ်းပေးရမယ် ''

ဟု ပြောလိုက်ရာ ဌာနအုပ်ဦးဘကြိုင်သည် ဂျမဒါမင်းထင်၏မျက်နှာကို မယုံနိုင်ဟန်ဖြင့်

'' ဗျာ... စိန်ပိုးတီက လူသတ်မှုတရားခံမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဒီလောက်နိုင်လုံတဲ့လက်ဗွေရာကို ရထားတာတောင် ဂျမဒါမင်းထင်က စိန်ပိုးတိဘက်က ရပ်တည်နေပါလား၊ စိန်ပိုးတိဟာ အပြစ်မရှိဘူးဆိုရင် သူဖြေရှင်းရဲရမှာပေါ့၊ သူ ဘာလို့ တရားခံပြေးလုပ်နေသလဲ ”

ဟု ပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်က

“ စိန်ပိုးတိမှာ အပြစ်မရှိဘူးဆိုတာ ခင်ဗျားကို ကျုပ်သက်သေပြမယ် ”

ဟု ဆိုကာ အင်းစိန်ထောင်မှရရှိသော လက်ဗွေရာနှင့် တရုတ်မောင်ကြိုင်၏မှန်၌ ထင်ကျန်ရစ်သော လက်ဗွေရာနှစ်ခုကို နှိုင်းယှဉ်ကြည့်လေ၏။

ထိုအခါ တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော လက်ဗွေအရာရှိ အေးသိန်းက

“ ဒီလက်ဗွေရာနှစ်ခုကို ကျုပ်စစ်ဆေးပြီးပြီ၊ လက်ဗွေရာ





နှစ်ခုဟာ ခွဲလို့မရအောင် တစ်သဝေမတိမ်းတူညီတယ်၊ ကျုပ်လို လက်ဗွေအရာရှိထက်ပိုပြီး ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး ”

ဟု ပြောလေ၏။

လက်ဗွေအရာရှိ အေးသိန်းသည် ထိုစကားကို ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ပြောလိုက်လေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ လက်ဗွေအရာရှိဟာ လက်ဗွေအကြောင်း ကောင်းကောင်းသိပေမဲ့ ယုတ္တိရှိ မရှိတော့ စုံထောက်ထက်ပိုမသိနိုင်ဘူး၊ ခင်ဗျားကို ကျုပ်တစ်ခုမေးမယ်၊ လက်ဗွေယူတဲ့အခါမှာ လက်ငါးချောင်းစလုံး မင်မှာနှိပ်ပြီး တပြိုင်တည်းယူသလား၊ လက်လေးချောင်းတစ်ကြိမ်၊ လက်မကြီးကိုတစ်ကြိမ် နှိပ်ပြီးယူသလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ လက်ဗွေအရာရှိ ကိုအေးသိန်းက



www.burmeseclassic.com

www.burmeseclassic.com



" လက်လေးချောင်းတစ်ကြိမ်၊ လက်မကြီးကိုတစ်ကြိမ် နှိပ်ပြီးယူတာပေါ့၊ ဘာကြောင့်လဲဆိုတော့ လူရဲ့လက်ငါးချောင်း စလုံးကို တပြိုင်တည်းမင်မှာနှိပ်ပြီးယူရင် လက်မနေရာမှာ ရွေ စောင်းစောင်း ဖြစ်နေလိမ့်မယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ခင်ဗျားရဲ့စကားမှာ အဖြေပေါ်နေပြီ၊ ဒါဆိုရင် တရုတ် မောင်ကြိုင်ရဲ့မှန်ပေါ်မှာ ထင်ကျန်နေတဲ့ လက်ငါးရာက ဘာဖြစ်လို့ ရွေစောင်းစောင်းဖြစ်မနေရတာလဲ၊ လူသတ်သမားရဲ့ လက်ရာ အစစ်အမှန်ဆိုရင် မှန်တံခါးမှာ ထင်ကျန်နေတဲ့ လက်မနေရာဟာ ရွေစောင်းစောင်း ဖြစ်နေရမယ်၊ ဒါပေမဲ့ မှန်ပြတင်းမှာထင်နေတဲ့ လက်ငါးရာဟာ ရုံးမှာလက်ဗွေယူသလို လက်လေးချောင်းတစ်ကြိမ် လက်မတစ်ကြိမ်ယူတာ ဖြစ်နေတယ်၊ ဒါဟာ လုပ်ကြံမှုကြီးပဲဗျ၊ သဘာဝမကျဘူး "





ဟု ဆိုလိုက်ရာ လက်ဗွေအရာရှိ ကိုအေးသိန်းသည် ဂျမဒါ မင်းထင်၏စကားကို မငြင်းဆန်နိုင်ဘဲ ဝန်ခံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဌာနအုပ် ဦးဘကြိုင်က တရားခံကို တိတိကျကျ ဖော်ထုတ်ကာနီးမှ ဂျမဒါမင်းထင်ကြောင့် လွဲရမလိုဖြစ်နေသဖြင့် မကျေမချမ်းဖြစ်ကာ

" ဒီအချက်လေးတစ်ခုတည်းနဲ့ စိန်ပိုးတီမသတ်ဘူးလို့ သက်သေမပြနိုင်ပါဘူး "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ဦးဘကြိုင်ပြောတာ မှန်ပါတယ်၊ ကျုပ်ဘက်က ခိုင်လုံ





တဲ့ သက်သေအထောက်အထားတွေ ပြဦးမှာပါ "

ဟု ဆိုကာ စိန်ပိုးတီထံမှယူဆောင်ထားသော လက်ဝါးရာလေးချပ်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။

ဌာနအုပ် ဦးဘကြိုင်က ဂျမဒါမင်းထင်ယူဆောင်လာသော လက်ဝါးရာများကိုကြည့်၍ အံ့သြဟန်ဖြင့်

" ဒါ ဘယ်သူ့လက်ဝါးရာတွေလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

" စိန်ပိုးတီရဲ့ ယခုလက်ရှိလက်ဝါးရာတွေကို ကျုပ်နှိပ်ထားတာဗျ "

ဟု ပြောလိုက်ရာ ဦးဘကြိုင်သည် တစ်ခုံတစ်ရာကို သဘောပေါက်ဟန်ဖြင့်

" ကြော်... ကျုပ်သိပြီ၊ ဂျမဒါမင်းထင်ကို စိန်ပိုးတီက အမှုလိုက်ဖို့ ငှားလိုက်ပြီကိုး၊ ဒါကြောင့် စိန်ပိုးတီ မလွတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ထွက်ဆိုနေတာပေါ့၊ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးလို့ မရဘူး ဂျမဒါ ”

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

“ ခင်ဗျား ကျုပ်နဲ့ပေါင်းလာတာ ကြာပြီ၊ ကျုပ်စိတ်ဓာတ်ကို မသိသေးတာ အတော်ညံ့သေးတာပဲ၊ စိန်ပိုးတီမှာ အပြစ်ရှိရင် ကျုပ်ကိုယ်တိုင်ဖမ်းပေးမယ်ဗျာ၊ ဟောဒီမှာ စိန်ပိုးတီရဲ့ ယခုလက်ရှိ လက်ဗွေရာတွေကို လက်ဗွေအရာရှိ ကိုအေးသိန်းကို ကြည့်ခိုင်းလိုက်ပါ ”

ဟုပြောကာ လက်ဝါးရာနှစ်ရွက်ကို ဦးဘကြိုင်အား ကမ်းပေးလိုက်၏။ ဦးဘကြိုင်က ပိုင်နိုင်သော အမူအရာဖြင့်

“ ဂျမဒါရဲ့ လက်ဗွေရာတွေက စိန်ပိုးတီရဲ့ လက်ဗွေ အစစ်အမှန်ဆိုရင်တော့ ကျိန်းသေတူရမယ်ဗျာ ”

ဟု ပြောလေ၏။ လက်ဗွေအရာရှိ ကိုအေးသိန်းသည်



လက်ဗွေရာများကို သေချာစွာကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

“ တူတော့တူတယ်ဗျ၊ ဒါပေမဲ့ . . . ”

ဟု ဆိုလိုက်ရာ ဌာနအုပ် ဦးဘကြိုင်က

“ တူရမယ်လေ၊ ဒါကြောင့် ဒီကောင်မ ပြေးလို့မလွတ်ဘူးလို့ ကျုပ်ပြောတာပေါ့ ”

ဟု ဆိုလိုက်ရာ လက်ဗွေအရာရှိ အေးသိန်းက ခေါင်းခါယမ်း၍

“ ကျုပ်စကားမဆုံးသေးဘူးဗျ၊ တူတော့တူတယ်၊ ဒါပေမဲ့ မှန်ပေါ်က လက်ဗွေရာက စိန်ပိုးတီရဲ့လက်ရာ မဖြစ်နိုင်ဘူး ”

ဟု ပြောလိုက်၏။ အေးသိန်း၏စကားကြောင့် ဌာနအုပ် ဦးဘကြိုင်က နားမလည်ဟန်ဖြင့်

“ ခင်ဗျားက လက်ဗွေအရာရှိတစ်ယောက်ဖြစ်နေပြီး ဘာဖြစ်လို့ စကားကို နှစ်ခွန်းပြောရတာလဲ၊ လွန်ခဲ့တဲ့ရက်ကမှ

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေါ်ကလက်ရာနဲ့အင်းစိန်ထောင်က လက်ဗွေရာတူနေတယ်ဆို"

ဟု မေးမြန်းလေ၏။ လက်ဗွေအရာရှိ အေးဘိန်းက

" ဂျမဒါရဲ့လက်ဗွေရာတွေက နောက်ဆုံးနှိပ်ယူထားတဲ့ လက်ဗွေရာတွေဗျ။ စိန်ပိုးတီရဲ့လက်မှတ်နဲ့ နေ့စွဲတွေပါတယ်၊ စိန်ပိုးတီရဲ့ နောက်ဆုံးလက်ဗွေရာ လက်ညှိုးမှာ ဒဏ်ရာ ဒဏ်ချက် တစ်ခုလို အစင်းကြောင်းတစ်ခုတွေ့ရတယ်၊ မှန်ပေါ်က လက်ရာပေါ်မှာ အစင်းကြောင်းမတွေ့ရဘူး "

ဟု ပြောလေရာ ဌာနအုပ် ဦးဘကြိုင်သည် မျက်လုံးပြူး သွားပြီး

" ဒါကတော့ စိန်ပိုးတီဟာ လူသတ်မှုကျူးလွန်ပြီးမှ လက်ကို ဒဏ်ရာရအောင် ဖန်တီးပြီး လက်ဗွေရာပြောင်းအောင် လုပ်လို့ရတာပဲ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဦးဘကြိုင်ကို ကြည့်၍





" ကျုပ် သေသေချာချာ စစ်ဆေးပြီးပြီ၊ သူ့ရဲ့ဒဏ်ရာက အနည်းဆုံး တစ်နှစ်ကျော်လောက်က ဒဏ်ရာပဲ၊ ထောင်က ထွက်လာပြီးမှ ရတဲ့ဒဏ်ရာဗျ၊ ဦးဘကြိုင်… လူသတ်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်သောက သိပ်မထားပါနဲ့၊ တရားခံကို ကျုပ် မရရ အောင် ဖမ်းပေးမှာပါ "

ဟု ပြောလိုက်ရာ ဌာနပ် ဦးဘကြိုင်သည် ဂျမဒါမင်းထင် ကို မယုံဟန်ဖြင့်ကြည့်၍

" ဂျမဒါမှာ ဒီပြင်သဲလွန်စတွေရှိသေးလို့လား "

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ကျုပ်နောက်က လိုက်ခဲ့ကြပါ "

ဟု ဆိုကာ ဌာနအုပ် ဦးဘကြိုင်တို့ကို ဦးဆောင်၍ တရုတ် မောင်ကြိုင်၏ခြံဝန်းထဲသို့ ဆင်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ရောက်သောအခါ စိန်ပိုးတီ၏လက်ဝါးရာတွေ့ရ သည့်ဆိုသော ပြတင်းပေါက်ရှေ့တွင်ရပ်၍

" ဦးဘကြိုင်တို့ စိန်ပိုးတီရဲ့လက်ဝါးရာပါတဲ့ မှန်ချပ်ကို ဖြုတ်ယူတဲ့အခါ မှန်ချပ်ကို သန့်ရှင်းရေး ပြုလုပ်ခဲ့သလား"

ဟု မေးမြန်းလေ၏။ ဌာနအုပ် ဦးဘကြိုင်က ခေါင်းခါ ယမ်း၍

" သန့်ရှင်းရေးမလုပ်ပါဘူးဗျာ၊ဒီအတိုင်းယူလာခဲ့တာပါ "





ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ကောင်းပြီ၊ ဒါဆိုရင် ကျန်တဲ့ပြတင်းပေါက်မှန်တွေကို ကြည့်လိုက်စမ်း၊ ပြတင်းပေါက်မှန်တွေအားလုံး ညစ်ပတ် ပေကျံ နေတာကို တွေ့လိမ့်မယ်၊ စိန်ပိုးတီရဲ့လက်ဝါးရာပါတဲ့ မှန်ချပ်က တော့ ဖြူစင်သန့်ရှင်းနေတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် လူသတ် သမားဟာ မှန်ချပ်ကို သန့်ရှင်းပြီးမှ စိန်ပိုးတီရဲ့ လက်ဝါးရာထင် အောင် တမင်ပြုလုပ်ခဲ့တယ်လို့ ထင်ရှားတယ် "

ဟု ပြောရင်း ပေကြိုးဘူးကိုထုတ်ကာ လက်ဝါးရာထင် ကျန်နေသော မှန်ချပ်၏အမြင့်ကို တိုင်းလေ၏။

ပြီးနောက် ဂျမဒါမင်းထင်က

" စိန်ပိုးတီရဲ့အရပ်ဟာ မြန်မာမိန်းကလေးတစ်ယောက် အနေနဲ့ အတော်မြင့်တယ်လို့ ဆိုနိုင်တယ်၊ သူ့ရဲ့လက်ဝါးရာသာ မှန်မှာထင်ကျန်ရစ်မယ်ဆိုရင် ဒီထက်ပိုတဲ့အမြင့်ကဖြစ်လိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ သူ၏အိတ်ထဲမှ စိန်ပိုးတီ၏လက်ငါးချောင်းကို တပြိုင်တည်း မင်နှိပ်ထားသော စက္ကူနှစ်ရွက်ကို ထုတ်ပြလိုက်၏။

" မှန်ပေါ်မှာ စိန်ပိုးတီရဲ့လက်ဝါးရာ အစစ်အမှန် ကျန်ရစ်ခဲ့မယ်ဆိုရင် ဒီပုံစံအတိုင်း ကျန်ရစ်ခဲ့မှာပဲ လက်မ,နေရာကို သေသေချာချာကြည့်ရင် နည်းနည်း စွေစောင်းစောင်းဖြစ်နေတာ တွေ့ရမယ်၊ လူ့ရဲ့လက်ငါးချောင်းကို မင်နှိပ်ပြီးတော့ စက္ကူဖြူပေါ်မှာ တပြိုင်တည်းနှိပ်ကြည့်လိုက်ရင် လက်မနေရာမှာ စွေစောင်းစောင်းဖြစ်နေတယ်၊ ဒါကြောင့် လက်ဗွေပညာရှင်တွေက လက်ရာကိုယူရင် လက်လေးချောင်းကို တစ်ကြိမ်တည်း ယူပြီး လက်မတစ်ချောင်းတည်းကို တစ်ကြိမ်ထပ်ယူကြတယ်"

ဟု ပြောလိုက်ရာ ဌာနအုပ် ဦးဘကြိုင်က ခေါင်းတဆတ်ဆတ်ညိတ်၍





" ဂျမဒါရဲ့အထောက်အထားတွေက သဘာဝကျပါတယ်၊ ဒါပေမဲ့ ဒီအချက်လေးလောက်နဲ့ စိန်ပိုးတီကို တရားခံ မဟုတ်ဘူးလို့ မဆိုနိုင်ဘူးဗျ၊ လူသတ်သမားဟာ စိန်ပိုးတီရဲ့ လက်ရာကို ဘယ်လိုယူမှာလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ဒါက လွယ်ပါတယ်၊ စိန်ပိုးတီရဲ့လက်ဗွေရာကို အရင်ဆုံး ဓာတ်ပုံရိုက်ရမယ်၊ ဓာတ်ပုံရရင် ခဲနဲ့ လိုင်းဘလောက် လုပ်ယူရတယ်၊ လိုင်းဘလောက်ရရင် ရော်ဘာပေါ်ကို ကူးယူလို့ရတာပဲ၊ လက်ရာကောင်းကောင်းလုပ်မယ်ဆိုရင် တကယ့်လက်ဗွေရာအစစ်နဲ့ ခွဲခြားလို့မလွယ်ဘူး "

ဟု ပြောလိုက်ရ ဌာနအုပ် ဦးဘကြိုင်က

" ဒါဆိုရင်တော့ လူသတ်သမားက အင်မတန်လည်တဲ့ကောင်ပဲ၊ သူ့ကို ဘယ်လိုဖမ်းမှာလဲ "



www.burmeseclassic.com

ဟု ညည်းညူလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" တရားခံဟာ စနစ်တကျ ကြံစည်တတ်တဲ့လူဗျ၊ သူဟာ ဓာတ်ပုံကောင်းကောင်းရိုက်တတ်တယ်၊ လိုင်းဘလောက်လည်း လုပ်တတ်တယ်၊ အင်းစိန်ထောင်ထဲက လက်ဗွေမှတ်တမ်းကိုလည်း ကြည့်ရှုနိုင်ခွင့်ရှိတဲ့ လူတစ်ယောက်ပဲ၊ ဒါမှမဟုတ် ကြည့်ရှုနိုင်ခွင့်ရှိတဲ့ လူတစ်ယောက်နဲ့ အဆက်အသွယ် ရှိရမယ် "

ဟု ပြောလိုက်ရာ လက်ဗွေအရာရှိ အေးသိန်းက ခေါင်းခါယမ်း၍

" ခင်ဗျားပြောတာ မဖြစ်နိုင်ဘူး၊ ထောင်ထဲက လက်ဗွေမှတ်တမ်းကို ကြည့်ရှုနိုင်ခွင့်ရှိသူဟာ ကျုပ်ပဲ "

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ကောင်းပြီ၊ ဒီအမှုရဲ့တရားခံကို တစ်ရက် နှစ်ရက်





အတွင်း ကျုပ်ဖမ်းပေးမယ် "

ဟု ပြောလိုက်ရာ ဌာနအုပ် ဦးဘကြိုင်သည် ရင်ထဲရှိ အလုံးကြီးကျသွားဟန်ဖြင့်

" တကယ်လား ဂျမဒါမင်းထင်၊ ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျား တရားခံရဲ့သဲလွန်စကို ရထားပြီးပြီပေါ့ "

ဟု ဆိုလိုက်၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ကျုပ် သဲလွန်စလေးတစ်စကိုလိုက်နေတာ နည်းနည်းပဲ လိုတော့တယ်၊ တရားခံဖမ်းမိနေ့ရောက်ရင် ခင်ဗျားကို ဖုန်းဆက်လိုက်မယ်ဗျာ "

ဟု ပြောလိုက်၏။

ထို့နောက်တွင်မူ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် ဦးဘကြိုင်တို့နှင့် လမ်းခွဲပြီး အိမ်သို့ပြန်ခဲ့ကြလေ၏။

ထို့နောက်ပိုင်းအတွင်း ဂျမဒါမင်းထင်သည် ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မခေါ်ဘဲ အိမ်မှ တစ်ကိုယ်တည်း ထွက်သွားလေ၏။

ထိုအချိန်၌ ကျွန်ုပ်နှင့် စိန်ပိုးတီသည် စကားလက်ဆုံ ပြောမကုန်ဘဲ ရှိနေလေ၏။





နောက်တစ်နေ့သို့ရောက်သောအခါ ဂျမဒါမင်းထင်က စိန်ပိုးတီကိုခေါ်၍

“ ဒီနေ့ စိန်ပိုးတီရဲ့အမှုတရားခံကို ကျုပ်ဖမ်းဖို့ကြံစည်ထားတယ်၊ စိန်ပိုးတီ ဒီနေ့တစ်နေ့လုံး အခန်းတံခါးပိတ်ပြီးနေပါ၊ အပြင်မထွက်ပါနဲ့ ”

ဟု ပြောလိုက်လေ၏။ စိန်ပိုးတီက ဝမ်းသာအားရဖြင့်

“ အမလေး… ဝမ်းသာလိုက်တာရှင်၊ တရားခံဘဝက လွတ်တော့မယ် ”



www.burmeseclassic.com

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်မှာမူ မဆီမဆိုင် စိန်ပိုးတီနှင့် ခွဲရမလိုဖြစ်သဖြင့် ဝမ်းနည်းသလို ဖြစ်သွားမိလေ၏။

ဂျမဒါမင်းထင်သည် ပုဇွန်တောင်ဂတ်ရှိ ဌာနအုပ် ဦးဘကြိုင်ကို ဖုန်းဆက်၍ ခေါ်လိုက်၏။

ဦးဘကြိုင်သည် ခဏကြာလျှင် အိမ်သို့ ကမန်းကတန်း ရောက်လာပြီး ခြောက်လုံးပြူးသေနတ်ကိုထုတ်၍

" တရားခံ ဘယ်မှာလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က လက်ကာပြ၍

" အရင်မလိုပါနဲ့ဦးဗျာ၊ မကြာမီ တရားခံရောက်လာတော့မှာပါ၊ သူနဲ့စကားပြောပြီးရင် ဦးဘကြိုင် ဖမ်းလို့ရပြီ၊ သေနတ်ကို မလိုအပ်ဘဲ မသုံးပါနဲ့ဗျာ၊ သတိ ဝီရိယတော့ ထားဗျို့ "

ဟု ပြောလိုက်လေ၏။





ထိုအချိန်မှာပင် အခန်းတံခါးခေါက်သံ တဒေါက်ဒေါက် ကြားလိုက်ရလေ၏။ ဂျမဒါမင်းထင်က လက်ကာပြ၍

" ပြောရင်းဆိုရင်း တရားခံရောက်လာပြီ ထင်တယ်၊ ဦးဘကြိုင် ခန်းဆီးအနောက်မှာ ပုန်းနေဗျာ၊ ကိုမိုးအောင်လည်း ဦးဘကြိုင်နဲ့အတူ ပုန်းနေပါ "

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်နှင့် ဦးဘကြိုင်သည် ခန်းဆီးအနောက်၌ ပုန်းကွယ်နေလိုက်၏။

ဂျမဒါမင်းထင်က ထိုင်ရာမှထ၍ တံခါးဖွင့်လိုက်သော အခါ အရပ်ထောင်ထောင်မောင်းမောင်းရှိသော အသက် သုံးဆယ်ဝန်းကျင် လူတစ်ဦးသည် ဂျမဒါမင်းထင်၏အခန်းထဲသို့ ဝင်ရောက်လာ၏။

ထိုသူ၏တစ်ကိုယ်လုံး ဆေးမင်ကြောင်များ ထိုးနှံထားပြီး ဖျတ်လတ်သွက်လက်ပုံရ၏။ ထိုသူက ဂျမဒါမင်းထင်၏အရှေ့

www.burmeseclassic.com



တွင် ဝင်ထိုင်လိုက်ပြီး

" ကျုပ်နာမည် ဘလောက်ဆရာ ကိုစံမြပါ၊ သတင်းစာလုပ်ငန်းအတွက် ဘလောက်အပ်ချင်တယ်ဆိုလို့ လာခဲ့တာပါ"

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ သတင်းစာလုပ်ငန်းက အခုမှစလုပ်မှာပါ၊ ဒါကြောင့် ဘလောက်ဆရာ အလိုရှိလို့ ဆက်သွယ်လိုက်တာပါပဲ၊ ဒါပေမဲ့ လောလောဆယ် ကျုပ်လိုချင်တဲ့ဘလောက်က သတင်းစာလုပ်ငန်းနဲ့ မဆက်စပ်ပါဘူး၊ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ အသုံးပြုချင်လို့ပါ "

ဟု ပြောလိုက်၏။ ထိုအခါ ဘလောက်ဆရာ ကိုစံမြဆိုသူက မျက်မှောင်ကြုတ်၍

"ဘယ်လိုဘလောက်မျိုးကို လုပ်ချင်လို့လဲ၊ ပြောပါဦး"

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က





" ကျုပ်ရဲ့လက်ဝါးရာကို ဘလောက်ပုံစံလုပ်ချင်လို့ပါ"

ဟု ပြောလေရာ ဘလောက်ဆရာ ကိုစံမြက အံ့သြဟန်ဖြင့်

" ဒီလိုအလုပ်မျိုးကို ဒီတစ်ခါပဲ လက်ခံဖူးတယ်ဗျို့၊ ဒါပေမဲ့ ဘလောက်လုပ်ဖို့အတွက် ခင်ဗျားရဲ့လက်ဝါးကို မင်နဲ့ နှိပ်ပြီး စက္ကူမှာဖိရမယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" အသင့်ပါပဲဗျာ၊ ကျုပ်ဆီမှာ မင်လည်းရှိတယ်၊ စက္ကူဖြူလည်း ရှိပါတယ် "

ဟု ဆိုကာ ဗီရိုထဲမှာ မှန်တစ်ချပ်နှင့် မင်ဘူး၊ စက္ကူကို ထုတ်ယူလာ၏။

ထိုအခါ ဘလောက်ဆရာ ကိုစံမြက မှန်ချပ်ပေါ်မင်များကိုချ၍ တလိမ့်ဖြင့် လိမ့်လိုက်၏။



www.burmeseclassic.com

ထိုအခါ မှန်ချပ်ပေါ်တွင် မင်များ ညီညီညာညာ ဖြစ်သွားလေ၏။ ပြီးမှ ဂျူမဒါမင်းထင်၏ လက်လေးချောင်းကိုယူ၍ မှန်ချပ်ပေါ်တွင် နှိပ်ယူလေ၏။

ပြီးနောက် လက်မကိုတစ်ကြိမ် သီးသန့် နှိပ်ယူပြန်၏။ ဂျူမဒါမင်းထင်က ဘလောက်ဆရာ ကိုစံမြ၏အပြုအမူကို ကြည့်၍

" လက်လေးချောင်းကိုတစ်ကြိမ်၊ လက်မကိုတစ်ကြိမ် ယူတာ အလုပ်ရှုပ်လိုက်တာဗျာ၊ လက်ငါးချောင်းကို တစ်ကြိမ်တည်း မင်မှာနှိပ်လို့မရဘူးလား "

ဟု မေးမြန်းလိုက်ရာ ဘလောက်ဆရာ ကိုစံမြက

" မရဘူးဗျ၊ လက်ငါးချောင်းကို တပြိုင်တည်းနှိပ်ရင် လက်မ,နေရာမှာ အတည့်မဖြစ်ဘဲ စွေစောင်းစောင်းဖြစ်နေလိမ့်မယ်၊ ဒါကြောင့် ခွဲခြားပြီးနှိပ်ရတာ "

ဟု ရှင်းလင်းပြလေ၏။ ဂျူမဒါမင်းထင်က ဘလောက်ဆရာ ကိုစံမြကိုကြည့်၍

" သြော်... ဒါကြောင့်ကိုး၊ ခင်ဗျား လက်ဗွေယူတာ အတော်ကျွမ်းတယ်နော် "

ဟု ပြောလေ၏။ ဘလောက်ဆရာ ကိုစံမြက ဂုဏ်ယူဟန်ဖြင့်

" ကျွမ်းဆိုရင် ကျုပ်က အရင်တုန်း အင်းစိန်ထောင်မှာ ထောင်စာရေးလုပ်ခဲ့တာဗျ၊ လက်ဗွေယူတဲ့အလုပ်ကို ကျုပ် ကူညီပြီး လုပ်ပေးခဲ့ဖူးတယ်၊ ဒါနဲ့ ခင်ဗျားလက်ဗွေကို ဘလောက်လုပ်တဲ့အခါ ခဲဘလောက်ပဲ လုပ်မှာပေါ့ "

ဟု မေးမြန်းလိုက်၏။ ဂျူမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ခဲဘလောက်မလိုချင်ဘူးဗျာ၊ ရာဘာဘလောက်ပဲ လိုချင်တယ်၊ တရုတ်လူရှုပ်မောင်ကြိုင်ရဲ့အိမ်ကမှန်မှာ နှိပ်ခဲ့တဲ့





www.burmeseclassic.com www.burmeseclassic.com

www.burmeseclassic.com



ရာဘာဘာလောက်မျိုးလေ ”

ဟု ပြောလိုက်ရာ ကိုစံမြသည် ဂျမဒါမင်းထင်ကို အံ့သြ ဟန်ဖြင့်ကြည့်၍ မျက်နှာကွက်ခနဲပျက်သွားပြီး

“ ဘာ… ဘာပြောတယ်၊ ခင်ဗျား ကျုပ်ကို ဘာပြော လိုက်တာလဲ ”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ကိုစံမြကိုကြည့်၍

“ စိန်ပိုးတီရဲ့လက်ဝါးရာကို ရာဘာဘာလောက်လုပ်ပြီး မှန်မှာနှိပ်ခဲ့တာကို ပြောတာပဲ ”

ဟု ပြောလေ၏။

ဂျမဒါမင်းထင်၏စကားကြောင့် ကိုစံမြဆိုသူသည် သူ၏ အန္တရာယ်ကို ရိပ်စားမိသွားပြီး ကုတ်အင်္ကျီအောက်မှ ဓားမြှောင် ကိုထုတ်၍ ဂျမဒါမင်းထင်ကို ထိုးလိုက်၏။

ဂျမဒါမင်းထင်သည် ကိုစံမြ၏ဓားကိုင်လက်ကို ချုပ်ကိုင်





၍ လိမ်ချိုးလိုက်ရာ ဓားသည် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား လေ၏။

ဂျမဒါမင်းထင်သည် ကိုစံမြ၏လက်ကို လျှင်မြန်စွာ လက် ထိတ်ခတ်လိုက်၏။ ထိုအခါ ကျွန်ုပ်နှင့် ဌာနအုပ် ဦးဘကြိုင်သည် ပုန်းခိုနေရာမှ ထွက်လာပြီး ကိုစံမြကို ဝိုင်းဝန်းဖမ်းဆီးလိုက်လေ၏။

ဂျမဒါမင်းထင်က ကိုစံမြကိုကြည့်၍

“ ခင်ဗျား ဘာဖြစ်လို့ တရုတ်လူရှုပ်မောင်ကြိုင်ကို သတ် လိုက်တာလဲ ”

ဟု မေးမြန်းလေ၏။ ကိုစံမြက အံကိုကြိတ်၍

“ ဒီလူက ကျုပ်တို့အပေါ် လူလည်ကျလွန်းတယ်၊ သူက သူခိုးလက်ခံအလုပ်လုပ်ပြီး ကြီးပွားရုံမကဘူး၊ ကျုပ်တို့အပေါ်မှာ ခေါင်းပုံဖြတ်လွန်းတယ်၊ ကျုပ်တို့ရောင်းတဲ့ပစ္စည်းတွေကို ဈေး နှိမ်ရုံမကဘူး၊ ပိုက်ဆံကိုမပေးဘဲ နေ့ရွှေ့ ညရွှေ့ လုပ်ထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မရမကတောင်းတဲ့အခါ ပုလိပ်လက်အပ်လိုက်မယ်လို့ ခြိမ်းခြောက်တယ်၊ လွန်ခဲ့တဲ့လကတည်းက ကျုပ်ကို ပေးမဲ့ငွေကို မပေးဘူး၊ လှည့်ပတ်ထားခဲ့တယ်၊ အဲဒီနေ့က သူနဲ့ တွေ့ဖို့ စာရေးပြီး ချိန်းခဲ့တယ်၊ ကျုပ်ရဲ့ငွေတွေမရရင်လည်း သူ့ကို တပြိုင်တည်း အပြတ်ရှင်းဖို့ဆုံးဖြတ်ပြီး သွားခဲ့တယ်၊ ဟိုရောက်တော့ ကျုပ်ငွေကိုမပေးဘဲအပြင် ပုလိပ်လက်အပ်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒါကြောင့် သူ့ခေါင်းကို ပန်းအိုးနဲ့ရိုက်ပြီး ဆုံးမခဲ့တာပဲ ”

ဟု မုန်းတီးနာကြည်းဟန်ဖြင့် ပြောဆိုလေ၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ လူရုပ်မောင်ကြိုင်ကိုသတ်ပြီးတော့ စိန်ပိုးတီကို ဘာဖြစ်လို့ တရားခံဖြစ်အောင် ချောက်ချရတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ကိုစံမြက အံကိုကြိတ်၍

“ ဒီကောင်မက ကျုပ်အပေါ် လူပါးဝလွန်းလို့ပါ၊ သူ့ကို





မေတ္တာရှိလွန်းလို့ ကျုပ်ဘက်က မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ဖို့ ကြိုးစားခဲ့တယ်၊ သူက ကျုပ်ကို မတူမတန်သလို ဆက်ဆံပြီး ကန်တော်ကြီးစောင်းမှာ တစ်ကြိမ်ပါးရိုက်ခဲ့တယ်၊ သူ့ကိုချစ်လွန်းလို့ ကျုပ် သည်းခံခဲ့တယ်၊ ဒါပေမဲ့ ပုဖွန်တောင်က မျက်နှာကြီးအလှူပွဲကြီးတစ်ခုမှာ ကျုပ်မျက်နှာကို စားလက်စ မုန့်ဟင်းခါးပန်းကန်နဲ့ ကောက်ပေါက်တော့ ကျုပ် သည်းမခံနိုင်တော့ဘူး၊ ဒါကြောင့် သူ့ကို လူသတ်မှုတရားခံ အဖြစ် ချောက်ချအောင် လုပ်ခဲ့ရတာပဲ ”

ဟု ပြောလေ၏။ ဋ္ဌာနအုပ် ဦးဘကြိုင်က ဝင်ရောက်၍

“ စိန်ပိုးတီရဲ့ လက်ဝါးရာကို ဘယ်ကရခဲ့တာလဲ ”

ဟု မေးမြန်းလေ၏။ ကိုစံမြက အံကိုကြိတ်၍

“ ကျုပ် အင်းစိန်ထောင်မှာ ထောင်စာရေးလုပ်တုန်းက စိန်ပိုးတီက လူသတ်မှုနဲ့ ထောင်ကျနေတယ်၊ သူ ထောင်က လွတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ဝါးရာယူတဲ့နေရာမှာ ကူညီပေးခဲ့ရတယ်၊ အဲဒီတုန်းက ဘာရည်ရွယ်ချက်မှမရှိဘဲ သူ့ကို မေတ္တာရှိနေတာနဲ့ သူ့လက်ဝါးရာကို သိမ်းဆည်းထားခဲ့တယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

'' စိန်ပိုးတီရဲ့လက်ဝါးရာကို ထောင်ထဲကနေ ဘယ်လိုထုတ်ခဲ့သလဲ ''

ဟု မေးမြန်းလေ၏။ ကိုစံမြက

'' ထောင်ထဲမှာ လက်ဝါးရာယူထားတဲ့စာရွက်တွေ ပျက်စီးချင်သလို ဖြစ်နေတာနဲ့ ဓာတ်ပုံရိုက်ပြီး သိမ်းဆည်းခဲ့ရတယ်၊ အဲဒီတုန်းက စိန်ပိုးတီရဲ့လက်ဝါးရာကို ဓာတ်ပုံရိုက်ပြီး ထောင်အပြင်ကို ထုတ်ခဲ့ရတာပဲ ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဌာနအုပ် ဦးဘကြိုင်က ဂျမဒါမင်းထင်





ကို ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောဆို၍ လူသတ်မှု တရားခံ ကိုစံမြကို ဖမ်းဆီးခေါ်ဆောင်သွားလေ၏။

ထိုအခါမှပင် အခန်းအပြင်သို့ စိန်ပိုးတီ ထွက်ပေါ်လာပြီး

'' ကျွန်မကို ရန်ငြိုးဖွဲ့ပြီး လုပ်ကြံတာ ဘယ်သူများလဲမှတ်တယ်၊ ကိုစံမြပါလား ''

ဟု ရေရွတ်လေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' လူတွေဟာ အရက်သိက္ခာနဲ့ပတ်သက်လာရင် ရန်ငြိုးရန်စ ထားတတ်တယ်ဆိုတာ သင်ခန်းစာယူစရာပဲပေါ့ ''

ဟု ဆိုလိုက်ရာ စိန်ပိုးတီက ခေါင်းညိတ်၍

'' အဟုတ်ပါပဲရှင်၊ သူ ဒီလို ကျွန်မကို ရက်ရက် စက်စက်လုပ်လိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့ဘူး၊ နောက်ဆိုရင် လူတွေကို သတိထားရမယ် ''

ဟု ပြောလေ၏။ စိန်ပိုးတီက ဂျမဒါမင်းထင်ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို ကာကွယ်ပေးတဲ့ အတွက် ဂျမဒါကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါနဲ့ ဂျမဒါက သူ့ကို ဘယ်လိုများ ခြေရာကောက်မိတာလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

" ဒီအမှုမှာ အမှုမှန်ပေါ်ခဲ့တာဟာ ဌာနအုပ် ဦးဘကြိုင် မကြည့်ခဲ့တဲ့စာတစ်စောင်ကလို့ ပြောရမယ်၊ လူသတ်မှုဖြစ်တဲ့ နေ့က တရုတ်မောင်ကြိုင်ဆီကို စာတစ်စောင်ရောက်ခဲ့တယ် လေ၊ ဒီစာကို လူရှုပ်မောင်ကြိုင်ရဲ့ စာရင်းစာအုပ်ကြားထဲမှာ တွေ့ခဲ့တာဗျ၊ စာထဲမှာ *(S)* လို့ အင်္ဂလိပ်လို အတိုကောက် ရေးထားတာဗျ "

ဟု ပြောလေရာ ကျွန်ုပ်က စိတ်ဝင်စားစွာဖြင့်

" စာရဲ့အောက်ခြေမှာ *(S)* လို့ လက်မှတ်ထိုးထားတာ ကျွန်ုပ်လည်း တွေ့ပါတယ်၊ ဒါနဲ့ ဘယ်လိုများ သဲလွန်စကောက် ယူတာလဲ "





ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ဌာနအုပ် ဦးဘကြိုင်ဆီကရတဲ့ လက်ဖွဲ့မှတ်တမ်း စာရွက် ကြောင့်ဗျ၊ ဌာနအုပ် ဦးဘကြိုင်က အင်းစိန်ထောင်ရဲ့ လက်ဖွဲ့ မှတ်တမ်းစာရွက်ကို ကျုပ်ကိုပေးတယ်၊ ကိုစံမြဟာ အင်းစိန်ထောင် မှာ ထောင်စာရေးလုပ်ပြီး စိန်ပိုးတို့ရဲ့ လက်ဖွဲ့ရာ ကို ရယူခဲ့ရတယ်၊ လက်ဖွဲ့မှတ်တမ်းရဲ့အောက်ဆုံးမှာ *(S)* လို့ လက်မှတ်ထိုးထား တယ်ဗျ၊ ကျုပ်က လက်ဖွဲ့မှတ်တမ်းရဲ့ အောက်က *(S)* နဲ့ တရုတ် မောင်ကြိုင်ဆီကို ပေးပို့တဲ့ လက်မှတ် *(S)* ကို မှန်ဘီလူးနဲ့ သေသေ ချာချာကြည့်တဲ့အခါ လူတစ်ယောက်တည်း ရေးထိုးထားတာ ပေါ်လွင်နေတယ်၊ ဒါဟာ တရားခံဟာ ကိုစံမြဆိုတာ ပေါ်လွင်နေ တယ်၊ ပိုပြီးထင်ရှားသွားတာက အင်းစိန်ထောင်က ထောင်စာရေး ကိုစံမြဟာ စာရေး အလုပ်ကထွက်ပြီး ဘလောက်လုပ်ငန်း လုပ်ကိုင် နေတယ်ဆိုတာ စုံစမ်းသိရှိရတယ်၊ဒါကြောင့်ကိုစံမြရဲ့ဘလောက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသွားပြီး အလုပ်အစ်မယ်ဆိုပြီး ဒီအိမ်မှာခိုနန်းလိုက်တာပဲဗျို့ ''

ဟု ပြောလိုက်ရာ ကျွန်ုပ်က စိတ်အားတက်ကြွစွာဖြင့် ခေါင်းညိတ်၍

'' ဂျမဒါရှင်းပြတော့လည်း ရှင်းရှင်းလေးပါလား၊ ကျုပ်တို့သာဆိုရင် ဒီအမှုရဲ့တရားခံကို ဖမ်းမိမှာမဟုတ်ဘူး၊ နောက်ဆုံးတော့ စိန်ပိုးတီ အပြစ်မရှိဘဲ ထောင်နန်းစံရမှာ သေချာတယ်''

ဟု ပြောလိုက်၏။ အငြိမ့်မင်းသမီး စိန်ပိုးတီကလည်း အားတက်သရေဖြင့်

'' အဟုတ်ပါပဲရှင်၊ ဂျမဒါသာမကယ်ရင် ကျွန်မ ထောင်နန်းစံရမှာ သေချာတယ်၊ ထောင်ကျရင်တော့ အငြိမ့်လည်း ကလို့ရမှာမဟုတ်တော့ဘူး၊ သွားပါပြီ၊ ဂျမဒါရဲ့ကျေးဇူးကို ကျွန်မ တစ်သက်မမေ့ပါဘူး၊ ကျွန်မဘယ်လိုကျေးဇူးဆပ်ရမလဲဟင် ''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က စိန်ပိုးတီ၏ ပြိတ်တိ





မျက်နှာကိုမကြည့်ဘဲ

'' ဘယ်လိုမှ ကျေးဇူးဆပ်စရာမလိုပါဘူး မယ်မင်းကြီးမရယ်၊ နောက်ဆိုရင် ယောကျ်ားတွေနဲ့ဆက်ဆံရင် သတိထားပြီးဆက်ဆံပေတော့၊ စိတ်လိုက်မာန်ပါလုပ်တဲ့အကျင့်ကို ရှောင်ပါ၊ ကိုယ့်ကိုအမှန်တကယ် မေတ္တာရှိတဲ့သူနဲ့တွေ့ရင်လက်ထပ်လိုက်ပါ''

ဟု အကြံပေးလေရာ ကျွန်ုပ်သည် ရင်ထဲတွင် လှပ်ခနဲ ခုန်ပြီး စိန်ပိုးတီ၏မျက်နှာကို မျှော်လင့်ချက်ကြီးစွာဖြင့် လှမ်းမျှော်ကြည့်လိုက်၏။

သို့သော် စိန်ပိုးတီက သူမ၏လှပသော မျက်နှာလေးကို ငုံ့ထားလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ စိန်ပိုးတီသည် ဓာတ်ဆရာအိမ်သို့ ဖုန်းဆက်ပြီး သူမကို လာခေါ်နိုင်းလေ၏။ ခဏကြာလျှင် ဓာတ်ဆရာရောက်လာသောအခါ ဂျမဒါမင်းထင်ကို နှုတ်ဆက်၍ ကျွန်ုပ်ဘက်သို့လှည့်ကာ

" အတူတူနေတုန်းမှာ နှမလေးတစ်ယောက်လို စောင့်ရှောက်တာ ကျေးဇူးတင်ပါတယ်၊ စိန်ပိုးတီကတဲ့ပွဲကို အစ်ကိုလာအားပေးဦးနော် "

ဟု ပြောပြီး ဓာတ်ဆရာနောက်သို့ လိုက်ပါသွားလေ၏။





ကျွန်ုပ်သည် စိန်ပိုးတီ၏နောက်ကျောကိုကြည့်၍ ရင်ထဲတွင် လစ်ဟာသွားသကဲ့သို့ ခံစားလိုက်ရလေ၏။

ကျွန်ုပ်၏အဖြစ်ကိုကြည့်၍ ဂျမဒါမင်းထင်

" စိန်ပိုးတီနဲ့ ခင်ဗျားက မျဉ်းပြိုင်တစ်ခုတည်းမှာ ရှိနေတယ်၊ ဘယ်တော့မှမဆုံနိုင်တော့ဘူး၊ ဒါကြောင့် သူ့ကို အာရုံထဲက ထုတ်လိုက်ပါ၊ ကျုပ်တို့ အမှုပါးတုန်း တရုတ်တန်းမှာ တစ်ခုခုသွားစားရင်း ဘီယာသောက်ကြရအောင် "

ဟု ပြောလေရာ ကျွန်ုပ်လည်း စိန်ပိုးတီကို မေ့ပျောက်၍ ဂျမဒါမင်းထင်၏ အနောက်သို့ လိုက်ခဲ့လေ၏။

ဂျမဒါမင်းထင်သည် တံခါးဝ၌ စာကပ်ထားလိုက်ပြီး နောက် တရုတ်တန်းသို့ ထွက်ခဲ့လေ၏။ တရုတ်တန်းသို့ရောက်သောအခါ တရုတ်စာများကို မှာယူစားသောက်၍ ဘီယာ သောက်ကြလေ၏။

ကျွန်ုပ်သည် ဘီယာစုတ်ရင်း စိန်ပိုးတီ၏မျက်နှာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်နေမိ၏။ ထိုအခိုက်မှာပင် ဂျမဒါမင်းထင်က

" ကျုပ်တို့ အေးအေးဆေးဆေး အနားယူနေတုန်းရှိသေးတယ်၊ အမှုဖြစ်ပြန်ပြီဗျို့ "

ဟု ကောက်ကာငင်ကာ ပြောဆိုလိုက်ရာ ကျွန်ုပ်က အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်၍

" ဘယ်မှာလဲ အမှု "

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က ဆိုင်၏အပေါက်ဝသို့ ကျောပေးထိုင်နေရာမှ

" ဆိုင်ဝမှာ မော်တော်ဆိုင်ကယ်သံကြားရတယ်လေ၊ ဒီဆိုင်ကယ်ကဗဟန်းဂတ်က ဌာနအုပ်ဦးရွှေကြိုင်ရဲ့ဆိုင်ကယ်ကွ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏စားပွဲသို့ ဗဟန်းဂတ်မှ ပုလိပ်လေး ရောက်ရှိလာ၏။ ဂျမဒါမင်းထင်က





" အခန်းဝမှာကပ်ထားတဲ့စာကိုဖတ်ပြီး တရုတ်တန်းကို လိုက်လာခဲ့တယ်လို့ ပြောမလို့ မဟုတ်လား၊ နောက်ပြီးတော့ ဆရာတို့ အေးအေးဆေးဆေး အနားယူနေတုန်းမှာပြောရတာ အားနာပါတယ်လို့ပြောမယ်မဟုတ်လား၊ မင်းဘာပြောမယ် ဆိုတာ ငါကြိုသိနေတယ်၊ ဘယ်မှာအမှုဖြစ်နေပြီလဲ "

ဟု မေးမြန်းလေ၏။ ပုလိပ်လေးက

" ဗဟန်းကြားတောရလမ်းမှာ နှစ်လောင်းပြိုင်လူသတ်မှု ဖြစ်လို့ ဆရာ၊ ဘုရားကိုးဆူလုပ်ရှင်နဲ့ အလှူရှင်တွေ အသတ်ခံရတာပါ "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က လက်ကာပြ၍

" ဒီလောက်ဆို ငါ သဘောပေါက်ပြီ၊ မင်းသွားတော့၊ အခုချက်ချင်း လိုက်လာခဲ့မယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် ဗဟန်းကြားတောရလမ်းရှိ ခြံကြီးတစ်ခြံရှေ့သို့ရောက်သောအခါ ကားကိုရပ်လေ၏။

ကျွန်ုပ်တို့ကားရောက်ရှိသောအခါ ဌာနအုပ် ဦးရွှေကြိုင်က ခြံဝသို့ထွက်ကြိုပြီး

" ဘုရားကိုးဆူအလှူရှင် အဖိုးကြီးနှစ်ယောက်ကိုသတ်သွားတာဗျ၊ သဲလွန်စလည်း ရှာလို့မရဘူး၊ မေးမြန်းလို့လည်း မရဘူး၊ဒါကြောင့် ဂျမဒါမင်းထင်ကိုလူလွှတ်ပြီးအကူအညီတောင်းရတာပဲ "

ဟု ပြောလေ၏။





ဂျမဒါမင်းထင်သည် ကျွန်ုပ်၏အရှေ့မှဦးဆောင်၍ လူသတ်မှုဖြစ်ပွားရာ အိမ်ကြီးထဲသို့ ဝင်ရောက်သွားလေ၏။

ဌာနအုပ် ဦးရွှေကြိုင်က အိမ်ကြီး၏နံ့သားမှပတ်၍ မီးဖိုချောင်သို့ ခေါ်ဆောင်သွားလေ၏။

မီးဖိုချောင်ရှိ ထမင်းစားပွဲကြီးကို ခေါင်းငိုက်စိုက်ကျ၍သဆုံးနေသော အသက်လေးဆယ်ဝန်းကျင် မိန်းမတစ်ယောက်ကို တွေ့ရ၏။

ထိုမိန်းမ၏ရင်ဝ၌ ဓားဒဏ်ရာတစ်ချက်ကိုတွေ့ရပြီး ဒဏ်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



သွေးများသည် ကြမ်းပေါ်သို့တိုင် ယိုစီးကျနေ၏။

ဂျမဒါမင်းထင်သည် သေသူမိန်းမ၏ကိုယ်ခန္ဓာအောက်သို့ ဝင်၍ ဒဏ်ရာကို သေချာစွာ စစ်ဆေးလေ၏။ ထိုသို့ စစ်ဆေးပြီး ခုံကြားတွင်ကျနေသော လက်ပတ်နာရီကို ကောက်ယူလိုက်၏။

လက်ပတ်နာရီသည် ည ၉ နာရီတွင် ရပ်နေလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ဗိုက်ကို ချွန်ထက်တဲ့အရာတစ်ခုနဲ့ ထိုးသွားတာပဲ၊ သေဆုံးချိန်က ည ၉ နာရီလို့ မှန်းဆရတယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဌာနအုပ် ဦးရွှေကြိုင်ဘက်သို့လှည့်၍

" နောက်တစ်ယောက် ဘယ်မှာလဲ "

ဟု မေးမြန်းလိုက်လေ၏။

ဦးရွှေကြိုင်က အိမ်ကြီး၏အပေါ်ဘက်သို့ ခေါ်ဆောင်သွား





၏။ အပေါ်ထပ် ဘုရားခန်းထဲတွင် ဘုရားကိုးဆူဆရာကြီးကို စိတ်ပျက်အားငယ်ဟန်ဖြင့် တွေ့ရလေ၏။

အိပ်ခန်းထဲသို့ရောက်သောအခါ မှန်တင်ခုံအနီးတွင် လဲကျသေဆုံးနေသော မိန်းမတစ်ယောက်ကို တွေ့ရ၏။ ထိုမိန်းမသည် အသက်လေးဆယ်ဝန်းကျင်ရှိပြီး ချောမောလှပသည်ဟု ဆိုနိုင်၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍

" အလုပြင်နေတုန်း လူသတ်သမားရောက်လာပြီး ချွန်ထက်တဲ့ ဓားတစ်ချောင်းနဲ့ ထိုးသတ်သွားတာပဲ "

ဟု ပြောလေ၏။ ထိုမိန်းမသည် ကြမ်းပေါ်တွင် တစ်စောင်းသဲကျနေပြီး ရင်ဝတွင် ဒဏ်ရာတစ်ခုရှိလေ၏။ ဂျမဒါမင်းထင်က သေသူမိန်းမကို စစ်ဆေးလိုက်ပြီးနောက်

" အောက်ထပ်ကမိန်းမနဲ့ တစ်ချိန်တည်းလိုလို အသတ်ခံရတာပဲ၊ အလှူပွဲကြီး ကျင်းပနေချိန်မှာတောင် ဝင်သတ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ ရန်ငြိုးရန်စ အတော်ကြီးပုံရတယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ထိုင်ရာမှထ၍

'' သေသူမိန်းမနှစ်ယောက်အကြောင်းကို ပြောပါဦး''

ဟု မေးမြန်းလိုက်ရာ ဌာနအုပ် ဦးရွှေကြိုင်က လေသံတိုးတိုးဖြင့်

'' သူတို့ညီအစ်မက ငွေတိုးချေးစားတဲ့အလုပ်ကို လုပ်တယ်၊ သူတို့ကို မကျေနပ်တဲ့သူ တော်တော်များတယ်၊ ဒါကြောင့် ရန်ငြိုးဖွဲ့ပြီး သတ်သွားတာ ဖြစ်မယ်၊ ကျုပ်တို့ကတော့ ကိုးဆူဆရာကြီးကို သံသယဖြစ်မိတယ်၊ လူသတ်မှုဖြစ်ပွားချိန် အိမ်ပေါ်မှာရှိနေတာ ကိုးဆူဆရာကြီးပဲ ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က

'' ဘုရားကိုးဆူဆရာက တစ်ချိန်လုံး ဂြိုဟ်တွေပင့်နေတာ မဟုတ်လား၊ ဘုရားကိုးဆူဆရာကြီး ဂြိုဟ်တွေပင့်တာ ရပ်သွားလို့လား ''

ဟု မေးမြန်းလေရာ ဌာနအုပ် ဦးရွှေကြိုင်က ခေါင်းခါယမ်း၍

'' ကိုးဆူဆရာကြီးကတော့ တစ်ချိန်လုံး ရွတ်ဖတ်နေတယ်လို့ သက်သေတွေက ပြောကြတယ်၊ ဒါပေမဲ့ အိမ်ကြီးပေါ်မှာ အချိန်ပြည့်ရှိနေတာ ကိုးဆူဆရာကြီးပဲလေ ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

'' သူတစ်ချိန်လုံး ဂြိုဟ်ပင့်နေတယ်ဆိုရင်တော့ လူသတ်မှု မကျူးလွန်နိုင်ပါဘူး၊ ကျုပ်ကိုးဆူဆရာကြီးနဲ့ တွေ့ချင်တယ်''

ဟု ဆိုကာ ဘုရားခန်းသို့သွား၍ ဂြိုဟ်မင်းရုပ်များကြား၌ ခက်ပျက်လက်ပျက်ထိုင်နေသော ဘုရားကိုးဆူဆရာကြီးကို တွေ့လေ၏။

ဂျမဒါမင်းထင်က ဘုရားကိုးဆူဆရာကြီးကိုကြည့်၍

'' အမှုနဲ့ပတ်သက်လို့ နည်းနည်းစစ်ဆေးချင်လို့ပါ ''





www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ရာ ကိုးဆူဆရာကြီးက

" အမလေး… ပုလိပ်တွေကို အာပေါက်အောင် ဖြေပြီးပါပြီကွယ်၊ ကျုပ်တစ်သက်လုံး ဘုရားကိုးဆူပင့်စားလာခဲ့တာ၊ ဒီတစ်ခါတော့ ငြိုပြာဝင်ပါပြီ "

ဟု ညည်းညူလေရာ ဂျမဒါမင်းထင်က ဘုရားကိုးဆူဆရာကြီးကိုကြည့်၍ ပြုံးပြလိုက်ပြီး

" လူသတ်မှုနဲ့ဦးလေး မပတ်သက်ဘူးဆိုတာ ကျုပ်သိပါတယ်၊ ဘုရားကိုးဆူမှာ ငြိုပြာတွေကိုပင့်နေတုန်း ထူးခြားတဲ့အသံတွေ ဘာတွေ ကြားမိသလား "

ဟု မေးမြန်းလေ၏။ ဘုရားကိုးဆူဆရာကြီးက ခေါင်းခါယမ်း၍

" ကျုပ်မှာ ငြိုပြာတွေပင့်ဖို့ အာရုံပဲရှိပါတယ် ငါ့တူရယ်၊ ငြိုပြာတွေမပင့်ရင်တောင် ဆိုင်းသံ မုံသံတွေနဲ့ ကျုပ် ဘယ်လိုကြားမှာလဲ၊ ကျုပ်တစ်ချိန်လုံး မရပ်မနား ငြိုပြာမင်းတွေကို ပင့်နေတာပါ၊ အလှူရှင်ညီအစ်မကို ကျုပ်မသတ်ပါဘူး "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ကောင်းပါပြီ၊ ဦးလေး ငြိုပြာမင်းရုပ်တွေကို သိမ်းပြီး ပြန်နိုင်ပါပြီ၊ ဦးလေးကို ကျုပ်တို့ သံသယမရှိပါဘူး "

ဟု ဆိုကာ ဘုရားကိုးဆူဆရာကြီးကို ပြန်ခိုင်းလိုက်လေ၏။

ဘုရားကိုးဆူဆရာကြီးသည် ဝမ်းသာအားရဖြင့် ငြိုပြာမင်းရုပ်များကို သိမ်းဆည်းနေလေတော့၏။ ဂျမဒါမင်းထင်က ဌာနအုပ်ဦးရွှေကြိုင်ထံသို့ ပြန်လာပြီး

" ကိုးဆူဆရာကြီးကို ပြန်လွှတ်လိုက်ပါဗျာ၊ သူနဲ့ ဘာမှ မဆိုင်ပါဘူး "

ဟု ပြောရင်း ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ခုကို ကောက်ယူလိုက်၏။ ပြီးနောက် သူ၏အိတ်ထဲသို့ ထည့်လိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဂျမဒါမင်းထင်က

“ ဒီအိမ်ကြီးမှာ ဘယ်သူတွေနေကြသလဲ ”

ဟု မေးမြန်းလေ၏။ ဌာနအုပ် ဦးရွှေကြိုင်က

“ သေသူညီအစ်မနှစ်ယောက်နဲ့ အိမ်စေနှစ်ယောက်ရှိပါတယ် ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က အိမ်စေနှစ်ယောက်ကို တွေ့လိုကြောင်း ပြောလေ၏။

ခဏကြာလျှင် ထိတ်လန့်တုန်လှုပ်နေသော အိမ်စေ မိန်းကလေးနှစ်ဦးရောက်လာ၏။ ဂျမဒါမင်းထင်က မိန်းကလေးတစ်ဦးစီကိုခေါ်၍ မေးမြန်းပြန်၏။

မိန်းကလေးတစ်ဦးက အိမ်ပေါ်သို့ မည်သူမျှမတက်ကြောင်း ပြောလေ၏။ ကျန်သော မိန်းကလေးက

“ ကျွန်မတို့နှစ်ယောက်စလုံး ရုပ်သေးပွဲကို အာရုံစိုက်နေ





တဲ့အတွက် အိမ်ပေါ်ကို ဘယ်သူတက်သွားတယ်ဆိုတာ မသိပါဘူးရှင် ”

ဟု အထိတ်တလန့် ပြောလေ၏။ ဂျမဒါမင်းထင်က ဒေါ်စိန်မမတို့ညီအစ်မနှင့် ရန်ငြိုးရှိသူ ရှိမရှိ မေးမြန်းလေရာ အိမ်စေမိန်းကလေးတစ်ဦးက

“ ကိုစိန်ဖေဆိုတဲ့လူကတော့ လွန်ခဲ့တဲ့တစ်ပတ်လောက်က မမကြီးတို့ညီအစ်မနဲ့ အကြီးအကျယ် စကားများဖူးပါတယ်၊ ကိုစိန်ဖေဆိုတဲ့လူက ဒေါသတကြီးနဲ့ ခင်ဗျားတို့နှစ်ယောက် သိပ်လွန်လွန်းနေပြီ၊ ကျုပ်စိတ်မထိန်းနိုင်ရင် အားလုံးဒုက္ခရောက်ကုန်မယ်လို့ ပြောဖူးပါတယ်၊ ကိုစိန်ဖေဆိုတဲ့လူက မမကြီးတို့ဆီမှာ ပိုက်ဆံချေးပါတယ်၊ နောက်တော့ အတိုးတွေများလွန်းလို့ ပြန်မဆပ်နိုင်ဘဲ မမကြီးတို့နဲ့ စကားများရန်ဖြစ်တာပါ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ကိုစိန်ဖေဆိုတဲ့လူ ဒီနေ့ ဘုရားကိုးဆူပွဲကို ရောက်လာတယ်ပေါ့ "

ဟု မေးမြန်းလေ၏။ အိမ်စေမိန်းကလေးက ခေါင်းညိတ်၍

" မမကြီးတို့နဲ့ အော်ကြီးဟစ်ကျယ် စကားများခဲ့ပေမဲ့ ဘုရားကိုးဆူပွဲကိုတော့ ရောက်အောင်လာပါတယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ကိုစိန်ဖေဆိုတဲ့လူကို စစ်ဆေးလို့ရရင်ကောင်းမယ် "

ဟု ရေရွတ်လေ၏။ ဌာနအုပ် ဦးရွှေကြိုင်က

" ကိုစိန်ဖေကို ကျုပ်မသင်္ကာဘူးဗျို့၊ သူ့ကို နည်းနည်းစစ်မေးရမယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ခင်ဗျားကျေနပ်အောင် စစ်ချင် စစ်ကြည့်လိုက်ပါ၊ ကျုပ်အထင်တော့ တရားခံဟာ ထင်မှတ်မထားတဲ့လူတစ်ယောက် ဖြစ်





လိမ့်မယ်၊ သူဟာ ရန်ငြိုးရန်စတစ်ခုကြောင့် လူသတ်မှု ကျူးလွန်သွားတာပဲ၊ ကဲ… ကျုပ် ရုပ်သေးဆရာတွေ စစ်ချင်တယ်၊ ဆိုင်းသမားတွေကိုလည်း ခေါ်ပေးပါ "

ဟု ပြောလေ၏။ ဌာနအုပ် ဦးရွှေကြိုင်က

" ရုပ်သေးဆရာတွေကို ကျုပ်စစ်ဆေးပြီးပြီ၊ သူတို့ဟာ မိန်းကလေးနှစ်ယောက်ဖြစ်နေလို့ အိမ်ပြန်ခိုင်းလိုက်တယ်၊ ညဥ့်လည်း နက်နေပြီလေ "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ဆိုင်းဆရာတွေကို ခေါ်ပေးပါ "

ဟု ဆိုလိုက်ရာ ဆိုင်းဆရာ စိန်တင်းပုတ်နှင့် ဆိုင်းသမားလေးယောက် ရောက်ရှိလာ၏။ ဂျမဒါမင်းထင်က လူသတ်မှုနှင့် ပတ်သက်၍ ဆိုင်းဆရာ စိန်တင်းပုတ်ကို စတင်၍ မေးမြန်းလေ၏။

စိန်တင်းပုတ်က



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ် ဘာမှမပြောနိုင်ပါဘူးဗျာ၊ ကျုပ်တို့ တစ်ချိန်လုံး ပရိသတ်ရှေ့မှာ မနားမနေ တီးနေတာပဲ၊ ကျုပ်ရဲ့ဆိုင်းသမားတွေလည်း ဒီလိုပါပဲ၊ သူတို့လည်း ဆိုင်းဝိုင်းထဲက တစ်ယောက်မှ မထွက်ကြဘူး "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က

" ရုပ်သေးမင်းသမီးနှစ်ယောက် ရုပ်သေးစင်ပေါ်မှာ ရှိနေတာလား "

ဟု မေးမြန်းလေ၏။ စိန်တင်းပုတ်က ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ သူတို့နှစ်ယောက်လည်း တစ်လှည့်စီ ကပြနေတာပါ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ဒီနေ့ ရုပ်သေးကတဲ့အချိန်မှာ ထူးထူးခြားခြားဘာဖြစ်သေးသလဲ "





ဟု မေးမြန်းလေ၏။ ဆိုင်းဆရာ စိန်တင်းပုတ်က ခေါင်းခါယမ်း၍

" ဘာမှထူးခြားမှုမဖြစ်ပါဘူး "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က

" ခင်ဗျားတို့ ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်ပါဦး "

ဟု ပြောလေ၏။ ထိုအခါ ဆိုင်းဝိုင်းထဲရှိ ကြေးနောင် သမားကိုခင်မြင့်က

" ကျုပ်တို့ရုပ်သေးပွဲမှာ ထူးခြားမှုတစ်ခုဖြစ်ပါတယ်၊ ဒါကတော့ လူသတ်မှုနဲ့မဆိုင်ပါဘူး၊ ကျုပ်တို့ရဲ့ ရုပ်စုံမင်းသမီး မသဒ္ဒါဟာ ဒီနေ့မှ ထူးထူးခြားခြား ဖော်ဂျီမကဘူးဗျ၊ ဖော်ဂျီကို မသဒ္ဒါအစား သူညီမ မခင်ညို ကပြခဲ့တယ် "

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" အရင်တုန်းက ဖော်ဂျီကို မသဒ္ဒါ အမြဲကတာလား "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ဆိုင်းသမားက ခေါင်းညိတ်၍

" ရုပ်သေးကတဲ့နေရာမှ အပျိုတော်အကနဲ့ ဇော်ဂျီအက က အခက်ခဲဆုံးဖြစ်လို့ ခေါင်းဆောင်မင်းသမီး မသဒ္ဒါကိုယ်တိုင် ကလေ့ရှိတယ်၊ ဒီနေ့တော့ ထူးထူးခြားခြား မခင်ညိုကနေတာ မြင်တော့ ကျွန်တော်တို့ အံ့သြနေတာပေါ့ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ဇော်ဂျီကတဲ့အချိန်က ဘယ်အချိန်လောက်လဲ "

ဟု မေးမြန်းလေ၏။ ဆိုင်းသမားက

" ည ၉ နာရီလောက်ဆိုရင် ဇော်ဂျီကတာပဲ "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က

" ရုပ်သေးရုပ်လေးတွေကို ကျုပ် ကြည့်ချင်တယ် "

ဟု ဆိုလေရာ ဆိုင်းဆရာ စိန်တင်းပုတ်က သေတ္တာထဲသို့ ထည့်သွင်းထားသော ရုပ်သေးရုပ်လေးများကို ပြသလေ၏။





ဂျမဒါမင်းထင်က ရုပ်သေးရုပ်များကိုကြည့်၍ ရေတွက် လိုက်ပြီး

" ရုပ်သေးရုပ် (၂၇) ရုပ်ပဲရှိတယ်၊ စုန်းမ ရုပ်သေးရုပ် ပျောက်နေတယ်၊ ကျုပ်အထင်တော့ စုန်းမရုပ်ဖြစ်မယ် ထင်တယ် "

ဟု ပြောလေရာ ဆိုင်းဆရာ စိန်တင်းပုတ်က

" ဟုတ်ပါရဲ့၊ ရုပ်သေးရုပ်တစ်ရုပ်လိုနေတယ်၊ မသဒ္ဒါ ယူသွားတာဖြစ်ရမယ်၊ ရုပ်သေးရုပ်မှာ ပြုပြင်စရာရှိလို့နဲ့တူတယ်၊ မသဒ္ဒါက ရုပ်သေးရုပ်မှာ ပြုပြင်စရာရှိရင် သူ့အိမ်ယူသွားလေ့ ရှိတယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဆိုင်းဆရာ စိန်တင်းပုတ် ကိုကြည့်၍

" ရုပ်သေးရုပ်မင်းသမီး မသဒ္ဒါတို့ညီအစ်မကို ကျုပ် တစ်ခေါက်လောက် စစ်ဆေးကြည့်ပါဦးမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ဆိုင်းသမားများကို ပြန်နိုင်းလိုက်လေ၏။

ဌာနအုပ် ဦးရွှေကြိုင်က ဂျူမဒါမင်းထင်၏အနီးသို့ ကပ်လာပြီး

" ဂျူမဒါမင်းထင် ဘယ်လိုမြင်သလဲ "

ဟု မေးမြန်းလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

" သဲလွန်စကွင်းဆက်လေးတွေကိုတော့ ရနေပါပြီ၊ ဒါပေမဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်ဖို့ ခက်နေသေးတယ်၊ ဒါပေမဲ့ ဦးရွှေကြိုင် တရားခံကို မကြာမီ ဖမ်းနိုင်မှာပါ "

ဟု ဆိုလိုက်ရာ ဌာနအုပ် ဦးရွှေကြိုင်၏မျက်နှာ ဝင်းပသွားပြီး

" ဒါကြောင့်လည်း ဂျူမဒါမင်းထင်ကို အားကိုးရတာပေါ့၊ ကျုပ်ကတော့ သေသူမိန်းမတွေနဲ့ ရက်ပိုင်းအတွင်း အော်ကြီးဟစ်ကျယ် စကားများခဲ့တဲ့ ကိုစိန်ဖေဆိုတဲ့လူကိုခေါ်ပြီး စစ်ဆေးလိုက်ဦး





မယ်ဗျို့၊ ကံကောင်းရင် ကိုစိန်ဖေ တရားခံ ဖြစ်ရင် ဖြစ်နေမှာ "

ဟု ပြောလေ၏။ ကျွန်ုပ်နှင့် ဂျူမဒါမင်းထင်သည် လူသတ်မှုဖြစ်ပြီးရာ ဗဟန်းကြားတောရလမ်းမှ ပြန်ခဲ့လေ၏။

လမ်းခရီး၌ ကျွန်ုပ်က

" ဂျူမဒါ တရားခံကို ရိပ်စားမိနေပြီလား "

ဟု မေးမြန်းလေရာ ဂျူမဒါမင်းထင်က ခေါင်းညိတ်၍

" ရိပ်စားမိနေပါတယ်၊ ဒါပေမဲ့ ပိုင်ပိုင်နိုင်နိုင် မရှိသေးလို့ မပြောသေးတာပါဗျာ "

ဟု ပြောလေ၏။ ကျွန်ုပ်က ရယ်မော၍

" ဒီလိုအမှုမျိုးဆိုရင်တော့ ကျုပ်တို့ တစ်ပြားတစ်ချပ်မှ မရဘူးနော် "

ဟု ပြောလေရာ ဂျူမဒါမင်းထင်က

" အမှန်တရားဘက်က လိုက်ပေးရတယ်ဆိုတဲ့အမြတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာပေါ့ဗျာ၊ ဌာနအုပ် ဦးရွှေကြိုင်တို့လို လူတွေအတွက်တော့ တရားခံကိုဖမ်းနိုင်တဲ့အတွက် အမြတ်ထွက်တယ်၊ ဒါကြောင့်လည်း ပုလိပ်တွေက ကျုပ်ကို အမြဲအကူအညီပေးနေတာပေါ့ဗျာ၊ ကျုပ်တို့ အလုပ်က အလွတ်စုံထောက်ဆိုတော့ ပုလိပ်တွေနဲ့တည့်မှဖြစ်မယ်ဗျ၊ ကျုပ်တို့နဲ့ ဌာနအုပ် ဦးရွှေကြိုင်က ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့ဗျာ”

ဟု ပြောရင်း မည်သည့်စကားမျှမဆိုတော့ဘဲ မျက်လုံး မှိတ်၍ ငြိမ်သက်စွာ စဉ်းစားနေလေ၏။





နောက်တစ်နေ့သို့ရောက်သောအခါ ဂျမဒါမင်းထင်သည် ခရီးထွက်ရန် ပြင်ဆင်နေသဖြင့် ကျွန်ုပ်က မျက်မှောင်ကြုတ်၍

“ ဘယ်ကိုသွားမလို့လဲဗျို့ ”

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က

“ ပဲခူးဘက်ကို ခရီးထွက်စရာရှိလို့ပါဗျာ၊ ကျုပ် ညနေ ပြန်ရောက်မှာပါ၊ ခင်ဗျားအေးအေးဆေးဆေး အနားယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေရစ်ပေတော့၊ ထမင်းချိုင့်ကို ကျုပ်အတွက် မချန်နဲ့ဗျို့ ”

ဟု ပြောကာ အိမ်ပေါ်မှဆင်း၍ အော်စတင်ကားလေးကို စက်နှိုးကာ ထွက်ခွာသွားလေ၏။

ဂျမဒါမင်းထင်သည် ညနေစောင်းသောအခါ ပြန်လည်ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် ဂျမဒါမင်းထင်ကို တံခါးဖွင့်ပေးလိုက်ရင်း

“ အခြေအနေ ဘယ်လိုလဲ ဂျမဒါ ”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က လက်မထောင်၍

“ တရားခံဘယ်သူလဲဆိုတာ သေချာသွားပြီ၊ ဒါပေမဲ့ တရားခံကို တိတိကျကျ ဖမ်းဆီးဖို့ ခက်နေသေးတယ်၊ သတင်းစာတွေကတော့ အမျိုးမျိုးရေးနေပြီဗျ ”

ဟု ဆိုလိုက်ပြီး လက်ထဲရှိ သတင်းစာများကို စားပွဲပေါ်သို့ ချပေးလိုက်လေ၏။





ထိုအခါ မြန်မာ့အလင်း၊ သံတော်ဆင့်၊ သူကြီးဂေဇက် စသော သတင်းစာများက အမှုကို အမျိုးမျိုး ထင်ကြေးပေး၍ ရေးသားကြလေ၏။

မြန်မာ့အလင်းသတင်းစာကြီးမှ နှစ်လောင်းပြိုင်လူသတ်မှုအတွက် မသင်္ကာသူ ကိုစိန်ဖေဆိုသူကို ဖမ်းဆီးလိုက်ပြီဖြစ် ကြောင်း ရေးသားထားပြီး ကိုစိန်ဖေနှင့် ညီအစ်မနှစ်ဦး ခွန်းကြီး ခွန်းငယ် စကားများကြပုံကို ရေးသားထားလေ၏။

ကျွန်ုပ်က သတင်းစာများကို [illegible] ဂျမဒါမင်းထင်အား

“ ကိုစိန်ဖေဆိုတဲ့လူလည်း မဖြစ်နိုင်ဘူးလား ”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

“ ကိုစိန်ဖေနဲ့မဆိုင်တာ သေချာပါတယ်ဗျာ ”

ဟု ဆိုလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

“ ကျုပ်ကတော့ ကိုးဆူဆရာကြီးကို မသင်္ကာဘူး၊ ဒီဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ အိမ်ပေါ်မှာ အရှိန်ပြည့်ရှိနေတယ် ''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

'' ကိုးဆူဆရာကြီးလည်း မဖြစ်နိုင်ပါဘူးဗျာ၊ တရားခံ
တွေက ဘယ်သူမှထင်မှတ်မထားတဲ့သူဗျ၊ ကဲ… ဒီနေ့ ကျုပ်တို့
ရုပ်သေးမင်းသမီး မသဲဒွါနဲ့တွေ့ရအောင်၊ ခင်ဗျား အဝတ်အစားလဲ
ပေတော့ ''

ဟု ပြောလေ၏။ ကျွန်ုပ်က အံ့သြဟန်ဖြင့်

'' ရုပ်သေးမင်းသမီးကလည်း အမှုနဲ့ပတ်သက်နေပြီလား၊
သူတို့ကတော့ အရှိန်ပြည့်ကပြနေတယ်၊ ပရိသတ်ရှေ့မှာ အမြဲ
ရှိနေတယ်ဆိုတော့ မဖြစ်နိုင်ပါဘူး ''

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

'' ဘာပဲဖြစ်ဖြစ် ရုပ်သေးမင်းသမီးနဲ့တွေ့ပြီး သူ့ဆီက
ရုပ်သေးရုပ်တွေကို စစ်ဆေးကြည့်ချင်တယ်၊ တိကျတဲ့အဖြေ တစ်ခု





ရရင် တရားခံ ပြေးမလွတ်တော့ပါဘူး ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် ရုပ်သေးမင်းသမီး မသဒ္ဒါနေထိုင်ရာ ဘောက်ထော်ဘက်ရှိ ခြံကြီးတစ်ခြံသို့ ရောက်ခဲ့လေ၏။

ကျွန်ုပ်က မသဒ္ဒါ၏ခံ့ညားထည်ဝါသော အိမ်ကြီးကို ကြည့်၍

" သဒ္ဒါရုပ်စုံသဘင်ဆိုတာ နာမည်သတင်းတော်တော်ကြီး





တယ်၊ ဒါပေမဲ့ ကျုပ်တို့ထင်ထားတာထက် သူက ပိုပြီး ချမ်းသာတယ်၊ သေသူမိန်းမကြီးတွေဆီမှာ ငွေတိုးချေးစားမဲ့ လူမျိုးတော့ဟုတ်ပုံမရဘူး "

ဟု ပြောလေ၏။

ဂျမဒါမင်းထင်သည် ကားပေါ်မှဆင်း၍ လူခေါ်ခေါင်းလောင်းလေးကို လှုပ်လိုက်ရာ အိမ်စေမိန်းကလေးက ကျွန်ုပ်တို့အား အိမ်ကြီးထဲသို့ ခေါ်သွားလေ၏။

အိမ်ကြီး၏ဧည့်ခန်းထဲ ခဏကြာအောင်စောင့်ပြီးနောက် ရုပ်စုံမင်းသမီး မသဒ္ဒါသည် အိမ်ကြီး၏အပေါ်ထပ်မှ ဣန္ဒြေရရ ဆင်းလာလေ၏။

သူမသည် အလွန်ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်၏။ မသဒ္ဒါ၏လှပသောမျက်နှာနှင့်တင့်တယ်သောကိုယ်လုံး လိုက်ဖက်ညီလှ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက သာယာသောအသံဖြင့်

" ဘာကိစ္စရှိလို့လဲဟင် "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သူမကိုကြည့်၍

" ကျုပ်က အလွှတ်စုံထောက် ဂျမဒါမင်းထင်ပါ၊ ကြားတောရလမ်းက လူသတ်မှုနဲ့ပတ်သက်ပြီး မသန္ဓါကို နည်းနည်းမေးချင်လို့ပါ "

ဟု ဆိုလိုက်ရာ မသန္ဓါက ခေါင်းညိတ်၍

" မေးပါရှင်၊ ကျွန်မသိသလောက် ဖြေပါ့မယ် "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်က

" သန္ဓါရုပ်စုံသဘင်မှာ ဇော်ဂျီရုပ်ကို မသန္ဓါပဲ အမြဲကလေ့ရှိတယ်လို့ သိရပါတယ်၊ ဒါပေမဲ့ လူသတ်မှုဖြစ်တဲ့ညက မသန္ဓါ ဇော်ဂျီရုပ်မကဖြစ်ဘူး၊ ဘာကြောင့် ဇော်ဂျီကို မကရတာလဲ "





ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်၏အမေးကြောင့် မသန္ဓါက မျက်မှောင်ကြုတ်၍

" ကျွန်မ ဇော်ဂျီ မကတာနဲ့ လူသတ်မှု ဘာဆိုင်လို့လဲ"

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" အမှုနဲ့ဆိုင်တယ်လို့ထင်လို့ မေးတာပါ "

ဟု ပြောလိုက်၏။ မသန္ဓါက သက်ပြင်းချ၍

" အဲဒီနေ့ကကျွန်မခေါင်းနည်းနည်းကိုက်နေလို့ပါ၊ ဘာလို့ကိုက်သလဲဆိုတာကတော့ အမျိုးသမီးကျန်းမာရေးကိစ္စ ဖြစ်နေလို့ပါ "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" အခုလိုပြောပေးတာ ကျေးဇူးတင်ပါတယ်၊ အဲဒီညက မသန္ဓါတို့ညီအစ်မပြန်သွားပြီး အမှုဖြစ်တဲ့အိမ်ကို ကျုပ်ရောက်ခဲ့တယ်၊ ရုပ်သေးရုပ်တွေကိုလည်း စစ်ဆေးကြည့်တယ်၊ အဲဒီအခါမှာ ရုပ်သေးရုပ်တစ်ရုပ် ပျောက်နေတာ တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မသဒ္ဒါက မျက်မှောင်ကြုတ်၍

" ရုပ်သေးရုပ်တစ်ရုပ်ပျောက်နေတာ ရှင်ဘယ်လိုသိသလဲ"

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

" မြန်မာရုပ်သေးသဘင်တွေမှာ ရုပ်သေးရုပ် (၂၈)ရုပ် တိတိကပြတယ်လို့ ကျုပ်လေ့လာထားတယ်၊ အဲဒီနေ့က ရုပ်သေးစင်မှာ ရုပ်သေးရုပ်(၂၇)ရုပ်ပဲရှိတာ တွေ့ရတယ်၊ ပျောက်နေတဲ့ ရုပ်သေးရုပ်က စုန်းမရုပ်ပဲ၊ စုန်းမရုပ်ကို အဲဒီညမှာ မသဒ္ဒါကိုယ်တိုင် ကခဲ့တယ်လို့ စုံစမ်းသိရှိရတယ် "

ဟု ပြောလိုက်ရာ မသဒ္ဒါက ဂျမဒါမင်းထင်ကို သဘောကျဟန်ဖြင့်ကြည့်၍

" ရှင်မဆိုးဘူး၊ ရှင့်ရဲ့ဗဟုသုတကို ကျွန်မ အထင်ကြီးသွားပြီ၊ ရုပ်သေးသဘင်မှာ ရုပ်သေးရုပ် (၂၈)ရုပ်ရှိတယ်ဆိုတာ တော်ရုံသဘင်ပညာရှင်တွေတောင် မသိဘူး "





ဟု ချီးမွမ်းလိုက်လေ၏။ ဂျမဒါမင်းထင်က သူမ၏ ချီးမွမ်းခြင်းကို ဘဝင်မြင့်ဟန်မရှိဘဲ

" စုန်းမရုပ်ကလေးကို မသဒ္ဒါကိုယ်တိုင် အိမ်ယူသွားတယ်လို့ သိရပါတယ်၊ အဲဒီစုန်းမရုပ်လေးကို ကျုပ်ကြည့်ချင်လို့ ခဏပြနိုင်မှာလား "

ဟု မေးမြန်းလိုက်လေ၏။ မသဒ္ဒါသည် ဂျမဒါမင်းထင်၏ စကားကြောင့် မျက်နှာတင်းမာသွားပြီး

" ကျွန်မရဲ့ရုပ်သေးရုပ်တွေကို သွားလေရာ သယ်ဆောင်သွားတတ်တယ်၊ ရုပ်သေးဆရာဟာ ရုပ်သေးရုပ်တွေကို ဘယ်လောက် မြတ်နိုးတယ်ဆိုတာ ရှင်သိမှာပါ၊ ရုပ်သေးရုပ်တွေကို လူတိုင်းကို မပြရဘူးရှင့် "

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ရုပ်သေးဆရာက ရုပ်သေးရုပ်တွေကို ကိုယ့်ရဲ့ကိုယ်ပွား



www.burmeseclassic.com

www.burmeseclassic.com



လို့တောင် ယူဆကြတာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ အမှုနဲ့ သက်ဆိုင်လို့ ပြောတာပါ ”

ဟု ပြောလိုက်၏။ မသဒ္ဒါက သက်ပြင်းချ၍

“ ဒါဆိုရင်တော့ စုန်းမရုပ်ကို ရှင်ကြည့်လို့မရတော့ဘူး၊ စုန်းမရုပ်ဟာ အရုပ်ရဲ့အဆက်တွေမကောင်းတော့လို့ ကျွန်မ စွန့်ပစ်လိုက်ပြီ ”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်သည်သက်ပြင်းချလိုက်ပြီး

“ မသဒ္ဒါ စုန်းမရုပ်ကို ဘယ်မှာစွန့်ပစ်လိုက်တာလဲ”

ဟု မေးမြန်းလိုက်၏။ မသဒ္ဒါက

“ ရှင့်ကို ကျွန်မမပြောနိုင်ပါဘူး၊ ဒါဟာ လူသတ်မှုနဲ့ ပတ်သက်တဲ့ပစ္စည်းလည်း မဟုတ်ဘူး၊ ကျွန်မနဲ့ လူသတ်မှုလည်း မသက်ဆိုင်ဘူး၊ ဒါကြောင့် ကျွန်မရဲ့ရုပ်သေးရုပ် အေးအေးဆေးဆေး အနားယူပါစေ၊ ရှင်တို့စုံထောက်တွေ လိုက်ပြီးနှောင့်ယှက်တာ





မခံနိုင်ဘူး၊ ဒီအတွက် မကျေနပ်လို့ ရှင် ကျွန်မကို ဖမ်းချင်လည်း ဖမ်းနိုင်တယ် ”

ဟု ဆိုလိုက်ရာ အနီးသို့ မိန်းမပျိုတစ်ဦးရောက်လာပြီး အထိတ်တလန့်ဖြင့်

“ အို… အစ်မကို ဘာလို့ဖမ်းရမှာလဲ၊ စုန်းမရုပ်ကို…”

ဟု ဆိုလိုက်ရာ မသဒ္ဒါက လေသံမာမာဖြင့်

“ ညည်းပါးစပ်ပိတ်ထားစမ်း၊ စုန်းမရုပ်ကို အေးအေး ဆေးဆေး အနားယူပါစေ ”

ဟု ဆိုလိုက်၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ ကောင်းပြီ၊ စုန်းမရုပ် ဘယ်မှာရှိသလဲဆိုတာ ကျုပ်နည်းကျုပ်ဟန်နဲ့ သိအောင်လုပ်ရတာပေါ့၊ ကျုပ်ကို သွားခွင့်ပြုပါ ”

ဟု ပြောကာ မသဒ္ဒါ၏ ခံ့ညားထည်ဝါသော အိမ်ကြီးထဲမှ ပြန်ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိန်းမချောနှစ်ယောက်ကို ငဲ့စောင်းကြည့်၍ ဂျမဒါမင်းထင်၏အနောက်သို့ လိုက်လာလေ၏။





ဂျမဒါမင်းထင်သည် ပုဇွန်တောင်ဘက်သို့ ကားကို မောင်းနှင်းလိုက်ပြီး တစ်နေရာသို့ရောက်သောအခါ ကားကို ရပ်စေပြီး

" ဒါဟာ အငြိမ့်တောင်ဆရာရဲ့အိမ်ပဲဗျ၊ အိမ်ထဲမှာ စိန်ပိုးတီ ရှိမယ်၊ ခင်ဗျား လိုက်ခဲ့ပါ "

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် စိန်ပိုးတီဟူသောအသံကို ကြားသည်နှင့် ကားပေါ်မှ ဝမ်းသာအားရ ဆင်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်ထောင်ဆရာ၏အိမ်ထဲသို့ ရောက်သောအခါ စိန်ပိုးတီကို အဆင်သင့် တွေ့ရလေ၏။

စိန်ပိုးတီသည် ကျွန်ုပ်တို့ကို ဝမ်းသာအားရကြိုဆို၍ လက်ဖက်သုပ်များ စီစဉ်ပေးလေ၏။

ဂျမဒါမင်းထင်က လက်ဖက်သုပ်တစ်ဇွန်းကိုစား၍

" စိန်ပိုးတီ... သဒ္ဒါရုပ်စုံသဘင် မသဒ္ဒါကို ရင်းနှီးသလား "

ဟု မေးမြန်းလေ၏။ စိန်ပိုးတီက ခေါင်းညိတ်၍

" ဘုရားပွဲတွေမှာ အတူတူကရင်း ရင်းနှီးပါတယ်၊ မသဒ္ဒါက သဘောသိပ်ကောင်းတာရှင့် "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချ၍

" ဒါဆိုရင် ကျုပ်တို့ကို အကူအညီတစ်ခုပေးပါ၊ ဒီနေ့ မနက် မသဒ္ဒါ ဘယ်ကိုသွားခဲ့သလဲဆိုတာ စုံစမ်းပေးပါ၊ အခု





ဘစ်မှုအတွက် အလွန်အရေးကြီးနေလို့ပါ "

ဟု ပြောလိုက်ရာ စိန်ပိုးတီက ခေါင်းညိတ်၍

" ရပါတယ်၊ ကျွန်မ ရသလောက်စုံစမ်းပေးပါ့မယ်၊ မသဒ္ဒါနဲ့ ကျွန်မက သိပ်ရင်းနှီးတယ်၊ ဘုရားပွဲတော်ကြီးတွေမှာ ကျွန်မတို့အငြိမ့်အဖွဲ့နဲ့ သူ့ရဲ့ရုပ်စုံသဘင်တွေ့ဆုံတဲ့အခါ အတူတူ ဈေးဝယ်လေ့ရှိတယ်၊ မသဒ္ဒါက သနပ်ခါးသိပ်ကြိုက်တာရှင့်၊ ကျွန်မမှာ ရှင်မတောင်သနပ်ခါးကောင်းကောင်း ရထားတယ်၊ သူ့ကို ဒီနေ့ညနေပဲ လက်ဆောင်သွားပေးရမယ် "

ဟု ဆိုကာ ကျွန်ုပ်တို့ကို အကူအညီပေးမည်ဖြစ်ကြောင်း အားတက်သရော ပြောလေ၏။

ကျွန်ုပ်တို့သည် စိန်ပိုးတီထံမှထွက်ခွာလာပြီးနောက် အိမ်၌ပင် ပြန်၍အနားယူနေလေ၏။

ဂျမဒါမင်းထင်သည် အင်္ဂလန်မှထုတ်သော လက်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



တာအုပ်ကြီးတစ်အုပ်ကို သဲကြီးမဲကြီး ဖတ်ရှုပ်နေလေ၏။ ကျွန်ုပ်ကမူ ဓာတ်စက်ကိုဖွင့်၍ ကရင်မောင်နှမဓာတ်ထုပ်ကို နားထောင်နေလေ၏။

ညမှောင်ရီသန်းစပြုသောအခါ ကျွန်ုပ်တို့ရှိရာသို့ စိန်ပိုးတီ ရောက်ရှိလာပြီး

" ဒီနေ့နံနက် မသဒ္ဓါတစ်ယောက်တည်း ခြောက်ထပ်ကြီးဘုရားကို သွားတယ်၊ ဘာသွားလုပ်သလဲဆိုတော့ သူ့ရဲ့ရုန်းမ ရုပ်ကလေးကို ဘုရားမှာသွားပြီး အနားပေးလိုက်တာတဲ့ "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က လက်ဖျစ်တီး၍

" သိပ်ကောင်းတဲ့သတင်းပဲ၊ စိန်ပိုးတီကို ကျေးဇူးတင်တယ်ဗျာ "

ဟု ဆိုလိုက်ရာ အငြိမ့်မင်းသမီး စိန်ပိုးတီက ကျွန်ုပ်ကို ငဲ့စောင်းကြည့်၍





" ရှင်တို့နဲ့ ကျွန်မကြားမှာ ကျေးဇူးဆိုတာ လိုသေးလို့ လားရှင် "

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ရင်ထဲတွင် လှိုက်ခနဲ ဖိုသွားလေ၏။

စိန်ပိုးတီသည် ထိုစကားကို ကျွန်ုပ်အားရည်ရွယ်၍ ပြောသည်ဟူ၍ပင် သွေးနားထင်ရောက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်၌ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် နံနက်စောစောထ၍ ခြောက်ထပ်ကြီးဘုရားဝန်းကျင်၌ စုန်းမရုပ်ကလေးကို ရှာဖွေလေ၏။

အတန်ကြာအောင် ရှာဖွေပြီးနောက် ဂျမဒါမင်းထင်က

" စုန်းမကိုတွေ့ပြီဗျို့ "

ဟု အော်ဟစ်လိုက်လေ၏။ စုန်းမရုပ်ကလေးကို ဇရပ်





တစ်ဆောင်၏ကြား၌ ချိတ်ဆွဲထားကြောင်း တွေ့ရ၏။

ဂျမဒါမင်းထင်သည် စုန်းမရုပ်ကို ဖြုတ်ယူလိုက်ပြီး နောက်သူ၏အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်ရာ ဘော်ကြယ်ကလေးများဖြစ်ကြောင်း တွေ့ရလေ၏။

ဂျမဒါမင်းထင်သည် လက်ထဲရှိ ဘော်ကြယ်ကလေးများကို စုန်းမ၏ရင်ဘတ်ပေါ်၌ ပြုတ်နေသော ဘော်ကြယ်လေးများနေရာ၌ အစားထိုးလိုက်ရာ ကွက်တိဖြစ်နေလေ၏။

ကျွန်ုပ်က စုန်းမရုပ်ကို တအံ့တသြကြည့်ရှုနေစဉ် ဂျမဒါမင်းထင်က စုန်းမ၏အနောက်မှ ခလုတ်လေးတစ်ခုကို ရှာဖွေ၍ နှိပ်လိုက်ရာ စုန်းမ၏ရှေ့မှ ဓားတိုလေးတစ်ချောင်း ထိုးထွက်လာလေ၏။

ကျွန်ုပ်က စုန်းမရုပ်မှထွက်လာသော ဓားတိုလေးကို တအံ့တသြကြည့်ရှုနေစဉ် ဂျမဒါမင်းထင်က ခလုတ်ကို ပြန်နှိပ်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဓားတို့လေးသည် စုန်းမ၏ကိုယ်ထဲသို့ ပြန်ဝင်သွားလေ၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍

" အိမ်ရှင်ညီအစ်မနှစ်ယောက်ကိုသတ်ခဲ့တဲ့ ဒီစုန်းမရုပ်ကလေးပေါ့ဗျာ၊ စုန်းမရုပ်ကို အသုံးပြုတဲ့သူကတော့ မသဒ္ဒါကိုယ်တိုင်ပါပဲ "

ဟု ဆိုလိုက်ရာ ကျွန်ုပ်က တအံ့တသြဖြင့်

" ဟင်... အိမ်ရှင်ညီအစ်မကိုသတ်ခဲ့တာ မိန်းမလှလေး မသဒ္ဒါပေါ့ "

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ရန်ငြိုးရန်စမီးဆိုတာ ကြောက်ဖို့ကောင်းတယ်ဗျာ "

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့သည် ဌာနအုပ် ဦးရွှေကြိုင်ကိုခေါ်၍ မသဒ္ဒါ၏အိမ်သို့ သွားကြလေ၏။





မသဒ္ဒါနှင့်တွေ့သောအခါ ဂျမဒါမင်းထင်က စုန်းမရုပ်ကလေးကိုပြ၍

" မသဒ္ဒါကို ဗဟန်းကြားတောရလမ်းက နှစ်လောင်း ပြိုင်လှသတ်မှုနဲ့ ဖမ်းလိုက်ပါပြီ "

ဟု ဆိုလိုက်ရာ မသဒ္ဒါသည် စုန်းမရုပ်ကလေးကို ကရုဏာသက်ဟန်ဖြင့်

" စုန်းမကို အေးအေးဆေးဆေး အနားယူခိုင်းလိုက်တာ၊ အနားမရပါလားနော်၊ ဂျမဒါမင်းထင်... ရှင် သိပ်တော်တဲ့ စုံထောက်ပဲ၊ ရှင်လိုလူတစ်ယောက်ရဲ့လက်ထဲမှာ အဖမ်းခံရတာ ကျွန်မ ကျေနပ်ပါတယ် "

ဟု ဆိုကာ အသာတကြည် အဖမ်းခံလေ၏။

ထိုအခါ မသဒ္ဒါ၏အနီးသို့ မိန်းမပျိုလေးတစ်ဦးနှင့် လူငယ်လေးတစ်ဦး ရောက်လာပြီး ငိုယိုကြလေ၏။ မသဒ္ဒါက



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုနှင့် လူငယ်လေးကိုဖက်၍

" မငိုပါနဲ့ကွယ်၊ အစ်မလုပ်သင့်တဲ့အလုပ်ကို လုပ်လိုက်တာပါ၊ ဒီမိန်းမကြီးတွေက သေသင့်နေပါပြီ၊ သူတို့တရား သူတို့စီရင်သွားတာပါ "

ဟု ဆိုကာ ကျွန်ုပ်တို့ခေါ်ဆောင်ရာသို့ လိုက်ခဲ့လေ၏။

ဌာနအုပ် ဦးရွှေကြိုင်သည် လူသတ်မှုတရားခံကို ဖမ်းမိသဖြင့် ဂျမဒါမင်းထင်ကို ကျေးဇူးတင်စကားအကြိမ်ကြိမ်ပြောဆိုရင်း ထိုနေ့ည ဘုံဘောရက်စတောရင့်၌ ညစာကျွေးလေ၏။

ညစာစားဝိုင်း၌ ကျွန်ုပ်က

" မသဒ္ဒါကို ဘယ်လိုသဲလွန်စကောက်တာလဲ၊ ပြောစမ်းပါဦး "

ဟု မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က

" သေသူ ဒေါ်ရွှေစင်ရဲ့နာရီက ည ၉ နာရီမှာရပ်တော့





လူသတ်မှုဖြစ်ပွားတဲ့အချိန်က ၉ နာရီလို့ အကြမ်းသတ်မှတ်လိုက်တယ်၊ နောက်တော့ အပေါ်ထပ် ဒေါ်စိန်ခင်ရဲ့အခန်းထဲမှာ ဘော်ကြယ်ပွင့်လေးတွေကျနေတာ တွေ့ရတယ်ဗျ၊ ဒီကတည်းက လူသတ်မှုဟာ ရုပ်သေးအဖွဲ့နဲ့ ပတ်သက်မယ်လို့ ယူဆခဲ့တယ်၊ ရုပ်သေးအဖွဲ့ကို စစ်ဆေးကြည့်တော့ ထူးခြားတာ တစ်ခုက ရုပ်သေးပွဲမှာ ဇော်ဂျီရုပ်ကို မသဒ္ဒါမကဘူးဆိုတာပဲ၊ မြန်မာရုပ်သေးမှာ မင်းသမီးရုပ်နဲ့ ဇော်ဂျီရုပ်ဟာ ကရတာ အခက်ခဲဆုံးပဲ၊ ဇော်ဂျီရုပ်က ကြိုးဆွဲရတာ နည်းပေမဲ့ လှုပ်ရှားဟန်များလို့ ကရခက်တယ်လေ၊ မသဒ္ဒါဇော်ဂျီကတဲ့ အချိန်ကည ၉ နာရီဝန်းကျင်လောက်ပဲ၊ လူသတ်မှုဖြစ်ပွားတဲ့ အချိန်ကလည်း ည ၉ နာရီဆိုတော့ မသဒ္ဒါကို မသင်္ကာဖြစ်မိတယ်၊ ဂဠုန်ထွက်ရင် "မိန်းမောင်း"ကိုတီးရတယ်၊ ဘီလူးရုပ်၊ ကျေးရုပ်ထွက်တဲ့အခါ "မြမန်းဂိရိ" ကို တီးရတယ်၊ ဇော်ဂျီထွက်တဲ့အခါ "လွမ်းချော



www.burmeseclassic.com

www.burmeseclassic.com



သည်မြိုင်လယ်''ကို တီးရတယ်၊ မြင်းရုပ်ထွက်ရင် ''ရွှေဘိုမြင်းရယ်လေ'' ကို တီးရတယ်၊ ဆိုင်းအဖွဲ့က တာဝန်ကျေတယ်ဗျ၊ သူတို့တီးရတဲ့အကွက်ကို မလစ်ဟင်းဘူး၊ ဒါကြောင့် သဒ္ဒါရုပ်စုံသဘင်က မသဒ္ဒါကိုပဲ ကျုပ် သံသယဖြစ်မိတယ်၊ နောက်တော့ ရုပ်သေးစင်ကိုသွားပြီး ရုပ်သေးရုပ်တွေကို စစ်ကြည့်လိုက်တော့ ရုပ်သေးရုပ် (၂၇)ရုပ်ပဲရှိတယ်၊ ရုပ်သေးဘသင်တွေမှာ ရုပ်သေးရုပ် (၂၈)ရုပ်ကလေ့ရှိတယ်၊ မသဒ္ဒါတို့ဆီမှာ ရုပ်သေးရုပ်တစ်ရုပ် ပျောက်နေတယ်၊ ပျောက်နေတဲ့ ရုပ်သေးရုပ်က စုန်းမရုပ်ပဲ၊ မသဒ္ဒါဟာ စုန်းမရုပ်ကို ရင်ခွင်ပိုက်ပြီး လူသတ်မှုကျူးလွန်တဲ့အခါမှာ အသုံးပြုခဲ့တယ်၊ ဒါပေမဲ့ စုန်းမရုပ်က ဘော်ကြယ်လေးတွေကတော့ လူသတ်မှုဖြစ်ပွားရာအခန်းထဲမှာ သဲလွန်စအနေနဲ့ ကျန်ခဲ့တယ် ''

ဟု ဆိုလိုက်ရာ ကျွန်ုပ်က ဝင်ရောက်၍

'' ဂျမဒါ ခရီးထွက်သွားတာ ဘာကြောင့်လဲ ''





ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

'' ဒေါ်စိန်ခင်တို့ရဲ့အိမ်က ဧည့်ခန်းမှာချိတ်ထားတဲ့ မြို့နယ်အသင်းရဲ့မှတ်တမ်းအရ သူတို့ရဲ့ဇာတိမြို့ကို သိခဲ့ရတယ်၊ ဒါကြောင့် ဇာတိမြို့ကိုသွားပြီးစုံစမ်းတော့ ဒေါ်စိန်ခင်တို့ညီအစ်မနဲ့ မသဒ္ဒါရဲ့ ရန်ငြိုးရန်စကို သိခဲ့ရတယ်၊ မသဒ္ဒါရဲ့ဘဝက အတော်သနားစရာကောင်းတယ်ဗျ၊ ဒီနေ့ခေတ် လူငယ်တွေ အတုယူဖို့လည်းကောင်းတယ်၊ စံပြုဖို့လည်းသင့်တယ်၊ ဒေါ်စိန်ခင်တို့ရဲ့ ဇာတိမြို့ကပြန်လာပြီး ကျုပ်က တရားခံ ဘယ်သူလဲဆိုတာ တိတိကျကျသိခဲ့ပေမဲ့ တိကျတဲ့သက်သေမရလို့ ဖမ်းမရသေးဘူး၊ မသဒ္ဒါဆီကို သွားတွေ့ပြီး စုန်းမရုပ်ကို စစ်ဆေးတော့လည်း မသဒ္ဒါက စုန်းမရုပ်ကို အနားပေးလိုက်ပြီ၊ စုန်းမရုပ်က သွေးစွန်းပေသွားတဲ့အတွက် ရုပ်သေးပွဲမှာ ဆက်မကချင်တော့ဘူးထင်တယ် ''

ဟု ပြောလေရာ ဌာနအုပ် ဦးရွှေမြိုင်က



www.burmeseclassic.com

www.burmeseclassic.com



" ရုပ်သေးရုပ်မှာ ခလုတ်တပ်ပြီး ဓားတိုလေးထည့်ထားတာ အံ့ဩစရာပဲဗျာ၊ လက်ရာမြောက်လိုက်တာ၊ တော်ရုံတန်ရုံလူ ရှာမတွေ့နိုင်ဘူး "

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ဒါ ရှေးလက်ရာဗျ၊ အင်မတန် လက်ရာမြောက်တယ်၊ သံတစ်ချောင်းမရိုက်ဘဲ သပ်သပ်ရပ်ရပ်လုပ်ထားတာဗျ၊ ဓားသွားကတော့ သံမဏိသွားစစ်စစ်ပဲ၊ နောက်ဆုံးတော့ ကံကောင်းထောက်မစွာနဲ့ မသဒ္ဒါအနားပေးလိုက်တဲ့ စုန်းမရုပ်ကလေးကို ခြောက်ထပ်ကြီးဘုရားမှာ သွားတွေ့လိုက်တယ်၊ ဒီအမှုမြန်မြန်ပေါ်တာ ကျုပ်တို့ကံကောင်းတာလည်း ပါတယ်ဗျ "

ဟု ပြောလိုက်၏။ ထိုအခါ ဌာနအုပ် ဦးရွှေကြိုင်က

" ဂျမဒါမင်းထင် ကံကောင်းပေမဲ့ ကျုပ်ကတော့ ကံမကောင်းဘူးဗျ၊ ကိုစိန်ဖေဆိုတဲ့လူကို မှားပြီးဖမ်းထားတာ အမြန်ပြန်လွှတ်ပေးလိုက်ရတယ်၊ သတင်းစာထဲမှာ ကိုစိန်ဖေဖမ်းတဲ့သတင်းပါပြီးဆိုတော့ ကျုပ်ကိုတော့ သတင်းထောက်တွေကဆော်တော့မှာ မြင်ယောင်သေးတယ်၊ ဂျမဒါမင်းထင် တော်ပါပေတယ်ဗျာ "

ဟု ချီးမွမ်းလိုက်လေရာ ဂျမဒါမင်းထင်သည် မည်သည့်စကားမျှမဆိုတော့ဘဲ ငြိမ်သက်စွာ ရှိနေလေ၏။

ထိုအခါ ကျွန်ုပ်က ဌာနအုပ် ဦးရွှေကြိုင်ကိုကြည့်၍

" မသဒ္ဒါရဲ့ထွက်ဆိုချက်တွေရရင် ကျုပ်ဖတ်ဦးမယ်နော်၊ တစ်နေ့ စာရေးဆရာဖြစ်ရင် ဒီအကြောင်းတွေကို ပြန်ရေးရမယ်ဗျ"

ဟု ပြောလိုက်လေ၏။ ဌာနအုပ် ဦးရွှေကြိုင်က

" စိတ်ချပါဗျာ၊ ထုံးစံအတိုင်း မသဒ္ဒါရဲ့ထွက်ဆိုချက်ကို ခင်ဗျားဖတ်ရမှာပါ "

ဟု ပြောလေ၏။





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရက်အနည်းငယ်ကြာသောအခါ မသဒ္ဒါ၏ထွက်ဆိုချက်ဖိုင်တွဲကြီးကို ဌာနအုပ် ဦးရွှေကြိုင်ထံမှ ကျွန်ုပ် ဖတ်ခွင့်ရခဲ့လေ၏။

ထိုမှတ်တမ်းကြီးသည် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းပြီး နာကြည်းကြေကွဲဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ် စိတ်ရွှင်လန်း တက်ကြွဖွယ်၊ အတုယူဖွယ်များ စုံစုံလင်လင်ပါရှိသည်ဖြစ်ရာ ကျွန်ုပ်က

"ဂျူမဒါမင်းထင်နှင့် စုန်းမ"

ဟု အမည်တပ်ကာ စိတ်ဝင်စားဖွယ် ဝတ္ထုရှည်ကြီးအဖြစ် ရေးသားတင်ဆက်လိုက်ရပေသည်။





မြို့တစ်မြို့၌ မသဒ္ဒါဆိုသော မိန်းကလေးတစ်ဦးရှိလေ၏။

မသဒ္ဒါသည် မိခင်အိုကြီးနှင့်အတူနေထိုင်ပြီး ကျောင်းက ပြန်သည့်အချိန်၌ မိခင်အိုကြီးလုပ်ပေးသော မုန့်ဖက်ထုပ်များကို မြို့ထဲ၌ လည်ပြီးရောင်းချလေ၏။

မသဒ္ဒါ၏မုန့်ဖက်ထုပ်များသည် အရသာကောင်းမွန်သဖြင့် ကြိုက်နှစ်သက်သူများပြား၏။ မသဒ္ဒါကိုရင်းနှီးခင်မင်သောသူများက



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖက်ထုပ်ဟု နောက်ပြောင်ပြီး ခေါ်ဝေါ်ကြ၏။

ထိုသို့ခေါ်ဝေါ်သော်လည်း မသဒ္ဒါသည် စိတ်ဆိုးခြင်းမရှိဘဲ

" မုန့်ဖက်ထုပ်ရောင်းလို့ မုန့်ဖက်ထုပ်လို့ခေါ်တာ နာစရာ မရှိပါဘူးဟယ်၊ ငါက သူများပစ္စည်း ခိုးစားတာမှမဟုတ်တာ"

ဟု ချစ်စဖွယ် ပြန်လည်ပြောဆိုတတ်၏။

မသဒ္ဒါသည် မုန့်ဖက်ထုပ်ရောင်းသော်လည်း ကျောင်း၌ စာတော်ပြီး အတန်းထဲ၌ ပထမသာစွဲ၏။ မသဒ္ဒါကို မနာလိုသော ပိုက်ဆံဝါးလား သားသမီးများက ကျူရှင်ဆရာများကို အိမ်ခေါ်၍ စာသင်သော်လည်း မသဒ္ဒါကို သာလွန်ခြင်းမရှိကြချေ။

တချို့ ငွေကြေးတတ်နိုင်သော ကျောင်းသူကျောင်းသားများက ဆရာ၊ ဆရာမများကို တန်စိုးလက်ဆောင်ပေး၍ မသဒ္ဒါထက် သာလွန်အောင် ကြိုးစားကြ၏။

သို့သော် ကျောင်းအုပ်ဆရာကြီး ဦးဘလှအောင်သည်





တည်ကြည်ဖြောင့်မတ်သူဖြစ်သဖြင့် ဆရာ၊ ဆရာမများက တန်စိုး လက်ဆောင်ယူရန် မဖြစ်နိုင်ကြချေ။

မသဒ္ဒါ၏ အခင်ဆုံးသူငယ်ချင်းမှာ မောင်စိန်ဖေဖြစ်၏။ မောင်စိန်ဖေသည် မြင်းလှည်းဆရာကြီး၏သားဖြစ်ပြီး ကျောင်းအားရက်များ၌ ၄င်းကိုယ်တိုင် မြင်းလှည်းမောင်းပြီး ဖခင်ကြီးကို အနားရစေ၏။

မောင်စိန်ဖေ မြင်းလှည်းမောင်းသော ရက်များ၌ မောင်စိန်ဖေနှင့် မသဒ္ဒါသည် မြို့ပြင်ဆုတောင်းပြည့်ဘုရားသို့ သွားပြီး ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်ပူဇော်လေ့ရှိ၏။

မသဒ္ဒါသည် ဘာသာတရားကိုင်းရှိုင်းသူဖြစ်သဖြင့် အပတ်စဉ် ဆုတောင်းပြည့်ဘုရားသို့သွား၍ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်၍ ကုသိုလ်ယူလေ့ရှိ၏။

တစ်နေ့သ၌ မမျှော်လင့်ဘဲ မသဒ္ဒါ၏မိခင်အိုကြီး ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



သွားရှာ၏။ မသဒ္ဒါ ကျောင်းမှပြန်လာသောအခါ မိခင်အိုကြီးကို ခေါ်လို့မရတော့ဘဲ အိပ်ရာပေါ်တွင် သေဆုံးနေလေ၏။

မသဒ္ဒါသည် မိခင်အိုကြီးကိုဖက်၍ သည်းထန်စွာ ငိုကြွေးရှာ၏။ မကြာမီ အိမ်နီးချင်းများရောက်ရှိလာပြီး မသဒ္ဒါကို အားပေးစကားပြောကြလေ၏။

မောင်စိန်ဖေလည်း ရောက်ရှိလာပြီး မသဒ္ဒါ၏နံဘေး၌ ဖေးမကူညီရှာ၏။ မသဒ္ဒါသည် မိခင်ကြီးနှင့် အမေတစ်ခု၊ သမီးတစ်ခု ဘဝဖြစ်သဖြင့် များစွာ ပူဆွေးဝမ်းနည်းခြင်း ဖြစ်ရလေ၏။

မသဒ္ဒါ၏မိခင်ကြီး ရက်လည်သောအခါ သူမ၏အိမ်၌ လာရောက်စောင့်ရှောက်သော အိမ်နီးချင်းများ ပြန်ရန်ပြင်ကြ၏။ ထိုအခါ အိမ်ကလေး၌ မသဒ္ဒါတစ်ကိုယ်တည်း အထီးကျန် ဖြစ်သွားရလေ၏။

ထိုမြင်ကွင်းကိုမကြည့်ရက်သော ဆရာမအပျိုကြီးတစ်ဦးက





ရပ်မိရပ်ဖများရှေ့၌ မသဒ္ဒါကို မွေးစားလိုကြောင်း ပြောလေ၏။

မသဒ္ဒါသည် မိမိအတွက် သူတစ်ပါး ဝန်ထုပ်ဝန်ပိုးဖြစ်မှာ စိုးသဖြင့် ငြင်းဆန်ရန် ကြိုးစားလေ၏။

သို့သော် လူကြီးသူမများ၏စကားကို မလွန်ဆန်နိုင်သဖြင့် အိမ်ကလေးကိုပိတ်၍ ဆရာမကြီးအနောက်သို့ လိုက်ပါသွားရလေ၏။

ဆရာမကြီး၏အိမ်သည် ကျောင်းနှင့် မလှမ်းမကမ်း၌ ရှိလေ၏။ ဆရာမကြီးသည် မသဒ္ဒါ မုန့်ဖက်ထုပ်ရောင်းခြင်းကို သူမ၏ဂုဏ်သိက္ခာထိခိုက်စေသဖြင့် ခွင့်မပြုတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



မသဒ္ဒါသည် ဆရာမကြီး၏နေအိမ်၌ စည်းကမ်းတင်းကျပ်စွာ နေထိုင်ရလေ၏။ မသဒ္ဒါသည် ဆရာမ၏ တင်းကျပ်လှသော စည်းကမ်းများနှင့်နေထိုင်ရခြင်းကို ဆင်းရဲလှသည်ဟု ခံစားရလေ၏။

ဆရာမကြီးသည် မသဒ္ဒါကို ရင်ဖုံးအင်္ကျီ၊ ဘီအေ ဆံထုံးနှင့် ထဘီကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်စေ၏။ မသဒ္ဒါသည်





မုန့်ဖက်ထုပ်သည်ဘဝက လွတ်လပ်စွာနေထိုင်သွားလာ ရခြင်းကို ပိုမိုနှစ်သက်လေ၏။

မသဒ္ဒါသည် ကျောင်းမှပြန်လာသည့်အခါ ဆရာမကြီး၏ အဝတ်အစားများကို လျှော်ဖွတ်ပေးရလေ၏။ ဆရာမကြီးသည် မသဒ္ဒါ ရောက်ရှိသည့်အချိန်မှစ၍ ၎င်း၏အိမ်၌ ကူဖော် လောင်ဖက် အဖြစ်ခေါ်ယူထားသော မိန်းကလေးကို တောသို့ ပြန်လွှတ်လိုက်လေ၏။

မသဒ္ဒါသည် ဆရာမကြီး၏ တင်းကျပ်လှသော စည်းကမ်းများကြောင့် စိတ်ဆင်းရဲစွာ နေထိုင်ရလေ၏။

မိခင်အိုကြီးနှင့်နေထိုင်စဉ်က မြို့ထဲတွင် လှည့်၍ မုန့်ဖက်ထုပ်ရောင်းရခြင်းသည် ပင်ပန်းဆင်းရဲသော်လည်း ပျော်ရွှင်စရာကောင်း၏။

ဆရာမကြီးနှင့်နေထိုင်သောအခါ ပင်ပန်းသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲလှသဖြင့် ငရဲကျသည့်နှယ် ခံစားရလေ၏။

ဆရာမကြီးသည် မသဒ္ဒါရောက်လာကာစက ချိုသာစွာ ဆက်ဆံသော်လည်း နောက်ပိုင်း၌ သူမအလိုမကျသည့်အခါ ရိုင်းပျစွာ ပြောဆိုဆက်ဆံလေ၏။

ဤသို့ဖြင့် မသဒ္ဒါသည် ဆရာမကြီး၏အိမ်၌ မွေးစားသမီးအမည်ခံပြီး အိမ်စေဘဝသို့ ရောက်ရှိခဲ့လေ၏။

မသဒ္ဒါသည် ဆရာမကြီးနှင့်နေထိုင်သည့်အချိန်မှစ၍ အခင်ဆုံး သူငယ်ချင်းမောင်စိန်ဖေနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့် မရတော့ချေ။

မောင်စိန်ဖေသည် သနားညှာသူဖြစ်သဖြင့် မသဒ္ဒါထံသို့ လာ၍ သနားအတူတူတွက်လေ့ရှိ၏။ ထိုမြင်ကွင်းကိုကြည့်၍ ဆရာမကြီးက

" ညည်းနဲ့ ဒီကောင်လေးရဲ့ နေပုံထိုင်ပုံတွေကို ငါ မကြိုက်ဘူး၊ ဟိုးအရင်တုန်းက ဘယ်လိုပဲနေနေ၊ ငါ့ရှေ့မှာ ဒီလိုနေတာ





မကြိုက်ဘူး၊ မတော်တရော်တွေဖြစ်သွားရင် ငါ တစ်သက်လုံး ထိန်းလာတဲ့ အပျိုကြီးဂုဏ်သိက္ခာတွေ ကျသွားလိမ့်မယ်၊ ဒီနေ့ကစပြီး ဒီကောင်လေးကို အိမ်မခေါ်ရဘူး၊ သူ့အိမ်ကိုလည်း သွားမလည်ရဘူး၊ ကျောင်းမှာလည်း မခေါ်ရဘူး "

ဟု အမိန့်ထုတ်လေ၏။

မသဒ္ဒါသည် ဆရာမကြီး၏အမိန့်ကို မောင်စိန်ဖေအား မပြောရက်အောင် ဖြစ်မိလေ၏။ သို့သော် အကင်းပါးသော မောင်စိန်ဖေသည် မသဒ္ဒါ၏အမူအရာကိုကြည့်၍ သဘောပေါက်သွားပြီး

" ငါနားလည်ပါတယ် မသဒ္ဒါရယ်၊ ဆရာမကြီးရဲ့ အုပ်ထိန်းမှုအောက်မှာ နေထိုင်ရတယ်ဆိုတော့ သူ့စည်းကမ်း အတိုင်း နေထိုင်ရမှာပေါ့ "

ဟု ပြောလေရာ မသဒ္ဒါက သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" ငါတို့အခင်ဆုံးသူငယ်ချင်းနှစ်ယောက် အဓိပ္ပါယ်မရှိဘဲ ခွဲခွာရတာ စိတ်မကောင်းဘူး "

ဟု ပြောလိုက်လေ၏။

မသဒ္ဓါသည် ထိုအချိန်မှစ၍ မောင်စိန်ဖေနှင့် တွေ့ဆုံခြင်း မရှိတော့ချေ။

တစ်ခါတစ်ရံ ကျောင်း၌တွေ့ဆုံသောအခါ မတတ်သာ၍ ပြောဆိုဆက်ဆံရလေ၏။

မောင်စိန်ဖေသည်လည်း မသဒ္ဓါကို မြင်သာမြင်ပြီး မကြင်ရသည့်ဘဝသို့ရောက်သောအခါ ရင်ထဲတွင် အမျိုးအမည် မသိသော ဝေဒနာတစ်မျိုးကို ခံစားရလေ၏။

မသဒ္ဓါကမူ ပညာကိုသာ ကြိုးစားပြီးသင်ယူလေရာ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပြီး နှစ်စဉ် ပထမဆုရလေ၏။

တစ်ခါတစ်ရံ သချာဆရာကြီး၏ ဆုပ္ပကြိမ်းမောင်းခြင်း





ခံရသော မောင်စိန်ဖေကိုမြင်ရလေရာ သူမ၏ရင်ထဲတွင် များစွာ စိတ်မကောင်းခြင်း ဖြစ်ရလေ၏။

သို့သော် သဗ္ဗေ သတ္တာ ကမ္မသကာဟူ၍ပင် သဘောထားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဆရာမကြီးက မသဒ္ဒါအား နံနက်စောစော ထ၍ ခရေပန်းကောက်ရန် စေခိုင်းလေ၏။ ဆရာမကြီးသည် ခရေပန်းများကို အလွန်နှစ်သက်လေ၏။

မသဒ္ဒါသည် နံနက်စောစောထ၍ ခြင်းကလေးတစ်လုံး ကိုင်ကာ ခရေပန်းကောက်ရန် ထွက်ခဲ့လေ၏။ သူမသည် နံနက်ဝေလီဝေလင်းအချိန်၌ ခရေပင်ကြီးအောက်တွင် ခရေပွင့်





လေးများကို တစ်ပွင့်ပြီးတစ်ပွင့် ကောက်လေ၏။

မသဒ္ဒါရောက်ရှိနေသော ခရေပင်ကြီးသည် ဆရာမကြီး၏ အိမ်နှင့် မလှမ်းမကမ်း၌ရှိလေ၏။

မသဒ္ဒါ ခရေပွင့်လေးများကောက်နေစဉ် စက်ဘီးတစ်စီး ၏ ဘဲလ်သံကိုကြားရသဖြင့် ထိုင်ရာမှထလိုက်၏။

ထိုအခါ စက်ဘီးသည် မသဒ္ဒါကို ရုတ်တရက်ရှောင်ပြီး တိမ်းမှောက်သွားလေ၏။ မသဒ္ဒါသည် မိမိကိုရှောင်တိမ်းရင်း စက်ဘီးမှောက်သွားသဖြင့် စက်ဘီး၏အနီးသို့ပြေးကာ

" ဘယ်လိုဖြစ်တာလဲဟင် "

ဟု မေးမြန်းလိုက်လေ၏။

စက်ဘီးစီးလာသူမှာ အသက်နှစ်ဆယ်ဝန်းကျင် လူငယ် တစ်ဦးဖြစ်၏။ ထိုသူက စက်ဘီးကိုဗွန်းဖယ်၍ နာကျင်ဟန်ဖြင့် မျက်နှာရှုံ့မဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဘာမှမဖြစ်ပါဘူးကွာ၊ မင်းကိုရှောင်လိုက်ရင်း အရှိန်လွန်သွားတယ် "

ဟု ပြောလေ၏။

မသဒ္ဒါသည် လူငယ်ကို မမြင်ဖူးသဖြင့် မျက်မှောင်ကြုတ်ကာ

" ရှင် ဒီမြို့ကမဟုတ်ဘူးနော် "

ဟု မေးမြန်းလိုက်ရာ ထိုသူက ခေါင်းညိတ်၍

" ကျုပ်က ရန်ကုန်မြို့မှာ ကောလိပ်ကျောင်းတက်နေတာဗျ၊ ကျုပ်အစ်မတွေက ဒီမြို့ကလေးက ဒေါ်စိန်မမနဲ့ ဒေါ်ရွှေမမဆိုတာ ကြားဖူးတယ် မဟုတ်လား "

ဟု ပြောလေ၏။

မသဒ္ဒါသည် စိန်မမနှင့် ရွှေမမဟူသော အမည်ကိုကြားသည်နှင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏။

စိန်မမနှင့် ရွှေမမသည် ၄င်းတို့မြို့၌ ချမ်းသာကြွယ်ဝဆုံး





ဖြစ်ပြီး တစ်မြို့လုံးရှိ ဆင်းရဲသားနင်းပြားများကို ခေါင်းပုံဖြတ်အမြတ်ထုတ်နေသူဖြစ်၏။

ထိုညီအစ်မနှစ်ဦးသည် ငွေတိုးချေးစားသူများဖြစ်ပြီး ၄င်းတို့မြို့ဝန်းကျင်၌ ညီအစ်မနှစ်ဦးပိုင် လယ်ယာမြေများ လက်ညှိုးထိုးမလွဲအောင် ရှိနေ၏။

မသဒ္ဒါသည် ကောလိပ်ကျောင်းသားဆိုသူကိုကြည့်၍

" သြော်… ရှင်က ဒေါ်စိန်မမတို့ရဲ့ မောင်ကိုး၊ ရှင့်အစ်မတွေကိုတော့ ကျွန်မတို့ သိပါတယ်ရှင်၊ တစ်မြို့လုံးမှာ နာမည်ကြီးတွေပဲ၊ ကဲ… ကျွန်မသွားတော့မယ် "

ဟု ဆိုကာ ကောလိပ်ကျောင်းသားလူငယ်ကို ကျောခိုင်း၍ ထွက်ခွာလာခဲ့လေ၏။

တစ်မြို့လုံးကို ခေါင်းပုံဖြတ်အမြတ်ထုတ်နေသော မိသားစုနှင့် ပတ်သက်ချင်စိတ်မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ကျောင်းသားလူငယ်သည် မသဒ္ဒါ၏နောက်ကျောကိုကြည့်၍ ကျန်ရစ်ခဲ့လေ၏။

ဆရာမကြီးသည် မသဒ္ဒါကို နေ့စဉ် ခရေပန်းကောက်နိုင်းလေ၏။ မသဒ္ဒါ ခရေပန်းကောက်သည့်အချိန်၌ ကောလိပ်ကျောင်းသားဆိုသူ စက်ဘီးနှင့်ရောက်ရှိလာပြီး မသဒ္ဒါနှင့်အတူ ခရေပန်းကောက်လေ၏။

ကောလိပ်ကျောင်းသားသည် ခရေပန်းကောက်ပြီးသောအခါ မသဒ္ဒါ၏ခြင်းတောင်းထဲသို့ ထည့်ပေးလေ၏။

ထိုအခါ မသဒ္ဒါကသူမ၏ခြင်းတောင်းလေးကို အနောက်သို့ဆွဲ၍

" အို… ကျွန်မဘာသာ ကောက်ပါ့မယ်၊ ရှင်ကောက်ပေးစရာ မလိုပါဘူး "

ဟု ငြင်းဆန်သော်လည်း ကောလိပ်ကျောင်းသားသည်





ခေါင်းမာစွာဖြင့် မသဒ္ဒါ၏ခြင်းတောင်းထဲသို့ ခရေပန်းများထိုးထည့်ပေးလေ၏။

မသဒ္ဒါသည် ကောလိပ်ကျောင်းသား၏နှောင့်ယှက်မှုကြောင့် ခရေပန်းကောက်လိုစိတ်မရှိတော့ချေ။ မသဒ္ဒါသည် ဆရာမကြီးအား ခရေပန်းမကောက်လိုကြောင်း ပြောဆိုလေရာ ဆရာမကြီးက ဒေါသတကြီးဖြင့်

" ငါ ခရေပန်း ဒီလောက်ကြိုက်တာသိလျက်သားနဲ့ နင်က ဘာဖြစ်လို့ ခရေပန်းမကောက်ချင်ရတာလဲ "

ဟု ဆူပူကြိမ်းမောင်းလေ၏။

မသဒ္ဒါသည် မိမိကို လာရောက်နှောင့်ယှက်နေသော ကောလိပ်ကျောင်းသားအကြောင်းကို မပြောဖြစ်ခဲ့ချေ။

ဤသို့ဖြင့် မသဒ္ဒါသည် ခရေပန်းကောက်သည့်အချိန်တိုင်း ကောလိပ်ကျောင်းသား၏ အနှောင့်အယှက်ပေးမှုကို ခံနေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ကျောင်းသားသည် မသဒ္ဒါကို မေတ္တာရှိသည် ဟု ဆိုလာပြန်၏။ မသဒ္ဒါသည် ကောလိပ်ကျောင်းသား၏စကား ကို ချက်ချင်းခေါင်းခါယမ်း၍

" ရှင့်ကို ကျွန်မ ရှင်းရှင်းပဲပြောမယ်၊ ရှင်နဲ့ကျွန်မ အဆင့် အတန်းချင်း မတူဘူး ဘာညာနဲ့ မပြောတော့ဘူး၊ ဘာကြောင့်လဲဆို တော့ ရှင့်ကို ကျွန်မ နည်းနည်းလေးမှ မေတ္တာမရှိလို့ပဲ၊ ဘယ်တော့ မှလည်း ချစ်လာမှာမဟုတ်ဘူး၊ ဒါကြောင့် ရှင် ဆက်ပြီးမကြိုး စားပါနဲ့ "

ဟု ဆိုလိုက်ရာ ကောလိပ်ကျောင်းသားသည် မခံချင်စိတ် ဖြစ်သွားပြီး

" ကောလိပ်မှာ ငါ့ကိုလိုချင်တဲ့မိန်းမတွေ အများကြီး ရှိတယ်ကွ၊ စိန်မောင်မောင်ဆိုတဲ့ကောင်က လိုချင်တာရှိရင် မရရ အောင် ယူတတ်တယ်ကွ၊ မှတ်ထား "





ဟု ခြိမ်းခြောက်လိုက်ရာ မသဒ္ဒါက မျက်နှာကိုမဲ့၍

" ရှင့်နာမည် စိန်မောင်မောင်ဆိုတာ ကျွန်မ အခုမှသိ တယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် ရှင့်ကို ကျွန်မ လုံးဝစိတ်မဝင် စားဘူးဆိုတာ သိသာပါတယ်၊ ရှင် ကျွန်မကို အချိန်ကုန်ခံပြီး မကြိုးစားချင်ပါနဲ့၊ ရှင့်ကို စိတ်မဝင်စားသလို ရှင်တို့မိသားစုကို လည်း ကျွန်မ မနှစ်သက်ဘူး၊ ရှင့်အစ်မတို့ဟာ တစ်မြို့လုံးရဲ့ မေတ္တာကို ခံယူနေတဲ့လူတွေလေ "

ဟု ဆိုလိုက်၏။ မသဒ္ဒါ၏စကားကြောင့် စိန်မောင်မောင် က အံကိုကြိတ်၍

" မင်းက ငါ့ကို မထီလေးစားလုပ်ရုံမကဘူး၊ ငါ့အစ်မ တွေကိုပါ စော်ကားနေတာကိုး၊ ဒီနေ့ကစပြီး မင်းကို ငါ မရရ အောင် ယူမယ်လို့ စိန်ခေါ်တယ်ကွာ "

ဟု ပြောလိုက်ရာ မသဒ္ဒါက အံကိုကြိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ရှင်စိန်ခေါ်လည်း ကျွန်မ ဂရုမစိုက်ဘူး၊ ရှင် သိက္ခာရှိရင် မကြည်ဖြူတဲ့မိန်းကလေးအနားမှာ အရက်မရှိမနေနဲ့ "

ဟု ဆိုလိုက်လေ၏။

ထိုနေ့မှစ၍ စိန်မောင်မောင်ဆိုသော ကောလိပ်ကျောင်းသားသည် မသဒ္ဒါ ခရေပန်းကောက်ရာနေရာသို့ ရောက်ရှိလာခြင်း မရှိတော့ချေ။

မသဒ္ဒါသည် ထိုအခါမှပင် စိတ်အေးချမ်းသာစွာ ခရေပန်းကောက်ရလေ၏။





တစ်နေ့တွင် မသဒ္ဒါသည် ခရေပန်းကောက်ရန် နံနက်စောစောထွက်ခဲ့လေ၏။ မသဒ္ဒါသည် မြေပေါ်တွင် ကြွေကျနေသော ခရေပန်းလေးများကို တစ်ပွင့်ပြီးတစ်ပွင့် ကောက်ယူနေလေ၏။

ထိုအခိုက်မှာပင် မီးစုံဖွင့်၍မောင်းလာသော ဂျစ်ကားတစ်စီးသည် မသဒ္ဒါ၏အနီးသို့ ထိုးရပ်လာ၏။ မသဒ္ဒါသည်



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ထိုးရပ်လာသော ဂျစ်ကားကို တအံ့တသြဖြင့် မော့ကြည့်လိုက်ရာ ဂျစ်ကားပေါ်မှ လူတစ်ဦးက မသဒ္ဒါကို ကားပေါ်သို့ ရုတ်တရက် ဆွဲတင်လိုက်၏။

မသဒ္ဒါသည် အထိတ်တလန့်အော်ဟစ်၍ ဂျစ်ကားပေါ်သို့ ရောက်ရှိသွား၏။ မသဒ္ဒါ ဂျစ်ကားပေါ်သို့ရောက်သောအခါ ကားသည် တရှိန်ထိုးထွက်သွားလေ၏။

မသဒ္ဒါသည် အော်ဟစ်ရုန်းကန်ရင်း ဂျစ်ကားပေါ်သို့ ပါသွားလေ၏။

မသဒ္ဒါကို ကားပေါ်သို့ဆွဲတင်သူမှာ စိန်မောင်မောင်ဖြစ်နေကြောင်း တွေ့ရလေ၏။ စိန်မောင်မောင်သည် သဘောကျ စွာဖြင့် ရယ်မော၍

" ဟား ဟား ဟား… မင်း အခုတော့ ငါ့လက်ထဲ ရောက်ပြီ "





ဟု ကြုံးဝါးလိုက်လေ၏။

မသဒ္ဒါသည် စိန်မောင်မောင်ကို မုန်းတီးနာကြည်းစွာဖြင့်

" လူယုတ်မာ… ကားကိုရပ်၊ အခုရပ်စမ်း "

ဟု ပြောဆိုလေ၏။ စိန်မောင်မောင်က တဟားဟား ရယ်မော၍

" မရပ်ဘူး၊ မရပ်ဘူး၊ မင်းကို ငါ ခိုးပြေးတာကွ၊ ဒီနေ့က စပြီး မင်းက ငါ့မိန်းမဖြစ်ပြီ "

ဟု အော်ဟစ်ပြောဆိုလေ၏။ စိန်မောင်မောင်၏စကားကြောင့် မသဒ္ဒါသည် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားပြီး

" လူယုတ်မာ… နင့်လိုလူမျိုးကို ငါမယူဘူး၊ ကားကို အခုရပ်စမ်း၊ မရပ်ရင် ကားပေါ်က ခုန်ချလိုက်မယ် "

ဟု ပြောဆိုလေ၏။ စိန်မောင်မောင်သည် အရှိန်ပြင်းစွာ မောင်းနှင်နေသော ဂျစ်ကားပေါ်မှ မသဒ္ဒါ ခုန်မဆင်းဖို့ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ကာ

" ဟား ဟား ဟား… ဒီလောက်အရှိန်ပြင်းတဲ့ကားပေါ်က ခုန်ဆင်းရဲရင် ဆင်းလိုက်လေ၊ မင်း မသာပေါ်သွားမယ် "

ဟု စိန်ခေါ်လိုက်လေ၏။

မသဒ္ဒါသည် စိန်မောင်မောင်လိုလူမျိုးနှင့် လက်ထပ်ရမည့်အစား ဂျစ်ကားပေါ်မှ ခုန်ချပြီး သေမြေကြီး၊ ရှင်ရွှေထီး ပြုလုပ်ရန် ဆုံးဖြတ်၏။

ဤသို့ဖြင့် အရှိန်ပြင်းစွာ မောင်းနှင်နေသော ကားပေါ်မှ ခုန်ချရန် ကြိုးစားလိုက်၏။ စိန်မောင်မောင်သည် မသဒ္ဒါ ကားပေါ်မှ ခုန်မချရဲဘူးထင်သဖြင့် ထိတ်လန့်သွားပြီး

" ဟေ့… မဆင်းနဲ့၊ မဆင်းနဲ့၊ ပြုတ်ကျရင် သေသွားလိမ့်မယ် "

ဟု အော်ဟစ်ကာ မသဒ္ဒါ၏လက်မောင်းကို လှမ်းဆွဲလေ၏။





ထိုအခိုက်မှာပင် ကားသည် လမ်းနံဘေးသစ်ပင်ရှိရာသို့ ဦးတည်သွားပြီး အရှိန်ပြင်းစွာ တိုက်မိလေ၏။

ကားသည် သစ်ပင်နှင့် အရှိန်ပြင်းစွာတိုက်မိသည့်အချိန်မှစ၍ မသဒ္ဒါသည် ကားပေါ်မှ လွင့်စင်ကျသွားပြီး မှောင်အတိကျသွားလေ၏။

မသဒ္ဒါ သတိရလာသောအခါ ဆေးရုံတစ်ရုံသို့ ရောက်ရှိနေကြောင်း ရိပ်စားမိလိုက်၏။ မသဒ္ဒါသည် မိမိ သေရွာမှ ပြန်လာပြီဖြစ်ကြောင်း သိလိုက်ရ၏။

ခဏကြာလျှင် မသဒ္ဒါအနီးသို့ ဆရာမလေးတစ်ယောက် ရောက်ရှိလာပြီး သူမ၏ဒဏ်ရာမှာ စိုးရိမ်ဖွယ်မရှိကြောင်း အားပေးစကား ပြောလေ၏။

ထိုသို့ပြောရင်း မသဒ္ဒါကို စိတ်မကောင်းဟန်ဖြင့် ကြည့်၍

" စိတ်ခိုင်ခိုင်ထားနော် ညီမ၊ ဟိုဘက်ခန်းက လူတော့



www.burmeseclassic.com

www.burmeseclassic.com



သေရာပြီ ”

ဟု ပြောလေရာ မသဒ္ဒါ တဏှာရူးစိန်မောင်မောင် တစ်ယောက် ကိစ္စချောသွားပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ကောလိပ်ကျောင်းသားနှင့် မသဒ္ဒါတို့ မြို့ပြင်၌ ကားမှောက်သောသတင်းသည် တစ်မြို့လုံးအနှံ့ ပြန့်နှံ့သွားလေ၏။

ထိုအခါ မသဒ္ဒါကိုမွေးစားသော ဆရာမအပျိုကြီးသည် ရှက်ရွံ့သည်ဆိုကာ မသဒ္ဒါကို တွေ့ဆုံခြင်းမရှိချေ။

မသဒ္ဒါသည် ဆေးရုံ၌ တစ်ကိုယ်တည်း အထီးကျန် နေထိုင်ရလေ၏။ ထိုသို့အထီးကျန်နေထိုင်စဉ် ဆေးရုံသို့ သူငယ်ချင်း မောင်စိန်ဖေ ရောက်ရှိလာ၏။

မောင်စိန်ဖေသည် မသဒ္ဒါကို ကရုဏာသက်စွာကြည့်၍

“ နင့်သတင်းကိုကြားရတာ စိတ်မကောင်းပါဘူးဟယ်၊ ဘယ်လိုဖြစ်တာလဲ၊ ကောလိပ်ကျောင်းသား စိန်မောင်မောင်





ဆိုတဲ့လူနဲ့ ဘယ်တုန်းက ရင်းနှီးလိုက်တာလဲ ”

ဟု မေးမြန်းလေရာ မသဒ္ဒါက ခေါင်းခါယမ်း၍

“ ငါက ဒီလူယုတ်မာနဲ့ ဘာလို့ရင်းနှီးရမှာလဲ၊ ဒီလူ သေသွားတာ ငါ လုံးဝ ဝမ်းမနည်းဘူး ”

ဟု ပြောလိုက်ရာ မောင်စိန်ဖေသည် မသဒ္ဒါကို အံ့သြဟန်ဖြင့်ကြည့်၍

“ ဟင်… ဒီလူနဲ့ နင် လုံးဝမရင်းနှီးဘူးလား၊ တစ်မြို့လုံးကလူတွေကတော့ နင်တို့နှစ်ယောက် ချစ်သူဖြစ်ပြီး နိုးရာလိုက်ပြေးတယ်လို့ သတင်းထွက်နေကြတယ်၊ ငါတောင် ကြားကာစက ဒီသတင်းကိုမယုံနိုင်ဘူး၊ နင့်ရဲ့မွေးစားဆရာမကြီးကိုယ်တိုင် ဒီအတိုင်းပြောနေတယ် ”

ဟု ပြောလိုက်ရာ မသဒ္ဒါသည် ရင်ထဲတွင် နာကျင်သွားလေ၏။



www.burmeseclassic.com

မိမိ၏မွေးစားမိခင် ဆရာမကြီးကိုယ်တိုင် ဤသို့ယုံကြည်

နေလျှင် တစ်မြို့လုံး၏တံတွေးခွက်၌ ပက်လက်မျောပေတော့မည်။

ရှက်၍ဖွယ်ကောင်းလှပေစွ။ မသဒ္ဒါသည် ဝမ်းနည်းလွန်း

သဖြင့် အံကိုတင်းတင်းကြိတ်ထားရာမှ မျက်ရည်များ စီးကျလာ

၏။ ကျောင်း၌ မိမိ၏မျက်နှာကို မည်သို့ပြရမည်နည်း။

သူဌေးသား ကောလိပ်ကျောင်းသားကို အမိဖမ်းချင်သော

မုန့်ဖက်ထုပ်သည်ဟု လှောင်ပြောင်ကြပေလိမ့်မည်။

မောင်စိန်ဖေသည် မျက်ရည်များကျဆင်းနေသော မသဒ္ဒါ

ကို ကြည့်၍

" သိပ်လည်းဝမ်းနည်းမနေပါနဲ့ မသဒ္ဒါရယ်၊ တရားကို

နတ်စောင့်ပါတယ်၊ နင့်ရဲ့ဂုဏ်သိက္ခာကို ငါယုံပါတယ် "

ဟု ပြောလေ၏။ မသဒ္ဒါက စိတ်ထိခိုက်ဟန်ဖြင့်

" နင်ယုံပေမဲ့ တစ်မြို့လုံးက ယုံမှာမဟုတ်ဘူး၊ ငါ





ရှေ့ဆက်ပြီး ဒီမြို့မှာ ဘယ်လိုလုပ်ပြီး မျက်နှာပြရမှာလဲ "

ဟု ရှေ့ရွတ်လိုက်လေ၏။

မောင်စိန်ဖေသည် မသဒ္ဒါကို ကရုဏာသက်စွာဖြင့် အားပေး

စကားအမျိုးမျိုး ပြောဆိုပြီး ပြန်သွားလေ၏။

မောင်စိန်ဖေပြန်သွားသောအခါ ပုလိပ်များရောက်ရှိလာပြီး

မသဒ္ဒါကို မေးခွန်းအမျိုးမျိုး မေးမြန်းကြ၏။

ပုလိပ်များသည် မသဒ္ဒါ၏ဖြေဆိုချက်များကို ယုံကြည်ခြင်း

မရှိဘဲ ကောလိပ်ကျောင်းသားနှင့် ပတ်သက်မှုရှိမရှိကိုသာ မေးမြန်း

နေလေ၏။

မသဒ္ဒါသည် ပုလိပ်များ၏မေးခွန်းများကို စိတ်မရှည်

တော့ဘဲ

" ရှင်တို့ ကျွန်မစကားကို မယုံရင်မတတ်နိုင်ဘူး၊ စိန်မောင်

မောင်ဆိုတဲ့ကောင်နဲ့ ကျွန်မ လုံးဝမပတ်သက်ဘူး၊ သူ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နာမည်ပျက်ရတဲ့အတွက် သူ့ကို သိပ်မုန်းတယ် ”

ဟု ဆိုလိုက်ရာ ပုလိပ်များသည် မသဒ္ဒါကို ဆက်လက်မေးမြန်းခြင်းမရှိတော့ဘဲ ဆေးရုံမှ ပြန်လည်ထွက်ခွာသွားလေ၏။

ထိုနေ့၌ စိန်မောင်မောင်၏အသုဘချသောနေ့ဖြစ်သဖြင့် မြို့ပေါ်ရှိ မသဒ္ဒါကို မမြင်ဖူးသူများသည် ဆေးရုံသို့ တကူးတက လာရောက်ကြည့်ရှုပြီး ကဲ့ရဲ့စကားဆိုကြလေ၏။

မသဒ္ဒါသည် မိမိ၌အပြစ်မရှိဘဲ အသားလွတ် ပြစ်တင်ဝေဖန်မှုများကြောင့် များစွာစိတ်ဆင်းရဲရလေ၏။

စိန်မောင်မောင်၏အစ်မများသည် မသဒ္ဒါ သိက္ခာကျဆင်းအောင် သွားပုတ်လေလွင့် သတင်းအမျိုးမျိုးကို ထုတ်လွှင့်နေလေ၏။

ငှင်းတို့၏မောင် ကောလိပ်ကျောင်းသားကို အမိဖမ်းရန်အတွက် မသဒ္ဒါက အတင်းအဓမ္မခိုးယူနိုင်းသည်ဟု သတင်းလွှင့်





ကြလေ၏။

မသဒ္ဒါကြောင့် ငှင်းတို့မောင်သည် လေ့လော်ရင်း တက်ကျိုးရသည်ဟု ဆိုလေ၏။ ထို့ကြောင့် ဆေးရုံသို့ လာရောက်ကြည့်ရှုသူများသည် မသဒ္ဒါကို မကြားတကြား ပြောဆိုပြီး ပြစ်တင်ဝေဖန်ကြလေ၏။

ဆေးရုံရှိ ဆရာမတစ်ဦးကပင်

“ ရုပ်ကလေး သနားကမားနဲ့ အတော်အကျင့်ယုတ်တဲ့မိန်းမပဲ၊ နင့်လိုမိန်းမမျိုး ငါတို့ဆေးရုံမှာ ဆေးကုမပေးသင့်ဘူး”

ဟု ပြစ်တင်ဝေဖန်လေ၏။

မသဒ္ဒါသည် ရင်နင့်ကြေကွဲလွန်းသဖြင့် ဆေးရုံ၌ စောင်ကို ခေါင်းမြီးခြုံ၍သာ နေလေ၏။

မသဒ္ဒါ ဆေးရုံမှဆင်းရမည့်နေ့သို့ရောက်သောအခါ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မြို့ပေါ်မှာ မနေဝံ့တော့ဘဲ ခြေဦးတည်ရာ အရပ်သို့ထွက်ခွာသွားမည်ဆိုသော ဆုံးဖြတ်ချက်ဖြစ်၏။

မသဒ္ဒါသည် လွယ်အိတ်စုတ်လေးတစ်လုံးကို လွယ်၍ ဆေးရုံမှ ဆင်းခဲ့လေ၏။

ဆေးရုံရှိ ဆရာမအချို့သည် မသဒ္ဒါကို မကြားတကြား ပြစ်တင်ကဲ့ရဲ့ပြီး ကျန်ရစ်ခဲ့လေ၏။





မသဒ္ဒါသည် ဆေးရုံလှေကားထစ်များမှဆင်းပြီး သစ်ပင်ရိပ်များအတိုင်း လျှောက်လှမ်းလာခဲ့၏။

တစ်နေရာသို့ရောက်သောအခါ သစ်ပင်တစ်ပင်အနောက်ရှိ ဂျစ်ကားထဲမှ စိန်မမနှင့် ရွှေမမဆိုသော မိန်းမနှစ်ယောက် ဆင်းလာပြီး စိန်မမက

“ မိန်းမလည်မ၊ နင့်ကြောင့် ငါ့မောင်သေရတယ်၊ ငါ့မောင်ကိုသေအောင်သတ်တဲ့ကောင်မ၊ နင့်ကို တစ်သက်လုံးမကျေနပ်ဘူး ”

ဟု ဆိုကာ မသဒ္ဒါ၏ပါးကို ဖြန်းခနဲ ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမမဆိုသော မိန်းမကလည်း

" ချူစားစရာရှားလို့ နင်လိုကောင်မက အညွန့်တလူလူ တက်နေတဲ့ ငါ့မောင်ကို ချူစားရသလား၊ အနူလက်နဲ့ ရွှေခွက်နိုက်ချင်တဲ့ ကောင်မ "

ဟု ဆိုကာ မသဒ္ဒါ၏ပါးကို ချပြန်၏။

မသဒ္ဒါသည် ဆေးရုံက ဆင်းကာစ၊ အားမရှိနေသဖြင့် မိန်းမယုတ်များ၏ရိုက်ခြင်းကို မခုခံနိုင်ဘဲ ရှိလေ၏။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ စိန်မမနှင့် ရွှေမမသည် မသဒ္ဒါကို ဆံပင်ဆွဲ၍ ပါးနားရိုက်ကြလေ၏။ မသဒ္ဒါ၏ မျက်နှာသည် သွေးသံရဲရဲဖြစ်သွားပြီး ခေါင်းထဲ၌မူးဝေကာ မြေပေါ်သို့ လဲကျသွားလေ၏။

ထိုအခါမှပင် စိန်မမနှင့် ရွှေမမသည် ကားပေါ်သို့တက်၍ မသဒ္ဒါအနီးမှ တရှိန်ထိုးမောင်းနှင်သွားလေ၏။





မသဒ္ဒါသည် အံကိုကြိတ်၍ လဲကျနေရာမှ ကုန်းရုန်းထလိုက်၏။ သူမ၏ဆံပင်များ ဖရိုဖရဲဖြစ်နေပြီး မျက်နှာတစ်ခုလုံး သွေးသံရဲရဲဖြစ်နေ၏။

သူမ၏အင်္ကျီလက်မောင်းမှာလည်း လူမြင်မကောင်း အောင် စုတ်ပြဲနေ၏။

မသဒ္ဒါ၏ရုက်ရွံ့ဖွယ်အခြေအနေကို အနီးပတ်ဝန်းကျင်ရှိ လူများအားလုံး တွေ့မြင်ကြသော်လည်း သိက္ခာမရှိသောမိန်းမဟု ယူဆကာ မည်သူမျှ ဝင်မကူဘဲရှိနေ၏။

မသဒ္ဒါသည် ခေါင်းထဲတွင် မူးဝေနေသည့်ကြားက သစ်ပင်ကိုမှီ၍ ကုန်းရုန်းထလိုက်၏။

ထိုအခါ ကြည့်ရှုနေသူများအနက် မိန်းမကြီးတစ်ဦးက မျက်နှာကိုရှုံ့မဲ့၍

" ငွေမက်ပြီး သူများသားသမီးကိုချူစားချင်တဲ့ကောင်မ၊



www.burmeseclassic.com

www.burmeseclassic.com



ခံရတာတောင် နည်းသေးတယ် ”

ဟု ဝေဖန်ကဲ့ရဲ့လေ၏။

မသဒ္ဒါသည် ထိုမြို့၌ ဆက်လက်မနေထိုင်ရန် ဆုံးဖြတ်ချက် နိုင်မာသွားလေ၏။ ထို့ကြောင့် အံကိုတင်းတင်းကြိတ်၍ မြို့ပြင်ကားဂိတ်သို့ ထွက်ခဲ့လေ၏။

ကားဂိတ်သို့ရောက်သောအခါ ဈေးသည်မိန်းကလေးများသည် သူမကို ဝိုင်းဝန်းကြည့်ရှုကြလေ၏။

ဈေးသည် မိန်းကလေးများသည် သူမ၏သတင်းကို ရိပ်စားမိပုံရ၏။ မသဒ္ဒါသည် ခေါင်းကိုငုံ့၍ မျက်နှာပေါ်ရှိ သွေးစများကို လက်ကိုင်ပဝါဖြင့် သုတ်နေမိ၏။

ခဏကြာလျှင် ဘတ်စ်ကားရောက်လာသဖြင့် ကားပေါ်သို့ တက်လိုက်လေ၏။ ကားထွက်စပြုသောအခါ မိမိအမည်ကို အော်ဟစ်ခေါ်ဝေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ကားရှိရာသို့





ကမန်းကတန်း ပြေးလိုက်လာသော မောင်စိန်ဖေ ကို မြင်ရ၏။

မောင်စိန်ဖေသည် ကားရှိရာသို့ ပြေးလိုက်လာပြီး၊

“ မသဒ္ဒါ… မသဒ္ဒါ ဘယ်ကိုသွားမှာလဲ ”

ဟု မေးမြန်းလေ၏။ မသဒ္ဒါက မောင်စိန်ဖေကိုကြည့်၍

“ ငါ စိတ်ဆင်းရဲလွန်းလို့ ဒီမြို့မှာမနေချင်တော့ဘူး၊ သွားတော့မယ် ”

ဟု ပြောလေ၏။ မောင်စိန်ဖေက မသဒ္ဒါကို စိုးရိမ်ဟန်ဖြင့် ကြည့်၍

“ မသွားပါနဲ့ မသဒ္ဒါ၊ မသွားပါနဲ့ ”

ဟု ကားနောက်ကိုပြေးလိုက်ရင်း ပြောလေ၏။

မသဒ္ဒါက အံကိုကြိတ်၍

“ ငါဆုံးဖြတ်ပြီးပြီ၊ နင်ပြန်တော့ ”

ဟု မောင်းနှင်ထုတ်လိုက်လေ၏။ မောင်စိန်သည် ကား



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ပြေးလိုက်လာရင်း အိတ်ထဲသို့နှိုက်၍

" ဒါဆိုရင် ငါပေးတာကို ယူလိုက် "

ဟု ဆိုကာ အိတ်ထဲရှိ ငွေစက္ကူအချို့ကို ပေးလေ၏။

မသဒ္ဒါသည် မောင်စိန်ဖေကျေနပ်စေရန် ငွေစက္ကူများကို ယူလိုက်လေ၏။

ထိုအချိန်တွင် ကားသည် အရှိန်မြင့်နေပြီဖြစ်သဖြင့်မောင်စိန်ဖေသည် ဆက်မလိုက်နိုင်တော့ဘဲ လမ်းနံဘေး၌လဲကျပြီး ကျန်ရစ်ခဲ့လေ၏။

ဤသို့ဖြင့် မသဒ္ဒါသည် ဘတ်စ်ကားကြီးဖြင့် ခရီးထွက်ခဲ့လေတော့၏။ သူမ၏ခရီးသည် ဦးတည်ရာမရှိချေ။ ဘတ်စ်ကားသွားရာနောက်သို့ လိုက်ပါခဲ့ခြင်းဖြစ်၏။





မြို့တစ်မြို့သို့ရောက်သောအခါ ဘတ်စ်ကားပျက်သွားသဖြင့် ဒရိုင်ဘာနှင့် စပယ်ရာသည် ကားကို ကြိုးစားပြီး ပြင်နေလေ၏။

မသဒ္ဒါသည် ဘတ်စ်ကားပေါ်မှဆင်း၍ အနီးပတ်ဝန်းကျင်သို့ လှည့်လည်ကြည့်ရှုလေ၏။

မသဒ္ဒါသည် ခြံကြီးတစ်ခြံ၏အရှေ့သို့ရောက်သောအခါ ခြံထဲ၌ ကလေးများဝိုင်းအုံကြည့်ရှုနေလေရာ ထိုနေရာကို ဝင်ရောက်ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကလေးများ၏အလယ်၌ အဘွားအိုတစ်ဦးရှိနေပြီး အဘွားအိုသည် ရုပ်သေးရုပ်ကလေးတစ်ရုပ်ကို အဆို၊ အငို၊ အပြော ပိုင်နိုင်စွာဖြင့် ကပြနေလေ၏။

အဘွားအိုသည် အရွယ်နှင့်မလိုက်အောင် ရုပ်သေးရုပ်ကလေးကို စိတ်ပါဝင်စားစွာ ကြိုးဆွဲကပြနေလေ၏။ အတန်ကြာအောင် ကပြပြီးနောက် အဘွားအိုသည် ရုပ်သေးကြိုးဆွဲခြင်းကို ရပ်တန့်လိုက်ပြီး

" ဒီနေ့တော့ တော်ပြီကွယ်၊ အဘွား မောနေပြီ "

ဟု ဆိုလိုက်ရာ ကလေးများသည် အဘွားအို၏ခြံဝန်းထဲမှ ပျော်ရွှင်စွာ ထွက်ခွာသွားလေ၏။

မသဒ္ဓါသည် အဘွားအို၏ခြံဝန်းထဲမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် အဘွားအိုက

" သမီးက ခရီးသွားထင်တယ်၊ ဘယ်မြို့ကိုသွားမလို့လဲ "





ဟု မေးမြန်းလေ၏။

မသဒ္ဓါသည် အဘွားအို၏စကားကြောင့် ပြောဆိုရခက်သွားပြီး

" ကျွန်မ… ကျွန်မ ဘယ်ကိုသွားရမှန်း မသိသေးပါဘူးရှင် "

ဟု ပြောလေ၏။ ထိုအခါ စိတ်ကောင်းရှိဟန်တူသော အဘွားအိုက

" အို… ငါ့သမီးရုပ်ရည်လေးနဲ့ ခြေဦးတည်ရာသွားလို့ ဘယ်ဖြစ်မှာလဲ၊ သမီးရဲ့မိဘတွေ မရှိဘူးလား၊ အိမ်ပေါ်က ဆင်းလာတာများလား၊ ဒါမှမဟုတ် ချစ်သူရည်းစားနဲ့ ခိုးရာလိုက်ပြေးလာတာလား "

ဟု မေးမြန်းလေ၏။ အဘွားအို၏စကားကြောင့် မသဒ္ဓါသည် သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မရဲ့ဘဝက ဆိုးပါတယ် အဘွားရယ်၊ အဘွားကို ဘယ်လိုကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး "

ဟု ဆိုကာ သူမဘဝ၏နောက်ကြောင်းကို ပြန်လည်ပြောဆိုလေ၏။

မသဒ္ဓါ၏စကားဆုံးသောအခါ အဘွားအိုက

" စိတ်မကောင်းစရာပဲ သမီးရယ်၊ သမီးအဖြစ်က ကိုယ့်မှာ အပြစ်မရှိဘဲ တစ်မြို့လုံးက အထင်လွဲတာကို ခံနေရတာကိုး၊ ဘာပဲဖြစ်ဖြစ် သမီးအရွယ်လေးနဲ့ ခြေဦးတည်ရာလျှောက်သွားမယ်ဆိုရင် မသမာသူနဲ့တွေ့ပြီး အန္တရာယ်များပါတယ်၊ လောလောဆယ် အဘွားဆီမှာ နေပါလားကွယ် "

ဟု ဖိတ်ခေါ်လေ၏။

မသဒ္ဓါသည် အဘွားအို၏စကားကြောင့် ရင်ထဲတွင် ကြည်နူးချမ်းမြေ့သွားလေ၏။





လောက၌ မိမိကို သနားကြင်နာတတ်သူရှိနေပါလားဟု တွေးမိ၏။ သို့သော် မိမိအတွက် အဘွားအို၌ ဝန်ထုပ်ဝန်ပိုးဖြစ်မှာ စိုးရိမ်လေ၏။ ထို့ကြောင့်

" အဘွားရယ်... ခိုကိုးရာမဲ့ဖြစ်နေချိန်မှာ အခုလို ဖိတ်ခေါ်တာ ဝမ်းသာလိုက်တာ၊ ရင်ထဲမှာလည်း အားရှိလိုက်တာ၊ ဒါပေမဲ့ သမီးအတွက် အဘွား ဝန်ထုပ်ဝန်ပိုးဖြစ်မှာပေါ့၊ နောက်ပြီးတော့ အဘွားရဲ့မိသားစုကရော သဘောတူကြည်ဖြူပါ့မလား "

ဟု မေးမြန်းလေ၏။ အဘွားအိုက ခေါင်းညိတ်၍

" ဒီအတွက် သမီးမပူပါနဲ့ကွယ်၊ အဘွားက တစ်ကောင်ကြွက်ပါ၊ မိသားစုမရှိပါဘူး၊ သမီးအတွက်လည်း အဘွားမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်ပါဘူး၊ သမီးကို မြင်မြင်ချင်း အဘွားရင်ထဲမှာ သမီးအရင်းတစ်ယောက်လိုပဲ အောက်မေ့မိနေတယ်၊ ဒါကြောင့် မသမာသူတွေနဲ့ တွေ့မှာစိုးလို့ ဖိတ်ခေါ်တာပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မသဒ္ဒါသည် အဘွားအိုဏ်ကျေးဇူးတရား ကို အသိအမှတ်ပြုရန် ဆုံးဖြတ်လိုက်ပြီး

" ဒါဆိုရင်လည်း လောလောဆယ် အဘွားနဲ့ပဲ သမီး နေပါ့မယ်၊ အဘွားကို ကိုယ့်အမေရင်းတစ်ယောက်လို သဘော ထားပြီး သမီး ပြုစုပါ့မယ် "

ဟု ပြောလိုက်၏။ ထိုအခါ အဘွားအိုက ပြုံးရွှင်စွာဖြင့်

" ဝမ်းသာလိုက်တာ သမီးရယ်၊ အဘွားရဲ့ခြောက်ကပ် နေတဲ့ဘဝဟာ ဒီနေ့ကစပြီး စိုပြေတော့မယ် "

ဟု ပြောလေ၏။ ထို့နောက် မသဒ္ဒါက

" အဘွား စောစောတုန်းက ရုပ်သေးကြိုးဆွဲနေတယ်နော်၊ အဘွားကြိုးဆွဲတာ ကြည့်လို့သိပ်ကောင်းတာပဲ၊ အဘွား ရုပ်သေး ကောင်းကောင်းကတတ်သလား "

ဟု မေးမြန်းလိုက်လေ၏။ အဘွားအိုက သဘောကျဟန်



ဖြင့် ရယ်မော၍

" အဘွားက ရုပ်သေးကောင်းကောင်းကတတ်တာပေါ့၊ အဘွား အရင်က ရုပ်သေးမင်းသမီးလုပ်ခဲ့တာပဲ၊ အဘွားရဲ့ ယောက်ျားရှိစဉ်က ရွှေဘိုရုပ်သေးသဘင်ဆိုတာ မြန်မာပြည် တလွှားမှာ အလွန်ကျော်ကြားခဲ့တာပေါ့၊ ယောက်ျားဆုံးပြီးတဲ့ နောက်ပိုင်း အဘွားလည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး ရုပ်စုံ သဘင်ကြီး ပြိုကွဲခဲ့ရတယ်၊ အဘွားယောက်ျားဆုံးတာကလည်း သွေးရိုးသားရိုးမှ မဟုတ်တာ "

ဟု ပြောရင်း အဘွားအိုဏ်မျက်နှာ၌ ဝမ်းနည်းရိပ်သန်း သွားလေ၏။

မသဒ္ဒါသည် အဘွားအိုဏ်စကားကို စိတ်ဝင်စားသွားပြီး

" အဘွားယောက်ျားက သွေးရိုးသားရိုးဆုံးတာ မဟုတ် ဘူး ဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်၏။ အဘွားအိုက ဝမ်းနည်းကြေကွဲဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး

“ ဒီအကြောင်းတွေကို အေးအေးဆေးဆေးမှ ပြောပါတော့မယ်၊ လောလောဆယ် ငါ့သမီး အိမ်ထဲကိုဝင်ပြီး နားပါဦးကွယ်၊ အမီးရေချိုးချင်ရင် အိမ်အနောက်မှာ ရေတွင်းရှိတယ်၊ ရေချိုးပြီးရင် အိမ်ထဲကိုဝင်ပြီး တရေးတမော အိပ်ပါဦးကွယ်”

ဟု ပြောလေ၏။

မသဒ္ဒါသည် ပင်ပန်းနွမ်းနယ်နေသဖြင့် အဘွားအို၏ စကားကို နားထောင်ပြီး ရေမိုးချိုးလေ၏။ ရေချိုးပြီးသောအခါ အနီးရှိ အခန်းထဲသို့ဝင်၍ တရေးတမော အိပ်စက်လေ၏။

မသဒ္ဒါ အိပ်ရာမှနိုးလာသောအခါ အဘွားအိုက လက်ဖက်တစ်ပန်းကန်သုပ်၍ အသင့်စောင့်ကြိုနေလေ၏။

အဘွားအိုက





“ လက်ဖက်စား သမီး၊ သမီး လက်ဖက်စားရင်း အဘွားတို့ ရုပ်စုံသဘင်အကြောင်းပြောပြမယ်၊ အဘွားရဲ့ ယောကျ်ားနာမည်က ဦးရွှေဘိုတဲ့၊ ကိုရွှေဘိုတို့ဟာ မျိုးရိုးစဉ်ဆက် ရုပ်သေးပညာရှင်တွေကွယ့်၊ ကိုရွှေဘိုရဲ့အဘိုးနဲ့အဖေက နန်းတွင်းက ရုပ်သေးဆရာကြီးတွေပေါ့ကွယ်၊ အရှင်နှစ်ပါးပါတော်မူပြီးတဲ့နောက်မှာ နန်းတွင်းက ရုပ်စုံပညာရှင်ကြီးတွေလည်း ပြည်သူကြားကို ရောက်လာခဲ့ရတယ် ”

ဟု ပြောလေရာ မသဒ္ဒါက

“ ရုပ်စုံသဘင်ကို အမြင့်သဘင်လို့လည်း ခေါ်ကြတယ်နော် ”

ဟု မေးမြန်းလေ၏။ အဘွားအိုက ခေါင်းညိတ်၍

“ ဟုတ်တာပေါ့ကွယ်၊ ရှေးတုန်းက ဇာတ်အငြိမ့်တွေကို မြေပေါ်မှာပဲ ကပြတဲ့အတွက် အနိမ့်သဘင်လို့ခေါ်တယ်၊ ရုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အမြင့်မှာ စင်နဲ့ကပြရတဲ့အတွက် အမြင့်သဘင်လို့ ခေါ်တာ ပေါ့၊ ဇာတ်၊ အငြိမ့်၊ ရုပ်သေးဆိုပြီး သဘင် ပညာသုံးမျိုးရှိတဲ့အနက် ရုပ်သေးပညာဟာ အခက်ခဲ အနက်နဲ ဆုံးလို့ ရှေးဆရာကြီးတွေက လက်ခံထားကြတယ်၊ အမေတို့ ရုပ်စုံသဘင်က စည်းကမ်းလည်း တော်တော်ကြီးတာပဲကွယ်၊ တော်ရုံတန်ရုံပညာနဲ့ ရုပ်စုံသဘင်ကလို့ မဖြစ်ဘူးကွယ် "

ဟု ပြောလေရာ မသဒ္ဒါက ခေါင်းညိတ်၍

" ကျွန်မ ရုပ်စုံသဘင်ကို ငယ်စဉ်ကတည်းက အသည်းစွဲ ကြိုက်ခဲ့တယ်၊ ရုပ်သေးရုပ်လေးတွေကို ကြိုးဆွဲတဲ့ပညာရှင် သိပ်ဖြစ်ချင်တာပဲ "

ဟု ပြောလေ၏။ မသဒ္ဒါ၏စကားကြောင့် အဘွားအိုသည် ဝမ်းမြောက်ဝမ်းသာဟန်ဖြင့် ကြည့်၍

" ငါ့သမီး တကယ်ပဲ ရုပ်သေးကချင်တာလား "





ဟု မေးမြန်းလေ၏။ မသဒ္ဒါက ခေါင်းညိတ်၍

" ကချင်တာပေါ့ အဘွားရယ်၊ ကျွန်မ ငယ်ငယ် ကတည်းက ရုပ်သေးရုပ်လေးတွေကို စွဲလမ်းနေတာပဲ "

ဟု ပြောလေ၏။ မသဒ္ဒါ၏စကားကြောင့် အဘွားအိုသည် အလွန်ဝမ်းသာသွားပြီး

" ရုပ်သေးပညာကို အဘွားမသေမီ အမွေပေးခဲ့ချင်ပေမဲ့ လက်ခံမဲ့သူမရှိလို့ အဘွားစိတ်ဆင်းရဲနေတာ၊ ငါ့သမီးက ရုပ်သေး ပညာသင်ချင်တယ်ဆိုတော့ ဝမ်းသာလိုက်တာ၊ ငါ့သမီး သင်ချင်ရင် သေတ္တာမှောက်တတ်တဲ့အထိ အဘွား သင်ပေးမယ် "

ဟု ပြောလေ၏။ အဘွားအို၏စကားကြောင့် မသဒ္ဒါက မျက်မှောင်ကြုတ်၍

" သေတ္တာမှောက်ဆိုတာ ဘာလဲ အဘွားရဲ့ "

ဟု မေးမြန်းလေ၏။ ထိုအခါ အဘွားအိုက



www.burmeseclassic.com

www.burmeseclassic.com



"သေတ္တာမှောက်ဆိုတာ ဒီလိုကွယ့်၊ ရုပ်သေးဆရာဟာ ရုပ်သေးရုပ်တွေကို သေတ္တာထဲမှာ အပြည့်အသိပ်ထည့်ထားတယ်၊ ရုပ်သေးရုပ်အပြည့်ထည့်ထားတဲ့သေတ္တာကို မှောက်ချလိုက်ပြီး ကျရာရုပ်သေးရုပ်ကို ကနိုင်တဲ့သူကို သေတ္တာမှောက် အဆင့်တတ်တယ်လို့ ဆိုကြတယ်၊ ငါ့သမီး ကြိုးစားပြီး သင်ယူမယ်ဆိုရင် သေတ္တာမှောက်တစ်ယောက် ဖြစ်မှာပဲ"

ဟု ဆိုလိုက်ရာ မသဒ္ဒါက ကြိုးစားသင်ယူမည်ဖြစ်ကြောင်း ပြောဆိုလေ၏။





ထိုအချိန်မှစ၍ မသဒ္ဒါသည် အဘွားအိုနှင့်အတူ ပျော်ရွှင်စွာ နေထိုင်လေ၏။ အဘွားအိုသည် သူမ၏ခြံအနောက်၌ ငှက်ပျောခြံကြီးတစ်ခြံကို ပိုင်ဆိုင်ထားပြီး ထိုငှက်ပျောခြံမှ ရရှိသောငွေဖြင့် အဘွားအို၏စားဝတ်နေရေး ပြည့်စုံစေ၏။

မသဒ္ဒါသည် အဘွားအိုအား ခွေမျိုးရင်းချာကဲ့သို့ သဘောထားပြီး ပြုစုယုယလေ၏။

အဘွားအိုသည် မသဒ္ဒါကို ရုပ်သေးပညာနှင့်ပတ်သက်၍ စုံလင်စွာ သင်ပြပေးလေ၏။ မသဒ္ဒါသည် အဘွားအိုထံမှ ရုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



ပညာနှင့်ပတ်သက်သည့် ဗဟုသုတများကိုလည်း သင်ကြားရလေ၏။

" ရုပ်သေးပညာရှင်တွေက ယောက်ျားတွေများတယ်ကွယ့်၊ ရှေးက မိန်းမတွေ ရုပ်သေးကလေ့မရှိဘူး၊ အဘွားတို့တောင် နောက်မှ ရုပ်သေးကို မိန်းမတွေကပြကြတယ်၊ ရုပ်သေးအဖွဲ့တစ်ဖွဲ့မှာ ရုပ်သေးရုပ် ၂၈ ရုပ်ရှိတယ်၊ ရုပ်သေးအဖွဲ့တစ်ဖွဲ့မှာ အတော်ဆုံး ပညာရှင်ဟာ မင်းသမီးနဲ့ ဇော်ဂျီရုပ်ကို ကပြရတယ်၊ ဇော်ဂျီရုပ်ကတော့ ကြိုးဆွဲရအခက်ဆုံးပဲကွယ် "

ဟု ပြောလေ၏။

အဘွားအိုသည် အိမ်၏အနောက်ဘက်အခန်း၌ ရုပ်သေးရုပ်များကို မြတ်နိုးစွာဖြင့် သိမ်းဆည်းထားလေ၏။

အဘွားအို၏အခန်းထဲ၌ နတ်ကတော်ရုပ်၊ သူဌေးရုပ်၊ စုန်းမရုပ်၊ ဇော်ဂျီရုပ် စသည်ဖြင့် အရုပ်များစုံလင်လှ၏။





မသဒ္ဒါသည် ရုပ်သေးရုပ်များကို ချစ်မြတ်နိုးသူဖြစ်သဖြင့် မြင်မြင်ချင်း ဝမ်းသာအားရပြေးပင်သွားပြီး

" ဟယ်... ရုပ်သေးရုပ်တွေ အများကြီးပါလား၊ ပျော်စရာကောင်းလိုက်တာ အဘွားရယ် "

ဟု ဆိုကာ ဖုန်အလိမ်းလိမ်းတက်နေသော ရုပ်သေးရုပ်များကို တယုတယ ပွတ်သပ်ကြည့်ရှုလေ၏။

မသဒ္ဒါက ဖုန်တက်နေသော ရုပ်သေးရုပ်များကို သန့်စင်ရန် အဘွားအိုကို ခွင့်တောင်းလိုက်ရာ အဘွားအိုက ခွင့်ပြုလေ၏။

အဘွားအိုက သူမ၏ရုပ်သေးရုပ်ကလေးများကိုမြတ်နိုးစွာကြည့်ရှု၍

" အဘွားရဲ့အရုပ်ကလေးတွေက ရှေးအရုပ်ကလေးတွေပေါ့၊ အင်မတန် တန်ဖိုးရှိတယ်၊ လက်ရာလည်း အလွန်ကောင်းတယ်၊ ဒီအရုပ်ကလေးတွေဘယ်တော့မှ ပြန်ပြီးအသက်ဝင်ပါ့မလ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ သူတို့လည်း အခန်းထဲမှာနေရတာ ငြီးငွေ့နေမှာပေါ့ ”

ဟု ပြောလေ၏။

မသဒ္ဒါက အဘွားအိုကို ကရုဏာသက်စွာ ကြည့်၍

“ အဘွားရဲ့အရုပ်ကလေးတွေကို ကျွန်မ အသက်သွင်းပေးမယ်လေ ”

ဟု ပြောလိုက်ရာ အဘွားအိုက မယုံနိုင်ဟန်ဖြင့်

“ တကယ်ပြောတာလား သမီးရယ်၊ အမေ ဝမ်းသာလိုက်တာ၊ တစ်နေ့နေ့မှာ အဘွားရဲ့အရုပ်လေးတွေ အသက် ပြန်ဝင်လာတော့မယ်ပေါ့၊ ဒါဆိုရင် သမီးကို သေတ္တာမှောက် ပညာရှင်ကြီးဖြစ်အောင် အမေ ကြိုးစားပြီး သင်ပေးမယ် ”

အဘွားအိုသည် ထိုနေ့မှစ၍ မသဒ္ဒါကို ရုပ်သေးပညာကျွမ်းကျင်အောင် အစွမ်းကုန်ကြိုးစားပြီး သင်ပေးလေ၏။





မသဒ္ဒါသည် ရုပ်သေးပညာကို နက်နက်နဲနဲ သင်ယူသောအခါမှပင် ပိုမို၍ခက်ခဲကြောင်း သိရလေ၏။

မည်သို့ပင်ဖြစ်စေ မိမိဝါသနာပါသောအလုပ်ဖြစ်သဖြင့် ရုပ်သေးရုပ်များကြား၌ ပျော်ရွှင်နေလေ၏။ အဘွားအိုသည် ရုပ်သေးကြိုးဆွဲပညာကိုသာမက ရုပ်သေးကသည့်အခါ ပါဝင်ရသည့် အဆိုအငို၊ အပြောများကိုလည်း သင်ပြပေးလေ၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုသည် အသက်အရွယ်ကြီးရင့်နေသော်လည်း အဆို၊ အငို၊ အပြော လွန်စွာကျွမ်းကျင်ပိုင်နိုင်လှ၏။

မသဒ္ဒါသည် အားလပ်ရက်များ၌ ပတ်ဝန်းကျင်ရှိ ကလေးများကိုခေါ်ပြီး ရုပ်သေးကပြလေ၏။ ကလေးများသည် မသဒ္ဒါ၏ ရုပ်သေးပွဲကို ပျော်ရွှင်စွာ လာရောက်ကြည့်ရှုလေ၏။

အဘွားအိုသည် မသဒ္ဒါ ရုပ်သေးကပြနေသည်ကို သဘောကျစွာ ကြည့်ရှု၍

" ငါ့သမီး တစ်နေ့မှာ ရုပ်စုံပညာရှင်ကြီးဖြစ်မှာ သေချာတယ်၊ အမေ့အရုပ်လေးတွေအတွက် မျှော်လင့်ချက်ရှိနေပြီပေါ့ "

ဟု ပြောလေ၏။

အဘွားအိုသည် ယောက်ျားလက်ထက်က ရုပ်စုံသဘင်ကြီးကို ပြန်လည်အသက်သွင်းလိုသောဆန္ဒ ပြင်းစွာရှိ၏။

မသဒ္ဒါသည် အဘွားအို၏ဆန္ဒကို ကြိုးစား၍ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထား၏။





မသဒ္ဒါသည် သူမ၏ရုပ်သေးပညာအစွမ်းထက်စေရန် အနီးပတ်ဝန်းကျင်ရှိ ကလေးများကို မကြာခဏခေါ်၍ ကပြလေ၏။

ထိုသို့ကပြရာတွင် ယခင်ကကဲ့သို့ မြေပေါ်တွင် ကပြခြင်းမရှိတော့ဘဲ ရုပ်သေးစင်ကလေးတစ်ခု ပြုလုပ်ပြီး ပြသလေ၏။

ထိုရုပ်သေးစင်ကလေး၌ အဘွားအို ယခင်ကအသုံးပြုခဲ့သော ကတ္တီပါလိုက်ကာစများကို ပြန်လည်အသုံးပြုလေ၏။

ထိုအခါ မသဒ္ဒါ၏ရုပ်သေးပွဲသည် ပိုမို၍ကြည့်ရှုလို့ကောင်းလာ၏။

အဘွားအိုက မသဒ္ဒါ ရုပ်သေးကနေပုံကိုကြည့်၍

" ဆိုင်းဝိုင်းပဲလိုတော့တယ်၊ ဆိုင်းသာရလို့ကတော့ ရုပ်စုံသဘင်အစစ်ဖြစ်ပြီ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မသဒ္ဒါသည် တစ်နေ့ထက်တစ်နေ့ ကြိုးစားပြီး အဘွားအို ထံမှ ရုပ်သေးပညာကို သင်ယူလေရာ တစ်နှစ်ခန့်ကြာသောအခါ ရုပ်သေးရုပ်အမျိုးမျိုးကို သေတ္တာမှောက်အဆင့် ကပြနိုင်ခဲ့၏။

တစ်နေ့သ၌ မသဒ္ဒါ၏ရုပ်သေးပွဲကို လာရောက်ကြည့်ရှုသော ကလေးတစ်ဦးက

" ကျွန်တော့်ရဲ့မွေးနေ့ပွဲမှာ အစ်မ လာပြီးရုပ်သေးကပေးပါလား "

ဟု တောင်းဆိုလေရာ မဘုံဖိုးက ကပြပေးမည်ဖြစ် ကြောင်း ပြောလိုက်၏။

ထိုကလေးသည် မြို့ပေါ်ရှိ ပွဲစားကြီးတစ်ဦး၏ သားဖြစ်၏။ မကြာမီ ပွဲစားကြီးလင်မယားသည် မသဒ္ဒါထံသို့ မယုံမရဲနှင့် ရောက်ရှိလာပြီး ကလေး၏မွေးနေ့ပွဲ၌ ရုပ်သေးကပေးရန် ပြောဆိုလေ၏။





မသဒ္ဒါက အစွမ်းကုန်ကြိုးစား၍ ကပြရန် ကတိပြုလိုက်၏။

ဤသို့ဖြင့် မသဒ္ဒါသည် ကလေးငယ်၏မွေးနေ့ပွဲသို့ ရောက်သောအခါ ပွဲစားကြီးအလှူ၌ ရုပ်သေးသွားရောက် ကပြလေ၏။

မသဒ္ဒါ၏ ရုပ်သေးပွဲသည် ဆိုင်းမပါသော်လည်း မသဒ္ဒါ တစ်ကိုယ်တည်း အဆို၊ အငို၊ အပြော ပိုင်နိုင်စွာဖြင့် ကပြလေရာ ကြည့်ရှုနေသူများ ကျေနပ်ကြလေ၏။

ပွဲစားကြီးသည် အလှူပွဲပြီးသောအခါ မသဒ္ဒါကို ကျေးဇူးတင်စကားပြော၍ ဥဏ်ပူဇော်ခဆိုကာ ငွေတစ်ရာပေးလေ၏။

အဘွားအိုသည် မသဒ္ဒါ ရုပ်သေးကပြနေပုံကိုကြည့်၍

" ငါ့သမီးက တကယ့်ကို သေတ္တာမှောက်ပညာသည်ကြီး ဖြစ်နေပြီ၊ ဒါပေမဲ့ အမေတို့ရဲ့ ရုပ်သေးရုပ်အဝတ်အစားတွေနဲ့ စင်မြင့်အပြင်အဆင် အသစ်အဆန်း လိုသေးတယ်၊ အမေတို့ ရုပ်သေးရုပ်တွေ ဟောင်းနွမ်းနေပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မသဒ္ဓါက ခေါင်းညိတ်၍

" ကျွန်မ သိပါတယ်၊ ဒီနေ့ရတဲ့ ဉာဏ်ပူဇော်ခငွေထဲက အချို့တစ်ဝက်ကို ရပ်သေးရပ်လေးတွေ အလှူဆင်ဖို့အတွက် အသုံးပြုမှာပါ၊ ကျန်တဲ့ငွေကိုတော့ အဘွားကို ကန်တော့ရမယ်"

ဟု ပြောလေ၏။ မသဒ္ဓါ၏စကားကြောင့် အဘွားအိုက သဘောကျစွာဖြင့်

" အဘွားအတွက် မလိုပါဘူးကွယ်၊ အမေ့ရပ်သေးရပ်လေးတွေ ဟောင်းနွမ်းနေတာ စိတ်မကောင်းဘူး၊ သူတို့ကို အလှူဆင်ဖို့ပဲ ထားလိုက်ပါ "

ဟု ပြောလေ၏။

မသဒ္ဓါသည် ဈေးသို့သွား၍ ရပ်သေးရပ်လေးများအတွက် ပိတ်စများကို ဝယ်ယူလေ၏။ ပိတ်စများရရှိသောအခါ အဘွားအိုနှင့်အတူ ချုပ်လုပ်လေ၏။





ပွဲစားကြီးကလေးမွေးနေ့၌ မသဒ္ဓါ၏ရုပ်သေးကပြခြင်းကို လူကြိုက်များခဲ့၏။

ထို့ကြောင့် မြို့ပေါ်ရှိ အခြားသောအလှူပွဲများနှင့် မွေးနေ့ပွဲများတွင် လိုက်လံကပြရလေ၏။

ထိုသို့ကပြရင်း အစကြေးငွေရရှိလာသဖြင့် မသဒ္ဓါသည် ရုပ်သေးရုပ်များကို ခမ်းနားထည်ဝါအောင် ပြင်ဆင်နိုင်ခဲ့၏။

ထို့ပြင် ရုပ်သေးစင်ကိုလည်း ကတ္တီပါလိုက်ကာအသစ်များ ဝယ်ယူ၍ အလှဆင်ခဲ့၏။

ရုပ်သေးသဘင်၌ အသုံးပြုနိုင်ရန် အောက်လင်းမီးအိမ်ကြီးများကိုလည်း ဝယ်ယူခဲ့ပြန်၏။

အဘွားအိုသည် ခမ်းနားလှပသော ရုပ်သေးစင်ကိုကြည့်၍ သဘောကျဟန်ဖြင့်

" ငါ့သမီးရဲ့ ရုပ်သေးသဘင်ကလေးကတော့ တကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း အသက်ဝင်လာပြီ၊ အမေတို့အတွက် နောက်ဆုံးလိုအပ်ချက်ကတော့ ဆိုင်းဝိုင်းလေးတစ်ဝိုင်းပဲကွယ့်၊ ဆိုင်းသာရရင် ပိုပြီးပြည့်စုံသွားမယ် ”

ဟု ပြောလေ၏။

ထို့နောက် မသဒ္ဒါသည် သူမ၏ရုပ်စုံသဘင်ကို သဒ္ဒါရုပ်စုံသဘင်ဟု နာမည်ပေးခဲ့လေ၏။

ဤသို့ဖြင့် သဒ္ဒါရုပ်စုံသဘင်သည် သူမတို့မြို့၌သာမက အနီးအနားမြို့များသို့တိုင်း လှည့်လည်ပြီး လာရောက်ငှားရမ်းခြင်း ခံရလေ၏။

မသဒ္ဒါ၏ သဒ္ဒါရုပ်စုံသဘင် နာမည်သတင်းကြီးရခြင်းမှာ မသဒ္ဒါ၏ရုပ်သေးပညာကျွမ်းကျင်မှုနှင့် အသက်ငယ်ရွယ် ချောမောမှုတို့ကြောင့် ဖြစ်၏။

ရုပ်စုံသဘင်များရှိ ရုပ်သေးပညာရှင်အများစုမှာ အသက်





အရွယ်ကြီးရင့်သော ယောကျ်ားကြီးများသာဖြစ်၏။

ရုပ်သေးပညာရှင်များအနက် မိန်းမသား ပညာရှင်များ အလွန်ရှားပါး၏။ မိန်းမသား ရုပ်သေးပညာရှင်ရှိလျှင်လည်း အသက်အရွယ်ကြီးရင့်နေသူများသာ ဖြစ်၏။

မသဒ္ဒါကဲ့သို့ ငယ်ရွယ်ချောမောသော ရုပ်သေးပညာရှင်မှာ ရုပ်သေးလောက၌ မရှိသလောက်ရှားပါး၏။ ထို့ကြောင့် မသဒ္ဒါ၏ဂုဏ်သတင်းသည် တစ်နေ့ထက်တစ်နေ့ အောင်မြင်ကျော်ကြားလာ၏။



www.burmeseclassic.com

တစ်နေ့သ၌ မသဒ္ဒါသည် အလှူတစ်ခု၌ ရုပ်သေးပညာ ဖြင့် ဖြေဖျော်နေစဉ် လူစိမ်းတစ်ဦးလာရောက်တွေ့ဆုံပြီး

“ သဒ္ဒါရုပ်စုံသဘင် နာမည်သတင်းကြီးနေလို့ ရုပ်ဝေး ကတောင် လာပြီးအားပေးခဲ့တာပါ၊ ကျုပ်က ဆိုင်းဆရာ စိန်တင်းပုတ်ပါ၊ မသဒ္ဒါရဲ့ရုပ်စုံသဘင်မှာ ဆိုင်းရှိရင် အလွန် ပြည့်စုံ သွားမှာပဲ ”





ဟု ပြောလေရာ မသဒ္ဒါက ခေါင်းညိတ်၍

“ ကျွန်မလည်း ဆိုင်းဆရာ ရှာနေပါတယ် ”

ဟု ပြောလေ၏။ ထိုအခါ လူစိမ်းက သူ၏ရင်ကို လက် ဖြင့်ပုတ်၍

“ ရှာစရာမလိုပါဘူးကွာ၊ မသဒ္ဒါရှေ့မှာ ရှိနေပြီပဲ၊ ကျုပ်မှာ ဆိုင်းဝိုင်းလည်းရှိတယ်၊ တီးမှုတ်လူတွေလည်းရှိတယ်၊ ဘာလိုသေး သလဲ ”

ဟု ဆိုလိုက်ရာ မသဒ္ဒါသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

ဆိုင်းဆရာ စိန်တင်းပုတ်နှင့်အတူ ဆိုင်းသမား လေးယောက် ပါရှိ၏။

မသဒ္ဒါသည် ဆိုင်းသမားလေးယောက်ကို အဘွားအို၏ ခြံထဲ၌ တဲကြီးတစ်လုံးဆောက်လုပ်၍ နေထိုင်စေ၏။ ဆိုင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



စိန်တင်းပုတ်သည် ယခင်က ဇာတ်ကြီးတစ်ဇာတ်၌ ပါဝင် တီးခတ်ခဲ့သူဖြစ်ပြီး ဇာတ်ခေါင်းကွဲရာမှ မသဒ္ဒါနှင့် လာရောက် ပူးပေါင်းခြင်းဖြစ်၏။

ဆိုင်းဆရာ စိန်တင်းပုတ်သည် ရိုးသားပြီး စိတ်ကောင်းရှိသည့်အပြင် ဆိုင်းသမားများသည် လူအေးများဖြစ်သဖြင့် မသဒ္ဒါအတွက် များစွာ ကံကောင်းလေ၏။

အဘွားအိုသည် ရုပ်သေးပညာနှင့်ပတ်သက်၍ အတွေ့အကြုံအလွန်များပြားသဖြင့် သဒ္ဒါရုပ်စုံသဘင်သည် တစ်နေ့တခြားနာမည်သတင်းကျော်ကြားပြီး မြန်မာပြည်အနှံ့ရှိ ဘုရားပွဲများသို့တိုင် ပါဝင်ကပြရလေ၏။

အဘွားအိုသည် မသဒ္ဒါပွဲကရာသို့ ပင်ပန်းကြီးစွာဖြင့် လိုက်လံကြည့်ရှုလေ၏။

ထိုသို့ကြည့်ရှုရင်း တစ်နှစ်ခန့်ကြာသောအခါ အဘွားအို





သည် ဘုရားပွဲမှအပြန် လမ်းခရီး၌ ကွယ်လွန်သွားရှာ၏။ မသဒ္ဒါသည် အဘွားအိုကို မိဘအရင်းအချာကဲ့သို့ သဘောထားလေရာ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုယိုနေလေ၏။

မသဒ္ဒါသည် အဘွားအို၏ကိုယ်ခန္ဓာကိုဖက်၍

"အဘွားရယ်... သမီးတစ်ယောက်တည်း ဘယ်လိုနေရမှာလဲ၊ အဘွားမရှိရင် သမီးဘဝ ဘယ်လိုလုံခြုံမှုရှိမှာလဲ"

ဟု အော်ဟစ်ပြီး ငိုယိုနေမိ၏။

ထိုအချိန်မှစ၍ မသဒ္ဒါသည် သဒ္ဒါရုပ်စုံသဘင်ကို သူမတစ်ကိုယ်တည်း ဦးဆောင်ရလေ၏။ ဆိုင်းဆရာ စိန်တင်းပုတ်သည် မသဒ္ဒါကို ဆွေမျိုးအရင်းအချာကဲ့သို့ ခင်မင်နေသဖြင့် သူမလိုအပ်သော အကူအညီများကို ပေးလေ၏။

မသဒ္ဒါသည် သဒ္ဒါရုပ်စုံသဘင်ကို မြန်မာပြည်အနှံ့လှည့်၍ လိုက်လံကပြလေ၏။ ထိုသို့ကပြရင်း အညာဘက်ရှိ ဘုရားပွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲ၌ အောင်ဗေဒါဆိုသော နာမည်ကြီးရုပ်စုံသဘင်နှင့် ထိပ်တိုက်တွေ့လေ၏။

အောင်ဗေဒါရုပ်စုံသဘင်ရှိ ရုပ်သေးဆရာ ဦးဗေဒါသည် လွန်စွာမာန်မာနကြီးပြီး မိမိကိုယ်မိမိ ထင်တစ်လုံးဖြစ်နေသူဖြစ်၏။

ရုပ်သေးဆရာ ဦးဗေဒါ၏တပည့်များသည် စိတ်ယုတ်မာရှိသူများဖြစ်ပြီး သဒ္ဒါရုပ်စုံသဘင်သည် အောင်ဗေဒါရုပ်စုံ သဘင်ထက် ပညာများစွာသာလွန်သည်ဟု မသဒ္ဒါကိုယ်တိုင် ပွဲခင်းထဲ၌ လှည့်လည်ပြောဆိုနေသည်ဟု ရန်တိုက်ပေးလေ၏။

အမှန်စင်စစ် မသဒ္ဒါက ဘုရားပွဲဈေး၌ ဆရာဦးဗေဒါသည် မိမိထက်များစွာ သာလွန်ကြောင်း၊ အခွင့်သာလျှင် ဦးဗေဒါထံမှ ပညာယူလိုကြောင်း ပြောဆိုခြင်းဖြစ်၏။

ဦးဗေဒါသည် မသဒ္ဒါကဲ့သို့ ငယ်ရွယ်သူမိန်းမသား တစ်ယောက်က မိမိကိုစိန်ခေါ်သည်ဆိုသဖြင့် ပွဲမကမီ မသဒ္ဒါ၏





သဒ္ဒါရုပ်စုံသဘင်ကို ဒေါသတကြီးရောက်လာပြီး

" ဒီမှာ မသဒ္ဒါ၊ မင်းလို နို့နံ့တောင်မစင်သေးတဲ့ မိန်းကလေးက ငါ့ကိုစော်စော်ကားကားနဲ့ စိန်ခေါ်တာ ဘာသဘောလဲကွ"

ဟု ကြိမ်းမောင်းလိုက်ရာ မသဒ္ဒါက ဦးဗေဒါကို လက်အုပ်ချီ၍

" ဦးလေးက ကျွန်မရဲ့မိဘအရွယ်ပါ၊ ပညာဉာဏ်လည်း ကြီးပါတယ်၊ မစော်ကားဝံ့ပါဘူး "

ဟု ပြောလိုက်၏။ သို့သော် ဦးဗေဒါက မသဒ္ဒါ၏စကားကို လက်မခံဘဲ

" မင်း ငါ့ကို ပြောင်လိမ်နေတာ မဟုတ်လား၊ ပွဲခင်းထဲမှာ ငါ့အကြောင်း သွားပုတ်လေလွင့်ပြောနေတာ ငါ့တပည့်တွေ သက်သေရှိတယ်ကွ၊ မင်းမှာ ပညာဘယ်လောက်ကောင်းလို့လဲ၊ ဒီနေ့ည မင်းနဲ့ငါ ဘယ်သူကောင်းသလဲဆိုတာ ပညာချင်းယှဉ်ကြမယ် "



www.burmeseclassic.com

ဟု စိန်ခေါ်လေ၏။ မသဒ္ဒါက ခေါင်းခါယမ်း၍

"ဦးလေးက ကျွန်မထက် သမ္ဘာရင့်ပါတယ်၊ မပြိုင်ဝံ့ပါဘူးရှင်၊ ကျွန်မ ကြိုပြီးအရှုံးပေးပါတယ်၊ ဦးလေး ပြန်ပါတော့ရှင်"

ဟု ဆိုလိုက်ရာ ရုပ်သေးဆရာ ဦးဖေဒါက တက်ခေါက်၍

"မင်း ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်၊ ပွဲတိုင်းကျော်ခဲ့တဲ့ အောင်ဖေဒါကွ၊ နားလည်လား"

ဟု ကြုံးဝါးသွားလေ၏။

ထိုနေ့က ရုပ်သေးရုံနှစ်ရုံ အပြိုင်ကြဲကြရာ မသဒ္ဒါ၏ သဒ္ဒါရုပ်စုံသဘင်က သီသီသာသာ လူဝင်များသဖြင့် မာန်မာနကြီးသော ဦးဖေဒါသည် အရှက်ကြီးရှက်ပြီး နောက်တစ်နေ့ည ရုပ်သေးဆက်မကဝံ့တော့ချေ။

ထိုညက ယှဉ်ပြိုင်မှုကြောင့် မသဒ္ဒါ၏ သဒ္ဒါရုပ်စုံသဘင်





သည် နာမည်သတင်း ပိုမိုကျော်ကြားခဲ့လေ၏။

မသဒ္ဒါ၏ သဒ္ဒါရုပ်စုံသဘင်သည် မြန်မာပြည်အနှံ့ ဘုရားပွဲများ၌ လှည့်လည်ပြသရင်း အရင်းအနှီးများ စုဆောင်းမိလေ၏။

ထို့ကြောင့် မသဒ္ဒါသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ကြည့်မြင်တိုင်ဘက်သို့ တစ်ထပ်ပျဉ်ထောင်အိမ်ကလေးတစ်လုံးကို ဝယ်ယူခဲ့လေ၏။

စိန်တင်းပုတ်ဆိုင်းအဖွဲ့ရှိလူများနေထိုင်ရန် မနီးမဝေးရှိ အိမ်တစ်လုံးကိုလည်း ဝယ်ယူပေးခဲ့လေ၏။ ဆိုင်းအဖွဲ့၌ အိမ်ထောင်သည်နှစ်ဦးပါရှိလေရာ ၎င်းတို့၏အိမ်ထောင်များကို ထိုအိမ်သို့ခေါ်၍ နေထိုင်စေ၏။

မသဒ္ဒါသည် ချောမောလှပပြီး အဆိုကောင်း၊ အငို ကောင်းသော ရုပ်သေးမင်းသမီးဖြစ်လေရာ ရောက်လေရာ မြို့များ၌ သူ့ကို ပိုးပန်းသူ ယောက်ျားများကို ကြုံတွေ့ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မသဒ္ဒါသည် ပုရိသယောက်ျားများကို မေ့ထွာထားမရသဖြင့် ယနေ့ထက်တိုင် အပျိုကြီးဖြစ်နေလေ၏။ မသဒ္ဒါသည် သူမဝယ်ယူထားသောအိမ်ကလေး၌ တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်လေ၏။





တစ်ညသ၌ မသဒ္ဒါသည် ခြံဝမှ ခွေးဟောင်သံများ ကြားရသဖြင့် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ ထိုအခါ ခြံတံခါးဝ၌ မိန်းမပျိုတစ်ဦးကို မြင်လိုက်ရသဖြင့်

" ဘယ်သူလဲ "

ဟု မေးမြန်းလိုက်ရာ မိန်းမပျိုက

" ဒုက္ခသည်ပါရှင် "

ဟု ပြောပြီး မြေပေါ်သို့ လဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မသဒ္ဒါသည် ခြံဝသို့ ကမန်းကတန်း ပြေးဆင်းပြီးကြည့် လိုက်ရာ ဆယ်ကျော်သက်အရွယ် မိန်းမပျိုတစ်ဦး လဲကျမေ့မြော နေကြောင်း တွေ့ရ၏။

မသဒ္ဒါသည် မိန်းမပျိုကို ပွေ့ချီ၍ အိမ်ထဲသို့ ခေါ်ယူလာ ခဲ့၏။ မိန်းမပျို၏ခေါင်း၌ ဒဏ်ရာတစ်ခုတွေ့ရပြီး အားပြတ်ကာ မိန်းမပျိုလဲကျသွားခြင်း ဖြစ်ပုံရ၏။

မသဒ္ဒါသည် ညဉ့်နက်နေသဖြင့် ဆေးဆရာကိုမခေါ် တော့ဘဲ ဆေးသေတ္တာကိုဖွင့်ကာ မိန်းမပျို၏ခေါင်းမှဒဏ်ရာကို ဆေးထည့်ပေးလေ၏။

ထိုသို့ဆေးထည့်ရင်း မိန်းမပျို၏ကိုယ်ခန္ဓာအနှံ့၌ အညို အမည်းစွဲနေသော ဒဏ်ရာဒဏ်ချက်များကို တွေ့ရလေ၏။

မိန်းမပျိုသည် ဆယ်ကျော်သက်အရွယ်သာရှိပြီး ရုပ်ရည် ချောမောလှပသူ ဖြစ်၏။ မသဒ္ဒါသည် မိန်းမပျိုကို ကရုဏာ





သက်စွာကြည့်ရှုနေစဉ် မိန်းမပျို သတိပြန်ရလာ၏။

မိန်းမပျိုက မသဒ္ဒါကို ဝေဝေဝါကြည့်၍

" ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင် "

ဟု မေးမြန်းလေ၏။ မသဒ္ဒါက

" ညီမလေး ဘာမှမပူနဲ့တော့၊ အစ်မတို့ဆီမှာ ဘာ အန္တရာယ်မှမရှိဘူး "

ဟု ပြောလေရာ မိန်းမပျိုက ထိတ်လန့်မှု ပြေပျောက်သွားပြီး

" ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ကျွန်မ ဒုက္ခတွေ အများကြီးရောက်ခဲ့တာပါ "

ဟု ပြောလေရာ မသဒ္ဒါက သူမကို မျက်မှောင်ကြုတ် ကြည့်၍

" ဘယ်လိုဒုက္ခတွေလဲ ညီမရယ် "

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမပျို စိတ်ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဟန်ဖြင့်

" ကျွန်မနာမည် မခင်ညိုလို့ ခေါ်ပါတယ်၊ ကျွန်မ မိဘတွေက မုဒုံနားက ရွာလေးမှာနေပါတယ်၊ မိဘတွေဆုံးတော့ ရန်ကုန်မြို့ကိုတက်ပြီး အိမ်စေအလုပ်လုပ်ခဲ့တယ်၊ ကျွန်မ အလုပ်လုပ်တဲ့အိမ်က မိန်းမကြီးနှစ်ယောက်ဟာ အင်မတန် ရိုင်းစိုင်းပြီး လူစိတ်မရှိတဲ့သူတွေပါ၊ သူတို့မှာ သနားညှာတာ စိတ်မရှိဘူး၊ ကျွန်မကို လူမဆန်အောင် နှိပ်စက်ကြတယ်၊ ဒါပေမဲ့ ကျွန်မကံဝဋ္ဋ ကြွေးလို့ သဘောထားပြီး သူတို့ နှိပ်စက်သမျှကို မညည်းမညူ လုပ်ကိုင်ပေးပါတယ်။ တစ်နေ့တော့ အိမ်ကို မိန်းမကြီးနှစ်ယောက်ရဲ့တူတော်မောင်ဆိုသူ ရောက်လာပါတယ်။ ဒီလူရောက်တဲ့ အချိန်ကစပြီး ကျွန်မဘဝ ငရဲနဲ့ ရင်ဆိုင်တွေ့ခဲ့တာပါ။ ဒီလူဟာ ရန်ကုန်မြို့ကို အလည်အပတ်ရောက်လာတဲ့တောက သူဌေးသား တစ်ယောက်ပါ။ မိန်းမကြီး နှစ်ယောက်ရဲ့တူဟာ ကျွန်မကို





မြင်တာနဲ့ ရိသဲ့သဲ့စကားတွေ ပြောလေ့ရှိတယ်။ မိန်းမကြီးနှစ်ယောက်က အဆင့်အတန်းချင်း မတူလို့ နှိမ်ထားတဲ့ ကြားက ကျွန်မကိုမကြာခဏ ရိသဲ့သဲ့လုပ်ဖို့ ကြိုးစားနေတာပါ။ ဒီလူဟာ အလုပ်အကိုင်မယ်မယ်ရရ မရှိဘဲ မိဘအရှိန်အဝါနဲ့ ပျက်စီးနေတဲ့လူပါ။ တစ်နေ့မိန်းမကြီးတွေရဲ့ တူဟာ ကျွန်မကို မေတ္တာရှိတယ်လို့ ပြောပါတယ် ကျွန်မက အဆင့်အတန်းချင်း မတူတဲ့အပြင် သူ့ကိုလဲ မေတ္တာမတုံ့ပြန်ချင်လို့ မဖြစ်နိုင်ဘူး လို့ငြင်းလိုက်တယ်။ ဒါပေမဲ့ မျက်နှာရှုးဟာ ကျွန်မကို အမြဲ နောက် ပိုးရှုးလုပ်နေခဲ့ပါတယ်"

မိန်းမပျိုသည် ပြောရင်း သူမခေါင်းမှ နာကျင်လာသဖြင့် ညည်းညူလိုက်လေ၏။ မသဒ္ဓါသည် မိန်းမပျို၏စကားများကို စိတ်မကောင်းစွာဖြင့် နားဆင်နေမိ၏။ မိန်းမပျိုကဆက်၍

"မိန်းမကြီးနှစ်ယောက်ဟာ သူတို့တူရဲ့ အခြေအနေကို ရိပ်စားမိလို့ ကျွန်မကို မဲပြီးဆူပူကြိမ်းမောင်းပါတယ်။ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းနဲ့ ငါ့မောင် လုံးဝမတူဘူး စိတ်ကူးမယဉ်နဲ့ တန်ရာ တန်ရာကို နေစမ်းလို့ ပြောပါတယ်။ မိန်းမကြီး နှစ်ယောက်ဟာ တူတော်မောင်ကိုခေါ်ပြီး အင်းစိန်ဘက်က အမျိုးအလှူတစ်ခု ကိုသွားပါတယ်။ အလှူရောက်တော့ အကြံရှိတဲ့ လူယုတ်မာဟာ မိန်းမကြီးနှစ်ယောက်အလစ်မှာ အိမ်ကိုပြန်လာပြီး ကျွန်မကို အဓမ္မကျူးလွန်ဖို့ ကြိုးစားပါတယ်။ အဲဒီတုန်းက ကျွန်မရေချိုး ပြီးတော့ အိမ်ခန်းထဲမှာ ထမီရင်လျှားနဲ့ သနပ်ခါးလိမ်းနေတာပါ။ ကျွန်မဟာ အိမ်ရှေ့က အသံမကြားဘဲ အိမ်ခန်းထဲကို လူယုတ်မာ ရောက်လာတဲ့အတွက် အလွန်ထိတ်လန့်သွားပါတယ်။ လူယုတ်မာ ဟာ ကျွန်မကို ချစ်လွန်းလို့ ကြံမိတာပါလို့ပြောပြီး ခုတင်ပေါ်ကို အတင်းတွန်းလှဲတယ်။ ကျွန်မလည်း ခွန်အားရှိသမျှ ရုန်းကန်တာပဲ၊ ဒါပေမဲ့ ခွန်အားချင်းမမျှလို့ ရေတိမ်နစ်တော့မဲ့ ဆဲဆဲမှာ အိမ်ရှေ့က အသံကြားရပြီး အိမ်နီးချင်းအဒေါ်ကြီး ရောက်လာပါတယ်။





ကျွန်မဟာ ထမီကိုအမြန်ဆုံးကောက်ဝတ်ပြီး အိမ်ရှေ့ကိုပြေးထွက်ခဲ့ ပါတယ်။ အိမ်ရှေ့ကိုရောက်တော့ အိမ်နီးချင်းအဒေါ်ကြီးက ကျွန်မတို့အဖြစ်ကို သဘောပေါက်သွားတယ်။ ဒါကြောင့် မိန်းမ နှစ်ယောက်ကို ကျွန်မနဲ့ လူယုတ်မာ လွန်လွန်ကျူးကျူးဖြစ်နေ ပြီလို့ တိုင်ခဲ့တယ်။ မိန်းမကြီးနှစ်ယောက်က အကြံပက်စက်တဲ့ တူတော်မောင်ကို အပြစ်မဆိုဘဲ ကျွန်မကို ရက်ရက်စက်စက် ရိုက်နှက်ခဲ့ကြတယ်။ သူ့တို့ဟာ ကျွန်မကိုအားရအောင်ရိုက်နှက်ပြီး အခန်းထဲမှာ ပိတ်လှောင်ထားခဲ့တယ်။ တူတော်မောင် လူယုတ်မာ ကိုလဲချက်ချင်းရွာကိုပြန်ပို့လိုက်တယ်။ မိန်းမကြီးတွေက ကျွန်မကို ရန်ငြိုးဖွဲ့ အစာမကျွေးဘဲ အခန်းထဲမှာ သုံးရက်တိတိ ပိတ်လှောင် ထားခဲ့တယ်။ ဒီနေ့တော့ မိန်းမကြီးနှစ်ယောက်အလစ်မှာ ပြတင်း ပေါက်ကို ကျော်ပြီးထွက်ခဲ့တာပါ။ ကျွန်မဟာ သုံးရက်လုံးလုံး အစာမစားဘဲ ရေကိုသာ သောက်ပြီး နေခဲ့ရတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်မရဲ့ ခြံတံခါးအရှေ့ကမှာ အားပြတ်ပြီး လဲကျသွားတာပါ”

ဟုပြောလေ၏။ မသဒ္ဓါသည် မိန်းမပျို၏ စကားကို နား ထောင်၍ မိမိကို ရိုင်းပြစော်ကားခဲ့သော စိန်မမနှင့် ရွှေမမဆို သော မိန်းမနှစ်ယောက်ကို ပြန်လည်မြင်ယောင်လာ၏။ မိန်းမပျို၏ ဆိုးဝါးလှသောဘဝသည် မိမိ၏ ဘဝနောက်ကြောင်းနှင့် ဆင်တူလှ ၏။ ထို့ကြောင့် မိန်းမပျိုကို ကရုဏာ သက်စွာကြည့်၍

“ဒီမိန်းမကြီးတွေ မတရားနှိပ်စက်တာကို ပုလိပ်ကို တိုင် ရင်ကောင်းမယ် ”

ဟုပြောလိုက်၏။

မိန်းမပျိုကခေါင်းခါယမ်း၍

“မတိုင်ပါနဲ့ အစ်မရယ် ကျွန်မသူတို့နဲ့ ပြန်မလိုက်ချင် ဘူး၊ ကျွန်မတို့ အမှုလုပ်ရင်လဲ ကိုလိုနီပုလိပ်တွေကို ငွေနဲ့ပေါက်ပြီး သူတို့ကအနိုင်ယူသွားမှာပဲ”





ဟုပြောလေ၏။ မသဒ္ဓါသည် မိန်းမပျို၏ စကားကြောင့် သက်ပြင်းချလိုက်ပြီး အိမ်အနောက်သို့ ကော်ဖီတစ်ခွက် ဖျော်လေ၏။ ပြီးနောက် ကော်ဖီကိုယူကာ

“ဒါဆိုရင်လဲ ကော်ဖီသောက်ပြီး နားလိုက်ပါဦး ညီမရယ်၊ ဒီညတော့ အစ်မအိမ်မှာပဲ အိပ်လိုက်ပါ။ နောက်တစ်နေ့မှ ဘာ လုပ်ရမယ်ဆိုတာ စဉ်းစားကြတာပေါ့”

ဟုပြောလိုက်ပြီး မိန်းမပျိုအိပ်စက်ရန် အခန်းလွတ် တစ်ခန်း၌ နေရာပေးလိုက်လေ၏။

မိန်းမပျိုသည် ကော်ဖီနှင့် ပေါင်မုန့်နှစ်ချပ်ကို စားပြီး အိပ်ရာ ဝင်သွားလေ၏။ မသဒ္ဓါသည် မိန်းမပျို၏အကြောင်း ကိုစဉ်းစားရင်း လွန်ခဲ့သောနှစ်ပေါင်းများစွာက နာကြည်း ကြေကွဲဖွယ်အဖြစ်အပျက် ကို ပြန်လည်သတိရနေမိ၏။

ခရေပင်အောက်၌ ခရေပန်းများကောက်နေစဉ် ကောင်းပိပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား စိန်မောင်မောင် ရောက်ရှိလာပြီး ရှိသ့ဲသ့ဲပြောဆိုပုံ ခရေပန်းများကောက်ပေးပုံ ထို့နောက် စိန်မောင်မောင်က မိမိကို အတင်းအဓမ္မခိုးယူပြီး ကားတင်ပြေးခဲ့ပုံ၊ ကားမှောက်ပြီး စိန်မောင်မောင် သေဆုံးခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။

ထို့အပြင် စိန်မမနှင့်ရွှေမမ ညီအစ်မနှစ်ယောက်က မိမိအေးရှုံ ကဆင်းသောနေ့၌ ရိုင်းပြသောစကားများဖြင့် ပြောဆိုပြီး ရက်ရက်စက်စက် ရိုက်နှက်ခဲ့ပုံများကို ပြန်လည်မြင်ယောင် နေမိ၏။

ထို့ကြောင့်ညက တစ်ညလုံးအိပ်မပျော်ဘဲ မိုးလင်းကာနီးမှ မှေးခနဲအိပ်ပျော်သွားလေ၏။

မသဒ္ဒါ အိပ်ရာမှ နိုးသောအခါ ညကကယ်တင်ခဲ့သော မိန်းမပျိုသည် မီးဖိုချောင်ထဲ၌ ရှိနေလေ၏။ မသဒ္ဒါ မီးဖိုချောင် သို့ဝင်၍

"ဘာတွေလုပ်နေတာလဲ မခင်ညို"





ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ မခင်ညိုက

"ထမင်းအိုးတည်နေတာပါ၊ အစ်မနိုးလာရင် အဆင်သင့် ဖြစ်နေအောင်လို့"

ဟုပြောလေ၏။ မသဒ္ဒါသည် အလိုက်သိသော မခင်ညို ကို သဘောကျသွားလေ၏။ ထို့နောက် မသဒ္ဒါနှင့် မခင်ညို သည် ဈေးသို့အတူသွား၍ ဟင်းချက်စရာများကို ဝယ်ယူလေ၏။ အိမ်သို့ ရောက်သာအခါ နှစ်ယောက်အတူ ထမင်းဟင်းများ ချက်ပြုတ်ကြလေ၏။ နေ့လယ်စာစားပြီးသောအခါ မသဒ္ဒါက

"ညီမလေး သွားစရာမရှိဘူးဆိုရင် အစ်မနဲ့အတူတူနေ ပါလား၊ ညီမလေးအတွက် အန္တရာယ်တွေများလို့ ပြောတာပါ"

ဟုပြောလေ၏။ မသဒ္ဒါ၏ စကားကြောင့် မခင်ညို မျက် မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

"ကျွန်မမှာ သွားစရာနေရာမရှိပါဘူး အစ်မရယ်၊ ဒါပေမဲ့



www.burmeseclassic.com

ကျွန်မကြောင့်ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေမှာလား''

ဟုပြောလေရာ မသဒ္ဒါက ခေါင်းခါယမ်း၍

''မဖြစ်ပါဘူးကွယ်၊ အိမ်မှာအစ်မတစ်ယောက်တည်း နေတာပါ။ ညီမလေးရှိရင် အစ်မအတွက်အဖော်တောင်ရသေးတယ်''

ဟုပြောလေ၏။ ထိုအခါမခင်ညိုက

''ဒါဆိုရင် အစ်မနဲ့အတူတူနေပြီး အစ်မခိုင်းသမျှ လုပ်ပေးပါ့မယ်''

မသဒ္ဒါသည် မခင်ညိုရောက်ရှိသည့် အချိန်မှစ၍ သူမအတွက် တိုးတိုးဖော် မိန်းကလေးတစ်ဦး ရရှိခဲ့လေ၏။ မခင်ညို သည် သူတစ်ပါး၏ အလိုက်အထိုက်ကို နားလည်သဖြင့် ကူဖော် လောင်ဖက်ရရှိလေ၏။ တစ်နေ့တွင် မခင်ညိုသည် မသဒ္ဒါရုပ်သေး ကနေသည်ကို ကြည့်၍ ရုပ်သေးပညာသင်လိုကြောင်း ပူဆာ လေ၏။ မသဒ္ဒါသည် မခင်ညိုကို ရုပ်သေးပညာ သင်မပေးမီ





ရုပ်သေးပညာကို မြတ်နိုးမှုရှိမရှိ လေ့လာလေ၏။ ထိုအခါ မခင်ညို သည်ရုပ်သေးပညာကို အမှန်တကယ် မြတ်နိုးမှုရှိကြောင်း တွေ့ရ လေ၏။ ထို့ကြောင့် မခင်ညိုကို ရုပ်သေးပညာ စတင်သင်ကြား ပေးလေ၏။

မခင်ညိုသည် ရုပ်သေးပညာကို စိတ်ဝင်စားစွာဖြင့် ကြိုးစားပမ်းစား သင်ယူလေ၏။ ထို့ကြောင့်ပင် ရုပ်သေး ပညာကို အချိန်တိုအတွင်းမှာပင် ကျွမ်းကျင်တတ်မြောက်ခဲ့လေ၏။ မသဒ္ဒါ သည် မခင်ညို ပညာရည်ပြည့်ဝပြီဟု ယူဆသောအခါ သဒ္ဒါ ရုပ်စုံသဘင်၌ ဝင်ရောက်ကပြစေ၏။ ထိုအခါ မခင်ညိုသည် ချောမောလှပသူဖြစ်သဖြင့် သဒ္ဒါရုပ်စုံ သဘင်သည် ပိုမို၍ နာမည် သတင်းကြီးခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရုပ်စုံသဘင်၏အောင်မြင်မှုကြောင့် သတင်းစာ ဂျာနယ်များရှိ သတင်းထောက်များသည် မသဒ္ဒါထံသို့ လာရောက်၍ သတင်းများ ရယူကြလေ၏။

တစ်နေ့တွင် မသဒ္ဒါသည် ရွှေတိဂုံဘုရားသို့ သွား၍ ပန်းရေချမ်း ဆီမီးဆက်ကပ်ပူဇော်လေ၏။ ထိုသို့ပူဇော်ပြီးနောက် ဘုရားပေါ်မှ ပြန်ဆင်းခဲ့လေ၏။ ဘုရားခြေရင်းသို့ရောက်သောအခါ





ငှက်ကလေးများကို လွှတ်၍ ကုသိုလ်ယူပြန်၏။

ထိုအခိုက်မှာပင် သူမ၏အနီးသို့ ကလေးငယ်တစ်ဦး ရောက်ရှိလာပြီး လက်ထဲရှိ ထီလက်မှတ်များကို ပြ၍

"ထီလက်မှတ်ဝယ်ပါလား အဒေါ်ရယ်၊ ကျွန်တော် ထမင်း မစားရသေးလို့ပါ"

ဟုပြောလေ၏။ မသဒ္ဒါသည် ကလေးငယ်ကို သနား ကရုဏာသက်သဖြင့်

"ထီလက်မှတ် ဘယ်နှစ်စောင်ရှိလဲ"

ဟုမေးမြန်းလိုက်ရာ ကလေးငယ်က

"၆ စောင်ထဲပါ အဒေါ်ရယ် ပိုက်ဆံတစ်ကျပ်ပဲ ပေးပါ"

ဟုပြောလေ၏။ မသဒ္ဒါသည် ယခင်က တစ်ကြိမ်တစ်ခါမျှ ထီထိုးလေ့မရှိသောလည်း ကလေးငယ်ကို ကရုဏာ သက်၍ ဝယ်ယူခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်သောအခါ မသဒ္ဓါသည် ထီလက်မှတ်များအား မခင်ညိုလက်သို့ အပ်၍ သိမ်းဆည်းနိုင်းလိုက်၏။

မခင်ညို သည် ထီလက်မှတ်များကို ဘုရားကျောင်းဆောင်ပေါ်သို့တင်၍ သိမ်းဆည်းထားလေ၏။ မကြာမီထီဖွင့်ချိန်သို့ရောက်သောအခါ မခင်ညိုသည် ထီပေါက်စဉ်ဝယ်၍ ထီလက်မှတ်များကို တိုက်လေ၏။ ထိုအခါ မသဒ္ဓါ ဝယ်ယူထားသောထီလက်မှတ်များအနက် တစ်စောင်သည်တစ်သိန်းဆုကြီးနှင့်ဂဏန်းတစ်လုံးသာလွဲနေကြောင်း တွေ့လိုက်ရ၏။ မခင်ညိုသည်သူမလက်ထဲရှိ ထီလက်မှတ်ကို ကြည့်၍ လွန်စွာစိတ်လှုပ်ရှားသွားသော အမူအရာဖြင့်

"အမလေး အစ်မရယ် တစ်သိန်းဆုကြီးနဲ့ တစ်လုံးပဲ ကပ်လွဲသွားတာပါလား၊ အစ်မကို လာရောင်းတဲ့ကလေးက ထီလက်မှတ်တစ်စောင်လောက်သာ ပိုရောင်းခဲ့ရင် အစ်မ တစ်သိန်းပေါက်ပြီ"





ဟုမချင့်မရဲ ပြောလေ၏။ ထိုအခါ မသဒ္ဓါသည် ထီလက်မှတ်ကိုယူ၍ တိုက်ကြည့်လိုက်ရာ အမှန်တကယ် ဂဏန်းတစ်လုံးသာလွဲကြောင်း တွေ့ရသဖြင့် ကြိတ်မနိုင်ခဲမနိုင် ဖြစ်ရ၏။

မသဒ္ဓါသည် မိမိ၏ ကံကြမ္မာကို မချင့်မရဲဖြစ်ပြီး

"အေးကွယ် ဘုရားစောင်းတန်းက ကလေးက ထီလက်မှတ်တစ်စောင်သာ ပိုရောင်းခဲ့ရင် အစ်မဒီနေ့ ထီတစ်သိန်း ပေါက်ပြီ"

ဟုပြောပြီး ထီလက်မှတ်လေးများကို ကြည့်ရှုနေ၏။ ထိုသို့ကြည့်ရှုနေရင်း ထီလက်မှတ် ငါးစောင်သာတွေ့သဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

"ဟင်....ထီလက်မှတ်က ငါးစောင်ပဲရှိပါလား၊ အစ်မဝယ်တုန်းက ၆ စောင်ပါ။ တစ်စောင်ဘယ်ရောက်သွားပြီလဲ"

ဟုမေးမြန်းလိုက်လေ၏။

မခင်ညိုက အံ့သြဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"လက်မှတ်တွေ အကုန်လုံး ဘုရားကျောင်းဆောင် ပေါ်မှာ ကျွန်မ အကုန်တင်ထားတယ်"

ဟုပြောလေ၏။ မသဒ္ဓါက မျက်မှောင်ကြုတ်၍ စဉ်းစားပြီးနောက်

"ဒါဆိုရင် လက်မှတ်တစ်စောင်က ခြေထောက်ပေါက်ပြီး ဘယ်ကိုရောက်သွားတာလဲ၊ လေတိုက်ပြီး လွင့်စင်ကျသွားတာ ဖြစ်မယ်"

ဟုပြောလေ၏။

ထို့နောက်အခန်းတစ်ခုလုံး မွှေနှောက်ရှာဖွေကြလေ၏။ ထိုသို့ ရှာဖွေရင်း စာအုပ်ဗီရိုကြီးကို ရွှေ့လိုက်ပြီး ဗီရို၏ အနောက်ဘက်သို့ ကြည့်လိုက်ရာ မသဒ္ဓါက ဝမ်းသာအားရဖြင့်

"ဗီရိုအနောက်မှာ ထိလက်မှတ်တွေ့ပြီဟေ့"

ဟုဆိုလိုက်၏။ မခင်ညိုသည် ဗီရိုအနောက်သို့ ကုန်း၍





ကြည့်လိုက်ရာ စာအုပ်ဗီရိုအနောက်၌ ကပ်နေသော ထိလက်မှတ်ကိုတွေ့ရ၏။

ထိုထိလက်မှတ်၏ နံပါတ်ကို ကြည့်လိုက်ရာ တစ်သိန်းဆုပေါက်နေသော လက်မှတ်ဖြစ်နေလေ၏။

သို့သော် ထိလက်မှတ်သည် စာအုပ်ဗီရို၏ အနောက်၌ ကော်နှင့်ကပ်ထားသကဲ့သို့ ရှိနေလေ၏။ မသဒ္ဓါတို့သည် ထိလက်မှတ်ကို စာအုပ်ဗီရိုမှ ခွာရန် ကြိုးစားသော်လည်း ထိလက်မှတ်ကို ခွာမရဘဲ ဖြစ်နေလေ၏။ မသဒ္ဓါက စိတ်ပျက်လက်ပျက်ဖြင့်

"ထိလက်မှတ်ကို ခွာရင်လည်း ပြဲသွားမှာပဲ ဘယ်လိုမှ ခွာလို့ မရတော့ဘူး"

ဟုပြောလေရာ မခင်ညိုက မျက်မှောင်ကြုတ်၍

"ထိလက်မှတ်ကို ခွာမရရင် ထိဆုကို ဘယ်လိုသွားထုတ်မှာလဲ"



www.burmeseclassic.com

ဟုမေးမြန်းလေ၏။

နောက်ဆုံး၌ မသဒ္ဒါတို့သည် ဆုငွေထုတ်သော နေ့၌ စာအုပ် ဗီရိုကြီးကို ဂျစ်ကားပေါ်သို့ တင်၍ ထီရုံးသို့ သွားကြလေ၏။

ထီရုံးသို့ရောက်သောအခါ တစ်သိန်းဆုကြီးကို စာအုပ် ဗီရိုကြီးနှင့် အတူလာရောက်ထုတ်နေသဖြင့် လူအများအားလုံး တအံ့တသြကြည့်ရှုလေ၏။ သတင်းထောက်များကလည်း ဓါတ်ပုံတဖျတ် ဖျတ်ရိုက်၍ သတင်းယူကြလေ၏။

ထိုနေ့က မသဒ္ဒါတို့သည် ဆုငွေတစ်သိန်းဆုကြီးကို အောင် မြင်စွာ ထုတ်နိုင်ခဲ့၏။

မသဒ္ဒါတို့သည် ဆုငွေထုတ်ပြီးသောအခါ ငွေအချို့ကို အသုံးပြု၍ ဘောက်ထော်ဘက်ရှိ ခမ်းနားကြီးကျယ်သော တိုက်ကြီး တစ်လုံးကို ဝယ်ယူခဲ့၏။





ကျန်သော ငွေများကို ဘဏ်များ၌ အပ်နှံထားလိုက်လေ၏။

မသဒ္ဒါနှင့် မခင်ညိုသည် သဒ္ဒါရုပ်စုံသဘင်ကို နှစ်ယောက် သား ပူးပေါင်း ဖြေဖျော်ရင်း ကာလကြာရှည်သောအခါ တစ်ဦးနှင့် တစ်ဦးညီအစ်မအရင်းကဲ့သို့ ချစ်ခင်တွယ်တာကြလေ၏။

တစ်နေ့တွင် မသဒ္ဒါသည် ရွှေတိဂုံဘုရားသို့ ပုတီးစိပ် ရန်သွားပြီး ဘုရားခြေရင်း၌ တစ်ခါက ထီလက်မှတ်ရောင်း သော ကလေးငယ်ကို ပြန်တွေ့ရလေ၏။

မသဒ္ဒါသည် ကလေးငယ်ကို မြင်သည်နှင့် ဝမ်းသာအား ရဖြင့် ထမင်းဆိုင်သို့ခေါ်ကာ ထမင်းကျွေးပြီး ထီတစ်သိန်း ဆု ပေါက်ကြောင်း ပြောပြလိုက်၏။ ထို့နောက် ကလေးငယ် ၏ဘဝ အား မေးမြန်းကြည့်လေရာ

"အမေနဲ့ ကျွန်တော် တောမှာ စားရေးဝယ်ရေး အဆင် မပြေလို့ ရန်ကုန်မြို့ကိုတက်ပြီး အလုပ်ရှာကြတယ်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



အမေက သူဌေးမကြီးတွေ အိမ်မှာ ထမင်းချက်လုပ် ရတယ်။ ကျွန်တော်ကတော့ ခြံထဲမှာ တောက်တိုမယ်ရ လုပ်ရတယ်။ ဒီလိုနဲ့ အမေဆုံးတော့ ကျွန်တော်လည်း သူဌေးမကြီးအိမ်မှာ သော်တင်နေတော့တယ်။ ကျွန်တော်ရွာကို ပြန်မယ်ပြောတော့ အမေက သူဌေးမကြီးဆီမှာ ငွေတွေအများ ကြီးယူထားတယ်တဲ့ ကျွန်တော်ပြန်လို့ မရဘူး ပြောတယ်။ သူဌေးမကြီးတွေအိမ်မှာ အလုပ်လုပ်ရတာ သိပ်ပင်ပန်းတယ်၊ သူဌေးမကြီးတွေက မထင်ရင် မထင်သလို ကျွန်တော်ကို ကျွဲရိုက် နွားရိုက် ရိုက်တယ်၊ တစ်နေ့တော့ သူဌေးမကြီးရဲ့ ညှိခန်းထဲက ခါတ်စက်ကြီးကို ကျွန်တော်ကို မ နိုင်းတယ်၊ ခါတ်စက်ကြီးကိုက လေးလွန်းတော့ ကျွန်တော် မ,လို့ မနိုင်တော့ ကျကွဲသွားတယ်။ အဲဒီမှာ သူဌေးမကြီး နှစ်ယောက်လုံး ဒေါသပုန်ထပြီး ကျွန်တော်ကို ရက်ရက်စက်စက် ရိုက်တယ်။ တစ်နေကုန် ကြာပွတ်နဲ့ ရိုက်ပြီး ထမင်းမကျွေးလဲ အခန်းထဲမှာ ပိတ်ထားတယ်





နှစ်ရက်ပြည့်တဲ့နေ့မှာ ကျွန်တော်ဆာလွန်းလို့ တံခါးကို တုတ်နဲ့ ကော်ဖွင့်ပြီး အိမ်က ထွက်ပြေးခဲ့တယ် နောက်ဆုံးတော့ ဘုရားခြေရင်းမှာ ဈေးရောင်းတဲ့ ကလေးတွေနဲ့ ပေါင်းမိပြီးတော့ ထီလက်မှတ်လေးတွေ ရောင်းစားနေတာပဲ”

ဟုပြောလေ၏။ မသဒ္ဓါသည် ကလေးငယ်၏ဘဝကို များစွာဂရုဏာသက်မိ၏။ ကလေးငယ်သည် ဆင်းရဲနွမ်းပါးသော်လည်း ဥပဓိရုပ်ကောင်းမွန်သန့်ပြန့်၏။ ကလေးငယ်ကို မိမိ တတ်စွမ်းသမျှ ပြုစုစောင့်ရှောက်ရန် ဆုံးဖြတ်လိုက်၏။ မသဒ္ဓါက ကလေးငယ်၏ ပခုံးကိုဖက်၍

“မင်းဒီနေ့ကစပြီး ဘုရားမှာ ဈေးမရောင်းနဲ့တော့ မင်းရဲ့ ထီလက်မှတ်ကြောင့် အစ်မ ငွေတစ်သိန်းဆုပေါက်ခဲ့တယ်၊ မင်းကို ကျေးဇူးပြုတဲ့အနေနှင့် အစ်မရဲ့ အိမ်ကိုခေါ်သွားမယ်၊ ပြီးရင် မင်း ကျောင်းတက်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ကလေးငယ်က မသဒ္ဓါကို မယုံကြည့် ဟန်ဖြင့် ကြည့်၍

"တကယ်ပြောတာလား အစ်မရယ်၊ ကျွန်တော့်ကို တကယ် ကျောင်းထားပေးမှာလား၊ ဝမ်းသာလိုက်တာ ကျွန်တော် ကျောင်း အရမ်းတက်ချင်နေတာ"

ဟုပြောလေ၏။ မသဒ္ဓါသည် ကလေးငယ်ကို အိမ်သို့ ခေါ်လာပြီး ကလေးငယ်၏ မူလအမည် အောင်ဘုမှ ကျော်စွာ ဟုပြောင်းကာ တာမွေဘက်ရှိ ဆရာဦးဘုန်းမြင့် ကျောင်း၌ အပ်နှံလိုက်လေ၏။

ဦးဘုန်းမြင့်သည် အလွန်စည်းကမ်းကောင်းပြီး တပည့် များကို အထူး ဂရုစိုက်သူ ဖြစ်သဖြင့် မောင်ကျော်စွာ၏ ထူးချွန်မှု များကို မသဒ္ဓါအမြဲသိရှိနေလေ၏။

မခင်ညိုသည် မောင်ကျော်စွာရောက်သည့်အချိန်မှစ၍





မောင်လေးတစ်ယောက် ရရှိပြီဆိုကာ လွန်စွာပျော်ရွှင်နေလေ၏။ မောင်ကျော်စွာအတွက် လိုအပ်သော အင်္ကျီအဝတ်အစားများကို သူမကိုယ်တိုင် ဈေးသို့ သွား၍ ဝယ်ယူပေးလေ၏။

မသဒ္ဓါသည် မခင်ညိုနှင့် မောင်ကျော်စွာကို တစ်ဦးနှင့် တစ်ဦး ချစ်ခင်ခြင်းကို များစွာဝမ်းမြောက်ကျေနပ်မိလေ၏။ မသဒ္ဓါကိုယ် တိုင်ကလည်း ၎င်းတို့ကို မောင်နှမရင်းချာကဲ့သို့ ချစ်ခင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မသဒ္ဓါတို့ ရုပ်စုံသဘင်အား ဘုရားကိုးဆူပွဲ တစ်ပွဲအတွက် လာရောက်ငှားရမ်းလေ၏။ ဘုရားကိုးဆူပွဲကို ဗဟန်းကြားက တောရလမ်းဘက်ရှိ ခြံကြီးတစ်ခြံ၌ ကျင်းပမည် ဆို၏။

မသဒ္ဓါသည် ဘုရားကိုးဆူပွဲ၌ ရုပ်သေးက,ရန် စရန်ယူပြီး နောက် ဆိုင်းဆရာ စိန်တင်းပုတ်အားခေါ်၍ ဘုရားကိုးဆူပွဲ၌က,ရန် ဆိုင်းအဖွဲ့ကို ပြင်ဆင်လေ၏။

ဘုရားကိုးဆူပွဲကျင်းပသည့် နေ့တွင် ဆိုင်းဆရာ စိန်တင်း





ပုတ်နှင့် အဖွဲ့သည် ဗဟန်းကြား တောရလမ်းသို့သွား၍ ရုပ်သေး ကမည့် စင်ကိုဆောက်လေ၏။

ထိုသို့ ရုပ်သေးစင်ဆောက်ရာ၌ စင်ကို ကတ္တီပါကြာယပ် နှမူးစည်းတို့ဖြင့် လှပစွာ ပြင်ဆင်နေလေ၏။ စိန်တင်းပုတ် ဆိုင်း အဖွဲ့ကို ရုပ်သေးစင်၏ ညာဘက်၌ နေရာချထားရ၏။

ရုပ်သေးပွဲပြုလုပ်မည့် ယနေ့အချိန်သို့ရောက်သော အခါ မသဒ္ဓါသည် မခင်ညို့နှင့် မောင်ကျော်ဗွာကိုခေါ်ကာ ဗဟန်းကြား တောရလမ်းသို့ ရထားလုံးဖြင့် ထွက်ခဲ့လေ၏။

ဘုရားကိုးဆူ ကျင်းပမည့် ခြံရှေ့သို့ရောက်သောအခါ ဆိုင်းဆရာစိန်တင်းပုတ်တို့က ကြိုဆို၍ ရုပ်သေးစင်၏ ဝဲဘက်ရှိ ကတ္တီပါလေးဘက်လေးတန် ကာထားသော အခန်းငယ်၌ မသဒ္ဓါ ကိုနေရာချထားပေးလေ၏။ မသဒ္ဓါသည် ထိုအခန်းထဲ၌ ရေ သောက်ခြင်း၊ လက်ဖက်စားခြင်းတို့ကို ပြုလုပ်၍ အနားယူလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခန်း၌ မှန်တစ်ချပ်ကို ထားရှိပြီး မိမိ ကိုယ်မိမိ အလှပြင်ဆင်လေ့ရှိ၏။

မခင်ညိုတို့သည် မသဒ္ဒါနှင့် အတူ ကတ္တီပါ လေးဖက်လေးတန် ကာရံထားသော အခန်း၌ နေကြပြီး မခင်ညိုက အပြင်သို့ချောင်းကြည့်၍

"ခြံကြီးက အကျယ်ကြီးနော်၊ အိမ်ကြီးကလည်း ခမ်းနားတယ်၊ အလှူရှင်တွေက သူဌေးသူကြွယ်တွေတဲ့တယ်"

ဟုပြောလေ၏။ ထို့သို့ပြောဆိုရင်း မခင်ညိုသည် မျက်နှာကွက်ခနဲ ပျက်သွားပြီး

"ဟင်... အိမ်ရှင်သူဌေးတွေက ကျွန်မကို နှိပ်စက်တဲ့ ဒေါ်စိန်ချစ်နဲ့ ဒေါ်ရွှေချစ် ဆိုတဲ့ မိန်းမကြီးတွေပါလား"

ဟု အထိတ်တလန့်ပြောလိုက်ရာ မောင်ကျော်စွာသည် မခင်ညိုသည် နည်းတူ ချောင်းကြည့်လိုက်ပြီး





"ဟင်...အစ်မကို နှိပ်စက်လိုက်တာ ဒီမိန်းမကြီးတွေလား၊ သူတို့က ကျွန်တော်ရဲ့ အိမ်ရှင်သူဌေးမကြီးတွေဗျ၊ သိပ်ရက်စက်တယ်၊ လူတွေကို မတရားနှိပ်စက် ညှဉ်းပန်းနေတာဗျ၊ အမလေးသူတို့ကိုမြင်တော့ ကျွန်တော်ကြောက်လာပြီ"

ဟုပြောလေ၏။ ထိုအခါ မျက်လုံးမှိတ်၍ အနားယူနေသော မသဒ္ဒါက ဝင်ရောက်၍

"နင်တို့ အဖြစ်က တိုက်ဆိုင်လိုက်တာဟယ်၊ ဘယ်မှာလဲ ပြစမ်း"

ဟုဆိုကာ ခန်းဆီးကြားမှ အပြင်သို့ ချောင်းကြည့်လိုက်လေ၏။ ထိုအခါ ရုပ်သေးစင်ရှေ့၌ ဆိုဖာကြီးများချ၍ အကျအနထိုင်နေသော မိန်းမကြီးနှစ်ယောက်ကို မြင်လိုက်ရ၏။ မသဒ္ဒါသည် ထိုမိန်းမကြီးနှစ်ယောက်ကို ကြည့်၍ သွေးများ ပွက်ပွက်ဆူသလောက်ခံစားလိုက်ရလေ၏။ မသဒ္ဒါက အံကို တင်းတင်းကြိတ်၍



www.burmeseclassic.com

www.burmeseclassic.com



"စိန်မမနဲ့ ရွှေမမဆိုတဲ့ မိန်းမကြီးနှစ်ယောက်ပါလား၊ ဒီမိန်းမကြီးတွေက ဒေါ်စိန်ချစ်နဲ့ ဒေါ်ရွှေချစ်ဆိုပြီး ရန်ကုန်ကို ရောက်နေပြီပေါ့၊ သူတို့နှစ်ယောက်က မင်းတို့ကို ရက်ရက်စက်စက် နှိပ်စက်ခဲ့တယ်ဟုတ်လား"

ဟုဆိုလိုက်ရာ မခင်ညိုနှင့်ကျော်စွာက အထိတ်တလန့်ဖြင့် ခေါင်းညိတ်ပြလိုက်လေ၏။

မသဒ္ဒါက အံကို တင်းတင်းကြိတ်၍

"ကံကြမ္မာဆိုတာ ဆန်းကြယ်လိုက်တာ တိုက်ဆိုင်မှုတွေဆိုတာကလည်း မယုံနိုင်စရာပဲ၊ နင်တို့နှစ်ယောက်ကို ရက်ရက်စက်စက် နှိပ်စက်ခဲ့တဲ့ မိန်းမကြီးတွေက ငါ့ရဲ့ ရန်သူတော်ကြီးတွေဖြစ်နေတယ်။ ဒီမိန်းမကြီးတွေက သိပ်ရက်စက်တယ် အကြင်နာတရားလည်း မရှိဘူး၊ ရွှေတွေ ငွေတွေ သိပ်မက်တယ်၊ သူတို့ငါကို ရစရာမရှိအောင် အရှက်ခွဲခဲ့လို့ မြို့ကထွက်ပြေးလာရတယ်။





သူတို့ကို ငါတစ်သက် မကျေဘူး ဆုံးဖြတ်ထားခဲ့တယ် သူတို့အခု ငါမျက်စိရှေ့ ရောက်နေပြီ သူတို့ဟာ ငါညီမနဲ့ မောင်လေးကိုလဲ သားသမီးချင်း မစာနာဘဲ နှိပ်စက်ခဲ့တယ် ဒီမိန်းမကြီးတွေ ဘာလို့ လူစိတ်ကင်းမဲ့နေတာလဲ။ သူတို့နဲ့ငါ ပြန်မဆုံပါရစေနဲ့လို့ ကြိတ်ပြီးဆုတောင်းနေခဲ့တယ်။ သူတို့နဲ့ ပြန်ဆုံရင် ငါသတ်မိမှာစိုးလို့ အခုတော့ ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင်ကြီးဆုံတွေ့ပေးလိုက်ပါပြီ ဆုံတွေ့တာမှ ရိုးရိုးသားသား တွေ့တာ မဟုတ်ဘူး သူတို့က ငါမောင်နဲ့ ညီမကိုလဲ ရက်ရက်စက်စက် နှိပ်စက်ခဲ့သေးတယ်၊ ဒါဟာ သူတို့ကို ငါကိုယ်တိုင် အပြစ် ဒဏ်ခတ်ဖို့ ကံကြမ္မာက တွန်းပို့ပေးလိုက်တာပဲ၊ သူတို့ကို ငါဘယ်လို အပြစ်ဒဏ်ခတ်ရမလဲ"

ဟုရေရွတ်ရင်းခန်းဆီး အနီးရှိ ရုပ်သေးစင်၌ ရှိသော ရုပ်သေးရုပ်လေးတစ်ရုပ်ကို ကြည့်လိုက်၏။ ထိုရုပ်သေးရုပ်သည် စုန်းရုပ်

www.burmeseclassic.com



ပင်ဖြစ်၏။

မသဒ္ဒါသည် စုန်းမရုပ်ရှိရာသို့ လျှောက်လှမ်းသွားပြီး ရုပ်သေးရုပ်ကို ရင်ခွင်၌ ပိုက်ထားလိုက်၏။ ပြီးနောက် ရင်ခွင်ထဲရှိ စုန်းမရုပ်လေးကို ငုံကြည့်၍

“ ရှင်… ကျွန်မကို ကူညီရတော့မယ် ဒီတစ်ခါတည်းပါရှင်”

ဟု တီးတိုးပြောလိုက်လေ၏။ ထိုအချိန်၌ ရုပ်သေးပွဲစရန် ဟိမဝန္တာခန်းအတွက် ဆိုင်းဝိုင်းက စတင်တီးခတ်နေ၏။

မသဒ္ဒါက ရုပ်သေးစင်ပေါ်တက်ရန် ထိတ်လန့်နေသော မခင်ညိုကို ကြည့်၍

“မကြောက်ပါနဲ့ ညီမရယ် ဒီမိန်းမကြီး တွေ့သိတာက မခင်ညိုပါ၊ ဒီနေ့ မခင်ညိုက ရုပ်သေး မင်းသမီးဖြစ်နေပြီး နန်းတွင်းကအပျိုတော်လေး တစ်ယောက်လို လှလှပပ ပြင်ဆင်ထားတဲ့





မခင်ညိုကို သူတို့ မမှတ်မိပါဘူး”

ဟု အားပေးစကားပြောကာ မခင်ညိုကို စင်ပေါ်သို့ တင်လိုက်၏။

မခင်ညို ရုပ်သေးစင်ပေါ်သို့ တက်သွားသောအခါ မသဒ္ဒါသည် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစား၍ ဆုံးဖြတ်ချက်တစ်ခုကို နိုင်နိုင်မာမာ ချလိုက်၏။

မသဒ္ဒါသည် ကတ္တီပါလိုက်ကာအနောက်မှ စိန်မမနှင့် ရွှေမညီအစ်မနှစ်ယောက်ကို ချောင်းကြည့်၍

“ဝအောင်ကြည့်ထားပေတော့၊ ရှင်တို့ဘဝရဲ့ နောက်ဆုံးအချိန်ကိုရောက်တော့မယ်”

ဟုကြုံးဝါးလိုက်လေ၏။ မခင်ညို ဟိမဝန္တာခန်းကပြပြီးသောအခါ မသဒ္ဒါ၏ အလှည့်သို့ရောက်လေ၏။

မသဒ္ဒါသည် စင်ပေါ်သို့ ကျခြေရရတက်သွားပြီး ရုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



ပွဲကို စတင်ကပြလေ၏။ ထိုသို့ကပြရင်း စိန်မမတို့ ညီအစ်မ နှစ်ယောက်ကို မသိမသာကြည့်လိုက်ရာ မိန်းမကြီး နှစ်ယောက်စလုံး သူမကို မှတ်မိပုံမရချေ။

ခဏကြာလျှင် ညီအစ်မနှစ်ယောက်သည် ရုပ်သေးစင် ရှေ့မှ ရှေ့ဆင့်နောက်ဆင့် ဆက်သွယ်ပြီး အိမ်ကြီးထဲသို့ ဝင်သွားလေ၏။ မသဒ္ဒါသည် အခွင့်အရေးရပြီးဟု ယူဆလိုက်၏။

ထို့ကြောင့် သူမကရန် စီစဉ်ထားသော ဇော်ဂျီ မကတော့ဘဲ စင်အောက်သို့ ဆင်းခဲ့၏။ မခင်ညိုသည် စင်အောက်သို့ ဆင်းလာသော မသဒ္ဒါကို အံ့သြဟန်ဖြင့်

"အစ်မ ဇော်ဂျီ မကဘူးလား"

ဟုမေးမြန်း၏။ မသဒ္ဒါက ခေါင်းခါယမ်း၍

"အစ်မဗိုက်ထဲမှာ နည်းနည်းအောင့်နေလို့ ညီမပဲ ဇော်ဂျီ ကလိုက်ပါ"





ဟု ဆိုကာ မခင်ညိုကို စင်ပေါ်သို့ တက်ခိုင်းလေ၏။

မသဒ္ဒါသည် မခင်ညို စင်ပေါ်သို့ တက်သွားသောအခါ ရုပ်သေးစင်ရှိ စုန်းမရုပ်ကို ယူ၍

"ဒီတစ်ကြိမ်ထဲ ရှင့်ကို အသုံးပြုမှာပါ၊ နောက် ဘယ်တော့မှ အသုံးမပြုတော့ဘူး"

ဟုပြောလိုက်လေ၏။ မသဒ္ဒါသည် ရုပ်သေးရုပ်ကို ရင်ခွင် ပိုက်၍ ကတ္တီပါခန်းဆီးအနောက်မှ ထွက်ကာ အိမ်ထဲသို့ ဝင်သွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးအပေါ်ထပ် ဘုရားခန်း၌ ဘုရားကိုးဆူ ဆရာကြီးသည် ဂြိုဟ်မင်းများကို ပင်မြောက်နေလေ၏။ မသဒ္ဒါသည် လူသူအရိပ်အခြည်ကို ကြည့်၍ အိမ်ကြီး၏ နံဘေးမှပတ်၍ မီးဖိုချောင်သို့ ဝင်လိုက်၏။ ထိုအခါ မီးဖိုချောင်ရှိ စားပွဲတစ်လုံး၌ထိုင်၍ သံပရာရည် တစ်ခွက်ကိုသောက်နေသော ရွှေမမကို တွေ့လိုက်ရ၏။ မသဒ္ဒါသည် မီးဖိုချောင် တံခါးကို ဖွင့်၍ ရွှေမမ အနီးသို့ ကပ်သွားလေ၏။ ရွှေမမသည် မသဒ္ဒါကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့သြသွားပြီး





"ဟင်…ရုပ်သေးမင်းသမီးပါလား၊ ဘာလိုချင်လို့လဲ"

ဟုမေးမြန်းလိုက်ရာ မသဒ္ဒါက အံကိုကြိတ်၍

"ဘာမှမလိုပါဘူး ဒေါ်ရွှေမမ"

ဟုဆိုလိုက်ရာ ရွှေမမက အံ့သြဟန်ဖြင့်

"အစ်မနာမည် ဒေါ်ရွှေချစ်ပါ"

ဟုပြောလေ၏။ မသဒ္ဒါက ခေါင်းခါယမ်း၍

"ရှင့်နာမည်အရင်းက ရွှေမမပါ၊ ရန်ကုန်ကိုရောက်တော့မှ ရွှေချစ်လို့ပြောင်းလိုက်တာ"

ဟုပြောလိုက်ရာ ဒေါ်ရွှေချစ်သည် မသဒ္ဒါကို မျက်မှောင်ကြုတ်၍

"ညည်းက ငါ့ကိုသိနေတယ်ပေါ့"

ဟုပြောလိုက်၏။ မသဒ္ဒါက ခေါင်းညိတ်၍

"သိတာပေါ့ရှင် မြို့မှာတုန်းက ရှင်ကျွန်မကို ရက်ရက်



www.burmeseclassic.com

www.burmeseclassic.com



စက်စက်ရိုက်နှက်ခဲ့တာပဲ၊ ရှင်ကျွန်မကို သေသေချာချာ ကြည့်စမ်း၊ မမှတ်မိဘူးလား ကျွန်မနာမည် မသဒ္ဒါလေ၊ ရှင့်မောင် တဏှာရူးက ကျွန်မကို အတင်းအဓမ္မ ခိုးပြေးလို့ မြို့ပေါ်မှာ ခေါင်းမဖော်ဝံ့အောင် အရှက်ရပြီး ထွက်ပြေးခဲ့ရတယ်လေ။ ရှင်တို့ညီအစ်မနှစ်ယောက်က လဲ ရေနစ်သူကို ဝါးကူထိုးပြီး ကျွန်မဆေးရုံက အဆင်းမှာ ရက်ရက် စက်စက် ရိုက်နှက်ခဲ့တယ်လေ''

ဟုပြောလိုက်ရာ ဒေါ်ရွှေချစ်သည်မသဒ္ဒါကို မှတ်မိသွားပြီး

''ဟင်…နင်…နင်‥ငါ့မောင်ကိုသတ်တဲ့ ကောင်မပါလား၊ သွား…သွား…ငါ့အိမ်ထဲက ထွက်သွား''

ဟုပြောလိုက်၏။ မသဒ္ဒါက မဲ့ပြုံးပြုံး၍

''ရှင့်မောင်ကို သတ်ရုံမကဘူး ရှင့်ကိုလည်း သတ်ဦးမယ်၊ ငရဲပြည်ကို သွားပေတော့''

ဟု ဆိုကာ ဒေါ်ရွှေချစ်၏ အနီးသို့ စုန်းမရုပ်သေးရုပ်ကို





တိုးကပ်ကာ ခလုတ်တစ်ခုကို နှိပ်လိုက်၏

ထိုအခါ စုန်းမရုပ်မှ ဓားတိုလေးတစ်ချောင်း ထွက်လာပြီး ဒေါ်ရွှေချစ်၏ ရင်ဝကို ထိုးစိုက်သွား၏၊ ဒေါ်ရွှေချစ်သည် ထိတ်လန့်တကြား အော်ဟစ်လိုက်လေ၏။

စုန်းမရုပ်ထဲက ထွက်လာသော ဓားတိုလေးသည် ချုပ်ခနဲ အသံမြည်၍ အထဲသို့ ပြန်ဝင်သွားလေ၏။

မသဒ္ဒါသည် စားပွဲခုံပေါ်သို့ မှောက်ခုံကြီးလဲကျနေသော ဒေါ်ရွှေချစ်ကို ကြည့်၍ အံကိုကြိတ်လိုက်ပြီး မီးဖိုခန်းထဲမှ ထွက်ခွာလာခဲ့၏။

ဧည့်ခန်းထဲသို့ ရောက်သောအခါ အိမ်ကြီး၏ အပေါ်ထပ်သို့တက်သော လှေကားကို တွေ့ရလေ၏။

မသဒ္ဒါသည် ထိုလှေကားမှ အိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့လေ၏။ အပေါ်ထပ် ဘုရားခန်း၌ဘုရားကိုးဆူ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ဂြိုဟ်မင်းများကို ပင့်ဖိတ်နေလေ၏။

မသဒ္ဒါသည် တံခါးပွင့်နေသော အိပ်ခန်းတစ်ခန်းသို့ ချောင်းကြည့်လိုက်ရာ အိပ်ခန်းထဲရှိ မှန်တင်ခုံရှေ့တွင် ထိုင်နေသော ဒေါ်စိန်မမကိုတွေ့ရလေ၏။ မသဒ္ဒါ အခန်းထဲသို့ ဝင်သွားသောအခါ ဒေါ်စိန်မမသည် အနောက်သို့ လှည့်ကြည့်ပြီး

"ဟင်... ရုပ်သေးမင်းသမီး၊ ဘာကိစ္စအခန်းထဲကို ဝင်လာတာလဲ"

ဟုမေးမြန်းလေ၏။ မသဒ္ဒါက ဒေါ်စိန်မမကို စကားရှည်ရှည်ဝေးဝေး မပြောတော့ဘဲ

"ရှင် ကျွန်မကို မမှတ်မိတော့ဘူးလား၊ မြို့မှာတုန်းက ရှင်မောင်တကျော့ရှုံးကြောင့် တစ်မြို့လုံးရှေ့မှာ အရှက်ကွဲခဲ့တဲ့ မသဒ္ဒါလေ၊ ရှင်တို့ညီအစ်မက ကျွန်မအကြောင်းကို သွားပုပ်လေလွင့် ပြောရုံမကဘူး ကျွန်မဆေးရုံက ဆင်းပြီး အင်အားချည့်နဲ့နေချိန်မှာ





ရှင်တို့နှစ်ယောက် ရက်ရက်စက်စက် ဝိုင်းရိုက်ခဲ့တယ်လေ၊ ရှင်တို့ညီအစ်မဟာ သိပ်ယုတ်မာတယ်၊ လူတိုင်းအပေါ်မှာ စာနာထောက်ထားမှု ကင်းမဲ့ခဲ့တယ် ရှင်တို့ နဲ့ ထိုက်တန်တဲ့နေရာက ငရဲပြည်ပဲ"

ဟုဆိုလိုက်ရာ စိန်မမသည် မသဒ္ဒါကို ကောင်းစွာမှတ်မိသွားပြီး

"ဟင်... ညည်း... ညည်း... ဘာဖြစ်လို့ ငါ့အိမ်ထဲကို ဝင်လာတာလဲ၊ ထွက်သွား ထွက်သွား ညည်းကို ပုလိပ်တိုင်ရမယ်"

ဟုပြောလေ၏ မသဒ္ဒါက မဲ့ပြုံးပြုံး၍

"ရှင်ငရဲပြည်ရောက်မှ ပုလိပ်ကိုတိုင်ပေတော့ ဟောဒီက စုန်းမရုပ်လေးက ရှင့်ကိုငရဲပြည်ပို့ပေးလိုက်မယ်"

ဟု ဆိုကာ စုန်းမရုပ်သေးရုပ်ကို ဒေါ်စိန်မမ၏ ရင်ဝသို့ တိုးကပ်၍ ခလုတ်ကို နှိပ်လိုက်၏၊ ထိုအခါ စုန်းမရုပ်မှ ဓားတို့သေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ဒေါ်စိန်မမ၏ ရင်ခွင်သို့ ထိုးစိုက်သွားလေ၏။

ဒေါ်စိန်မမ၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သော အသံကြီးသည် ဆိုင်းဝိုင်းနှင့် ကိုးဆူဆရာကြီး၏ အသံကြောင့် တိမ်မြှုပ်ပျောက်ကွယ်သွားလေ၏။

မသဒ္ဒါသည် ရန်သူတော်ကြီး နှစ်ဦးကို လှလှပပ လက်စားချေပြီးနောက် စုန်းမရုပ်ကလေးကို ရင်ခွင်ပိုက်၍ အိမ်ကြီး၏ နံဘေးမှ ဤမြေမပျက် ထွက်ခဲ့၏။

ထိုအချိန်၌ ရုပ်သေးပွဲကို လူအများ အားလုံး စိတ်ဝင်စားနေသဖြင့် မသဒ္ဒါကို မည်သူမျှ ရိပ်စားမိခြင်း မရှိချေ။

ကတ္တီပါ ခန်းဆီးအနောက်သို့ မသဒ္ဒါဝင်ရောက်သွားသောအခါ ကျော်စွာဆိုသော ကလေးငယ်က

"အစ်မကြီးဘယ်ကိုသွားနေတာလဲ၊ စင်ပေါ်တက်ဖို့ နီးနေပြီ"





ဟု ဆိုလိုက်ရာ မသဒ္ဒါက

"အစ်မဗိုက်ထဲမှာ မကောင်းလို့ ရေအိမ်ခဏသွားနေတာပါ"

ဟုပြောလေ၏ ထိုအခိုက်မှာပင် မခင်ညိုစင်ပေါ်မှ ဆင်းလာပြီး

"အစ်မစုန်းမကဖို့ အလှည့်ရောက်ပြီ ဗိုက်နာတာ သက်သာရဲ့လား"

ဟုမေးမြန်းလေ၏။ မသဒ္ဒါက ကျေနပ်စွာဖြင့် ခေါင်းညိတ်၍

"အစ်မ ရင်ထဲမှာ ရှင်းလင်းသွားတာပဲ"

ဟုပြောရင်း စုန်းမရုပ်ကို ကိုင်၍ စင်ပေါ်သို့ တက်သွားလေ၏။ မသဒ္ဒါစင်ပေါ်သို့ ရောက်သည်နှင့် ဆိုင်းဝိုင်းက စတင်တီးခတ်လေ၏။

မသဒ္ဒါသည် စုန်းမရုပ်ကို ဟန်မပျက်ကြိုးဆွဲကရင်း ဆင်



www.burmeseclassic.com

www.burmeseclassic.com



အောက်ရှိ လူမရှိသော ဆိုဖာကြီးနှစ်လုံးကို ကြည့်၍ လွန်စွာ ကျေနပ်နေလေ၏။ သူမသည် အဆိုအပြောပိုင်ဆိုင်နိုင်စွာဖြင့် စုန်းမ ရုပ်ကို ကြိုးဆွဲနေလေ၏။

မသဒ္ဒါသည် ရုပ်သေးများကို တစ်ရုပ်ပြီး တစ်ရုပ် ကြိုးဆွဲနေရင်း သူမ ကျူးလွန်ခဲ့သော လူသတ်မှုကြီးကို မေ့လျော့နေလေ၏။ အတန်ကြာသောအခါမှ အိမ်ကြီးမှ ဆူဆူညံညံ အသံများကို ကြားရ၏။ ဒေါ်စိန်မမတို့ လုပ်ကြံခံရခြင်းကို လူအများသိရှိသွားပြီး တစ်ခြံလုံးဆူညံပွက်သွားလေ၏။ အလှူပွဲသို့ လာသောဧည့်သည်များသည် အလွန်ထိတ်လန့် အံ့သြနေပြီး လူသတ်မှုအကြောင်းကို ဟိုတစ်စု၊ သည်တစ်စု ပြောဆိုနေ၏။

မသဒ္ဒါတို့၏ ရုပ်သေးပွဲကိုလည်း ရပ်တန့်လိုက်ရလေ၏။ ခဏကြာလျှင် ပုလိပ်များ ရောက်ရှိလာပြီး ဒေါ်စိန်မမတို့အလောင်းများကို စစ်ဆေးကြည့်ရှုလေ၏။ ပြီးနောက် အိမ်ထဲသို့ ဝင်ထွက်





သွားလာသူများကို စစ်ဆေးရာ ပုလိပ်အဖွဲ့၏ မသင်္ကာသူများစာရင်း၌ ဘုရားကိုးဆူ ဆရာကြီးသည် ထိပ်ဆုံးမှ ပါဝင်နေ၏။

ပုလိပ်များက ဘုရားကိုးဆူ ဆရာကြီးကို အမျိုးမျိုး စစ်ဆေးရာ ဆရာကြီးက

"ကျုပ် တစ်ချိန်လုံး ဂြိုဟ်မင်းတွေကို ပင့်နေတာဗျ၊ ကျုပ်အသံကို တစ်ခြံလုံး ကြားရတယ် ဘုရားကိုးဆူပင့်ချိန်မှ လူသတ်လို့ရမလား စဉ်းစားကြပါဦး"

ဟု အထိတ်တလန့် ပြောဆိုလေ၏။ မသဒ္ဒါသည် ကတ္တီပါလိုက်ကာထဲမှ မထွက်ဘဲ အခြေအနေကို အကဲခတ်ကြည့်လေရာမိမိ အိမ်ကြီးထဲသို့ဝင်ကြောင်းမြင်တွေ့သူ မရှိကြောင်း အံ့သြဖွယ်သိရ၏။

မခင်ညိုသည် လူသတ်မှုသတင်းကို ကြားသောအခါ လွန်စွာ ထိတ်လန့်အံ့သြသွားပြီး

"သူတစ်ပါးကို ရက်စက်ယုတ်မာတဲ့မိန်းမကြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာနေပြီး တစ်လှည့်စီရပ်သေးကနေတာပါ။ အိမ်ကြီးမှာ ဘာဖြစ်နေတယ်ဆိုတာ မသိရပါဘူး''

ဟုပြောလေရာ ဌာနအုပ်ကြီးက ခေါင်းညိတ်၍

''ဟုတ်ပါတယ် အိမ်ကြီးထဲကို လုံးဝမရောက်ဘူးလား''

ဟုမေးမြန်းလေရာ မသဒ္ဒါက

''ညီအစ်မနှစ်ယောက်စလုံး မရောက်ပါဘူးရှင်''

ဟုပြောလေ၏။

မသဒ္ဒါတို့သည် ညဉ့်အတော်နက်သောအခါ ပုလိပ်အရာရှိကြီးကို နှုတ်ဆက်၍ ပြန်ခဲ့လေ၏။

ဌာနအုပ်ကြီးသည် မသဒ္ဒါတို့ မိန်းမသားနှစ်ယောက်ကို ငဲ့ညှာ၍ ပြန်လွှတ်ပြီး ဆိုင်းသမားများကိုမူ စစ်ဆေးရန် ချန်ထားလိုက်လေ၏။

မသဒ္ဒါသည် အိမ်သို့ရောက်သောအခါ အိပ်ခန်းထဲသို့တစ်





ဆုံးမတဲ့သူ ရှိသွားပြီ''

ဟုပြောလေ၏။ ပုလိပ်များသည် အိမ်ကြီးသို့ ဝင်သူများကို စစ်ဆေးလိုကြောင်းပြောလေ၏။ ထိုအခါ မောင်ကျော်စွာသည် မသဒ္ဒါကိုကြည့်၍

''အစ်မ အိမ်ထဲကို ဝင်သေးတယ် ''

ဟုဆိုလိုက်ရာ မသဒ္ဒါက နှုတ်ခမ်းကို လက်ညှိုးကပ်၍ ခေါင်းခါယမ်းပြလိုက်လေ၏။ မခင်ညိုသည် မသဒ္ဒါ၏ အပြုအမူကို နားမလည်ဟန်ဖြင့် ကြည့်လိုက်လေ၏။ ခဏကြာလျှင် ဌာနအုပ်တစ်ယောက်က မသဒ္ဒါတို့ထံသို့ ရောက်လာပြီး

''အိမ်ရှင်အသတ်ခံရတဲ့ အမှုနဲ့ ပတ်သက်ပြီး ဘာများပြောစရာရှိပါသလဲ''

ဟုမေးမြန်းလေ၏။ ထိုအခါ မသဒ္ဒါက ခေါင်းခါယမ်း၍

''ကျွန်မတို့ ညီအစ်မနှစ်ယောက်က ကတ္တီပါလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တည်းဝင်၍ မိမိ၏လုပ်ရပ်အတွက် ကျေနပ်နေလေ၏။

မောင်နှမသုံးယောက်၏ကိုယ်စား မိန်းမကြီးနှစ်ယောက်ကို ငရဲပြည်သို့ ပို့ပေးလိုက်ချေပြီ။

ယုတ်မာကောက်ကျစ်သော မိန်းမကြီးနှစ်ယောက်သည် ဥစ္စာဓနအားကိုးဖြင့် လူအများကို နိုင်ထက်စီးနင်း ပြုကျင့်နေတာကြာခဲ့လေပြီ။ ထိုအခိုက်မှာပင် အခန်းတွင်းသို့ မခင်ညိုရောက်ရှိလာပြီး စိတ်လှုပ်ရှားသောအမူအရာဖြင့်

“မိန်းမကြီးနှစ်ယောက် သေသွားတာဆန်းတယ်ရှင်၊ သူတို့ကို ဘယ်သူများ သတ်သွားသလဲမသိဘူး”

ဟုပြောလိုက်ရာ မသဒ္ဒါက သက်ပြင်းချ၍

“သူတို့မှာ အပြစ်တွေအများကြီးရှိတယ်၊ သူတို့နှစ်ယောက် လူတွေကို ဒုက္ခပေးတာ အတော်များနေပြီ၊ ဒါကြောင့် အပြစ်ဒဏ်ကို ခံလိုက်ရတာ”





ဟု တိုးတိုးပြောလိုက်၏။ မခင်ညိုက မျက်မှောင်ကြုတ်၍

“မိန်းမကြီးတွေကို ဘယ်သူအပြစ်ဒဏ်ခတ်သွားသလဲ မသိဘူး”

ဟုပြောလိုက်ရာ မသဒ္ဒါက ခေါင်းခါယမ်း၍

“ကိုယ်နဲ့မဆိုင်တာကို မသိချင်ပါနဲ့ကွယ်၊ အေးအေးဆေးဆေး အနားယူပါတော့”

ဟုပြောလိုက်လေ၏။

မသဒ္ဒါသည် မခင်ညို အခန်းထဲမှ ပြန်ထွက်သွားသောအခါ နံရံတွင် ချိတ်ထားသော စုန်းမရုပ်သေးရုပ်ကိုယူ၍ရင်ခွင်ပိုက်လိုက်ပြီး

“ရှင့်ကို ကျွန်မ အနားပေးရတော့မယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အနားပေးလိုက်ရတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ။ ရှင့်ကိုယ်မှာ သွေးတွေစွန်းပေသွားတာ ကျွန်မ တောင်းပန်ပါတယ်”

ဟုဆိုလိုက်ပြီး စုန်းမရုပ်ကို အတန်ကြာအောင် ရင်ခွင်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေ၏။

မသန္တါသည် စုန်းမရုပ်ကို တစ်ညလုံးရင်ခွင်ပိုက်ပြီး အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဆိုင်းဆရာ စိန်တင်းပုတ် ရောက်ရှိလာပြီး

"ညက ကျုပ်တို့တော်တော်ညဥ့်နက်သွားတယ် မသန္တါ၊ စုံထောက်တွေကလဲ စစ်လိုက်ဆေးလိုက်တာ လွန်ပါရော"

ဟုပြောလေ၏။ မသန္တါက မျက်မှောင်ကြုတ်၍

"ဆိုင်းသမားတွေနဲ့ ဘာဆိုင်လို့စစ်ဆေးရတာလဲ"

ဟုမေးမြန်းလိုက်ရာ ဆိုင်းဆရာ စိန်တင်းပုတ်က

"မသိပါဘူးဗျာ၊ ကျုပ်တို့ဆိုင်းဆရာတွေတင် မကဘူး၊ ဂျမဒါ မင်းထင်ဆိုတဲ့ စုံထောက်က ရုပ်သေးရုပ်တွေကိုတောင် စစ်ဆေးနေသေးတယ်၊ နောက်တော့ စုန်းမရုပ်ပျောက်နေလို့ ဘယ်မှာ





လဲလို့ မေးတယ်"

ဟုပြောလိုက်ရာ မသန္တါသည် စိတ်လှုပ်ရှားသွားပြီး

"ရှင်တို့ ဘာပြောလိုက်သလဲ"

ဟုမေးမြန်းလိုက်လေ၏။ စိန်တင်းပုတ်က

"ရုပ်သေးမင်းသမီး မသန္တါ ယူသွားတယ်လို့ ဖြေလိုက်တာပေါ့၊ ဒါတောင် အဲဒီစုံထောက်က မေးသေးတယ်၊ စုန်းမရုပ်ကို ဘာဖြစ်လို့ ယူသွားရတာလဲတဲ့၊ တော်တော် နိုက်နိုက်ချွတ်ချွတ်မေးတဲ့ စုံထောက်ပဲဗျာ"

ဟုပြောလေ၏။

မသန္တါက သက်ပြင်းချ၍

"သူ့နာမည် ဘယ်သူလဲ"

ဟုမေးမြန်းလိုက်ရာ ဆိုင်းဆရာစိန်တင်းပုတ်က

"ဂျာမဒါမင်းထင်ဆိုလား၊ လူပုံကတော့ ခပ်ဖြောင့်ဖြောင့်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခတ်ရှင်မင်းသားလို့တောင် ထင်ရတယ်၊ မသဒ္ဒါတို့နဲ့လဲ လာတွေ့ပါဦးမယ်တဲ့၊ အမှာစကား ပါးလိုက်သေးတယ်''

ဟုပြောလိုက်ရာ မသဒ္ဒါသည် စုန်းမရုပ်ကို အမြန်ဆုံး စွန့်ပစ်ရန် ဆုံးဖြတ်လိုက်၏။

မသဒ္ဒါသည် စုန်းမရုပ်ကို စွန့်မပစ်မီ ဘုရားခန်းထဲသို့ဝင်၍ အတန်ကြာအောင် ဘုရားဝတ်ပြုနေမိ၏။

ဘုရားဝတ်ပြုပြီး အိပ်ခန်းထဲသို့ ဝင်ရောက်သောအခါ စုန်းမရုပ်ကို တုန်လှုပ်ချောက်ချားဟန်ဖြင့် ကြည့်ရှုနေသော မခင်ညိုကို မြင်တွေ့ရ၏။

မသဒ္ဒါက မျက်မှောင်ကြုတ်၍

''ဘာဖြစ်လို့ စုန်းမရုပ်ကိုကြည့်ပြီး နင်ဘာဖြစ်နေတာလဲ''

ဟုမေးမြန်းလိုက်၏။

မခင်ညိုက တုန်ယင်သောအမူအရာဖြင့်





''စုန်းမရုပ်ရဲ့ခြေထောက်မှာ သွေးတွေစွန်းပေနေတယ်၊ ဒီသွေးတွေက ဘယ်ကသွေးတွေလဲ''

ဟုမေးမြန်းလိုက်ရာ မသဒ္ဒါသည် စုန်းမရုပ်၏ ထဘီအနားစ၌ ပေနေသော သွေးကိုကြည့်၍ မျက်နှာပျက်သွားပြီး

''ဘယ်ကသွေးတွေပါလိမ့်''

ဟုရေရွတ်လိုက်၏။

မခင်ညိုက သက်ပြင်းချလိုက်ပြီး

''အစ်မ သူတို့ကို သတ်လိုက်ပြီမဟုတ်လား၊ မိန်းမကြီးနှစ်ယောက်ကို လက်စားချေလိုက်တာ မဟုတ်လား၊ လွန်ခဲ့တဲ့ညက အစ်မ ဒေါ်ကျိုရုပ် မကကတည်းက ကျွန်မသဘောပေါက်ဖို့ကောင်းတယ်၊ ညတုန်းက စုန်းမရုပ်ကိုပိုက်ပြီး အိမ်ကြီးထဲကို အစ်မ ဝင်သွားတယ်ဆိုတာ ကျော်စွာပြောပြတယ်၊ အစ်မ မိန်းမယုတ်ကြီးတွေကို သတ်လိုက်တာမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။ မသဒ္ဒါက အံကိုကြိတ်၍

"ဟုတ်တယ်၊ ငါတို့မောင်နှမသုံးယောက်အပေါ်မှာ ယုတ်မာကောက်ကျစ်တဲ့ မိန်းမကြီးတွေကို ငါသတ်လိုက်တယ်၊ သူတို့အခုလောက်ဆို ငရဲပြည်ရောက်နေပြီ၊ ငါသိပ်ဝမ်းသာတယ်၊ သွေးစွန်းသွားတဲ့ စုန်းမရုပ်ကိုလဲ ငါစွန့်လွှတ်တော့မယ်၊ ငါတို့ရဲ့ အမြင့်သဘင်မှာ စုန်းမရုပ်ကို ဆက်ပြီးမထားသင့်တော့ဘူး"

ဟုပြောလိုက်၏။ မခင်ညိုက ဝမ်းနည်းကြေကွဲစွာဖြင့် စုန်းမရုပ်ကိုကြည့်၍

"စုန်းမရုပ် သနားပါတယ်အစ်မရယ်၊ ဘာဖြစ်လို့ သူတို့သွေးစွန်းစေတာလဲ၊ စုန်းမရုပ်ရဲ့ကိုယ်မှာ ဓားတစ်ချောင်းရှိနေကတည်းက တစ်နေ့နေ့မှာ တစ်ခုခုဖြစ်မယ်လို့ ကျွန်မရင်ထဲ လေးလံနေတာ၊ မိန်းမကြီးတွေက အစ်မ မသတ်လဲ သူကြမ္မာ သူစီရင်မှာပဲ"

ဟုပြောလေ၏။ မသဒ္ဒါက ခေါင်းခါယမ်း၍





"သူတို့ကို ငါကိုယ်တိုင်စီရင်မှ ကျေနပ်နိုင်မယ်၊ ဒီအတွက် ငါအပြစ်ဒဏ်ခံရလဲ ဂရုမစိုက်ဘူး၊ ခံလိုက်မယ်၊ စုန်းမရုပ်ကို မနက်ဖြန်မနက်မှာ ခြောက်ထပ်ကြီးဘုရားအနီးက ဇရပ်မှာ ငါသွားစွန့်ပစ်မယ်"

ဟုပြောလိုက်၏။ မခင်ညိုသည် စုန်းမရုပ်ကိုတစ်လှည့် မသဒ္ဒါကို တစ်လှည့်ကြည့်ကာ ဝမ်းနည်းကြေကွဲနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မသဒ္ဒါသည် နောက်တစ်နေ့နံနက်သို့ရောက်သောအခါ ခြောက်ထပ်ကြီးဘုရားအနီးရှိ ဇရပ်သို့သွားကာ စုန်းမရုပ်ကို စွန့်ပစ်လိုက်လေ၏။ စွန့်ပစ်ကာနီး၌ မသဒ္ဒါ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြီး

"ကျွန်မကို ခွင့်လွှတ်ပါ စုန်းမရယ်၊ ရှင့်လက်က သွေးစွန်းနေပြီ၊ အမြင့်သဘင်နဲ့ မတင့်တယ်တော့လို့ပါ"

ဟုပြောလိုက်လေ၏။





ထို့နောက် စုန်းမရုပ်ကို ဇရပ်အပေါ်ဆင့်၌ အနီရောင်ပိုးစဖြင့် ချိတ်ဆွဲလိုက်ပြီး အိမ်သို့ပြန်ခဲ့လေ၏။

မသဒ္ဒါ အိမ်သို့ပြန်ရောက်ပြီး ခဏအကြာတွင် ဂျမဒါ မင်းထင် ဆိုသော စုံထောက်ရောက်ရှိလာ၏။

ထိုစုံထောက်သည် လွန်စွာတည်ကြည်ခံ့ညားပြီး ဓာတ်ရှင် မင်းသားတစ်ယောက်ကဲ့သို့ ဥပဓိရုပ်ကောင်းလှ၏။

ဂျမဒါမင်းထင်က မသဒ္ဒါကို စူးစိုက်ကြည့်၍

"ကျုပ်က ဂျမဒါမင်းထင်းဆိုတဲ့ အလွတ်စုံထောက်ပါ၊ ဗဟန်းကြားတောရလမ်း လူသတ်မှုနဲ့ပတ်သက်လို့ မသဒ္ဒါကို နည်းနည်းမေးချင်လို့ပါ"

ဟုပြောလိုက်ရာ မသဒ္ဒါက ခေါင်းညိတ်၍

"မေးပါရှင်၊ ကျွန်မ သိသလောက် ဖြေပါ့မယ်"

ဟုပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်က



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာရုပ်စုံသဘင်ကို ဇော်ဂျီရုပ်ကို မသဒ္ဒါပဲ အမြဲကလေ့ရှိတယ်လို့ သိရတယ်၊ ဒါပေမယ့် လူသတ်မှုဖြစ်တဲ့ညက မသဒ္ဒါ ဘာကြောင့် ဇော်ဂျီရုပ် မကတာလဲ"

ဟုမေးမြန်းလေ၏။

မသဒ္ဒါသည် ဂျမဒါမင်းထင်၏အမေးကြောင့် စိတ်လှုပ်ရှားသွားပြီး

"ကျွန်မ ဇော်ဂျီ မကတာ လူသတ်မှုနဲ့ဘာဆိုင်လို့လဲ"

ဟုမေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

"အမှုနဲ့ သက်ဆိုင်လို့မေးရတာပါ"

ဟုပြောလိုက်၏။

မသဒ္ဒါက အဝေးဆီသို့ လှမ်းမျှော်ကြည့်၍

"အဲဒီညက ကျွန်မ ခေါင်းနည်းနည်းကိုက်နေလို့ပါ၊ ဘာလို့ကိုက်သလဲလို့ ဆိုရင်တော့ အမျိုးသမီး ကျန်းမာရေးကြောင့်ပါပဲ"





ဟုပြေလေ၏။

ဂျမဒါမင်းထင်က သူမကို ဆက်လက်၍ မေးမြန်း၏။ ထိုစုံထောက်သည် လွန်စွာလည်ဝယ်သော စုံထောက်တစ်ယောက် ဖြစ်ပုံရ၏။

မသဒ္ဒါသည် သတိကြီးစွာထား၍ မေးခွန်းများကို ဖြေရ၏။ ဂျမဒါမင်းထင်က

"ရုပ်သေးရုပ်တစ်ရုပ် ပျောက်နေတာ တွေ့ရတာ တွေ့ရတယ်၊ ဘယ်ရောက်သွားသလဲ"

ဟုမေးမြန်းလိုက်ရာ မသဒ္ဒါသည် ဂျမဒါမင်းထင်ကို ပိုမို၍ အထင်ကြီးသွားပြီး

"ရုပ်သေးရုပ်ပျောက်နေတာ ရှင်ဘယ်လိုသိသလဲ"

ဟုမေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က

"မြန်မာ့ရုပ်သေးသဘင်မှာ ရုပ်သေးရုပ် (၂၈) ရုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကျုပ် မှတ်သားဖူးတယ်၊ အဲဒီညက ရုပ်သေးရုပ် (၂၇)ရုပ်ပဲရှိတယ်၊ ပျောက်နေတဲ့ရုပ်သေးရုပ်က စုန်းမရုပ်ပဲ၊ စုန်းမရုပ်ကို မသဒ္ဒါ ယူသွားတယ်လို့ သိရတယ်''

ဟုပြောလိုက်ရာ မသဒ္ဒါသည် ဂျမဒါမင်းထင်ဆိုသော စုံထောက်ကို ပိုမို၍ သဘောကျသွားလေ၏။

ထိုသူသည် မြန်မာ့ရုပ်သေးသဘင်နှင့်ပတ်သက်သော ဗဟုသုတ စုံလင်လှ၏။

ဂျမဒါမင်းထင်က မသဒ္ဒါ၏ စုန်းမရုပ်ကို စစ်ဆေးလိုသည်ဆိုသဖြင့် သူမ၏မျက်နှာတင်းမာသွားပြီး

''ကျွန်မရဲ့ ရုပ်သေးတွေကို ဘယ်လောက်မြတ်နိုးတယ်ဆိုတာ ရှင်သိမှာပါ၊ ကျွန်မရဲ့ ရုပ်သေးရုပ်တွေကို လူတကာကို မပြနိုင်ဘူးရှင့်''

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က





''ရုပ်သေးဆရာက ရုပ်သေးရုပ်တွေကို ကိုယ့်ရဲ့ကိုယ်ပွားလို့တောင် ယူဆကြတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အမှုနဲ့သက်ဆိုင်နေလို့ မေးရတာပါ''

ဟုပြောလေ၏။ မသဒ္ဒါက ခေါင်းခါယမ်း၍

''ဒါဆိုရင်တော့ စုန်းမရုပ်ကို ရှင်ကြည့်လို့မရတော့ဘူး၊ စုန်းမရုပ်ရဲ့ အဆက်တွေက မကောင်းတော့တဲ့အတွက် ကျွန်မ စွန့်ပစ်လိုက်ပြီ''

ဟုပြောလေရာ ဂျမဒါမင်းထင်က သက်ပြင်းချ၍

''မသဒ္ဒါ စုန်းမရုပ်ကို ဘယ်မှာစွန့်ပစ်လိုက်သလဲ''

ဟုမေးမြန်းလေ၏။

မသဒ္ဒါက ခေါင်းခါယမ်း၍

''ရှင့်ကို ကျွန်မ မပြောနိုင်ဘူး၊ စုန်းမရုပ်ဟာ လူသတ်မှုနဲ့ ပတ်သက်တဲ့ ပစ္စည်းလဲမဟုတ်ဘူး၊ စုန်းမရုပ် အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



အနားယူပါစေ၊ ရှင်တို့ စုံထောက်တွေလိုက်ပြီး နှောင့်ယှက်တာ မခံနိုင်ဘူး၊ မကျေနပ်လို့ ရှင် ကျွန်မကို ဖမ်းချင်လဲ ဖမ်းနိုင်တယ်''

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က မသဒ္ဒါကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ထိုအခိုက်မှာပင် မခင်ညိုသည် အနီးသို့ စိုးရိမ်တကြီး ရောက်ရှိလာပြီး

''အစ်မကို ဘာလို့ဖမ်းရမှာလဲ စုန်းမရုပ်ကို…''

ဟုဆိုပြီး စွန့်ပစ်ရန်နေရာကို ပြောရန် ပြင်လိုက်၏။ မသဒ္ဒါသည် မခင်ညိုကို မျက်မှောင်ကြုတ်ကြည့်၍ လေသံမာမာဖြင့်

''ညည်း ပါးစပ်ပိတ်ထားစမ်း၊ စုန်းမ အေးအေးဆေးဆေး အနားယူပါစေ''

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

''ကောင်းပြီ၊ စုန်းမရုပ်ဘယ်မှာရှိသလဲဆိုတာ ကျုပ်နည်း



ကျုပ်ဟာနဲ့ သိအောင်လုပ်ရတာပေါ့''

ဟုဆိုလိုက်ပြီး မသဒ္ဒါ၏အရှေ့မှ ကျောခိုင်းထွက်ခွာသွားလေ၏။

မသဒ္ဒါသည် မခင်ညို၏ပခုံးကို ဖက်၍

''စုန်းမရုပ်ကို သူရှာတွေ့နိုင်ရင် လူတော်ပဲ၊ လူတော် တစ်ယောက်ရဲ့ လက်ထဲမှာ ငါအဖမ်းမခံနိုင်စရာ ဘာရှိလို့လဲ''

ဟုဆိုလိုက်ရာ မခင်ညိုက တသိမ့်သိမ့်ရှိုက်ငို၍

''အစ်မ အဖမ်းမခံရဘူး၊ အဖမ်းမခံရဘူး''

ဟုရေရွတ်နေလေ၏။ မသဒ္ဒါသည် သတင်းစာများကို ရှာဖွေ၍ ဖတ်ရှုကြည့်ရာ ကြားတောရလမ်း လူသတ်မှုနှင့်ပတ်သက်၍ အကျယ်တဝင့် ရေးသားထားကြောင်းတွေ့ရလေ၏။

သူကြီးဂေဇက် သတင်းစာကြီး၌

''*လူသတ်မှုမထက်သောလူ့ဂျိုဇမ်းမီ*''

www.burmeseclassic.com



ဟု ရေးသားထားသဖြင့် ဖတ်ရှုကြည့်ရာ ဒေါ်စိန်ခင်တို့ ညီအစ်မနှင့် စကားများရန်ဖြစ်ဖူးသော မောင်စိန်ဖေဆိုသူကို ဖမ်းဆီးထားကြောင်း ဖော်ပြထားလေ၏။

မသဒ္ဓါသည် မောင်စိန်ဖေဟူသည့်အမည်ကြောင့် သတင်းစာထဲ၌ ပါရှိသော ဓာတ်ပုံကို ကြည့်လိုက်ရာ ငယ်စဉ်က သိကျွမ်းခဲ့သော သူငယ်ချင်းမောင်စိန်ဖေ ဖြစ်နေလေ၏။

မြို့၌နေစဉ်က မောင်စိန်ဖေနှင့်အတူ သင်္ချာတွက်ခဲ့ပုံများကို မြင်ယောင်နေမိ၏။

ပြီးနောက် ခေါင်းခါယမ်း၍

"ဖြစ်ရလေ မောင်စိန်ဖေရယ်၊ နင်နဲ့ငါ ရေစက်ကို မကုန်နိုင်ဘူး၊ ငါ့ရဲ့အမှုမှာ နင် ဓားစာခံအဖြစ်ပြီး အဖမ်းခံရတာ ဝမ်းနည်းပါတယ်"

ဟုရေရွတ်နေလေ၏။





ထိုနေ့မှာပင် သူမ၏ သူငယ်ချင်းအငြိမ့်မင်းသမီး စိန်ပိုးတီ အလည်ရောက်ရှိလာလေ၏။

စိန်ပိုးတီသည် မြန်မာပြည်အနှံ့လှည့်လည်ကပြစဉ် ခင်မင်ရင်းနှီးခဲ့သူဖြစ်၏။

စိန်ပိုးတီနှင့် ဆယ့်နှစ်ပွဲဈေးများ၌ လှည့်လည် ဈေးဝယ်ခဲ့ဖူး၏။ စိန်ပိုးတီက မသဒ္ဓါ အလွန်နှစ်သက်သော ရှင်မတောင်သနပ်ခါးတစ်တုံးကို လာရောက်၍ လက်ဆောင်ပေးလေ၏။

မသဒ္ဓါသည် စိန်ပိုးတီနှင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုရင်း စိတ်ဆင်းရဲစရာများကို မေ့လျော့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ဂျမဒါမင်းထင်ဆိုသော စုံထောက်သည် ဗွာနအုပ်ဦးရွှေမြိုင်ဆိုသူနှင့်အတူ မသဒ္ဒါထံသို့ရောက်ရှိလာပြီး ဂျမဒါမင်းထင်က အိတ်ထဲမှ စုန်းမရုပ်ကလေးကိုပြ၍

"မသဒ္ဒါကို ဗဟန်းကြားတောရလမ်းက နှစ်လောင်းပြိုင်လူသတ်မှုနဲ့ ပတ်သက်လို့ ဖမ်းဆီးလိုက်ပါပြီ"

ဟုဆိုလိုက်ရာ မသဒ္ဒါသည် စုန်းမရုပ်ကို ဂရုဏာသက်စွာကြည့်၍

"စုန်းမကို အေးအေးဆေးဆေး အနားပေးတာ အနားမရ





နိုင်ပါလားရှင်၊ ရှင်သိပ်တော်တဲ့ စုံထောက်ပဲ ဂျမဒါမင်းထင်၊ ရှင့်လိုလူတစ်ယောက်ရဲ့လက်ထဲမှာ အဖမ်းခံရတာ ကျွန်မ ကျေနပ်ပါတယ်"

ဟုဆိုလိုက်လေ၏။

ထိုအခါ မသဒ္ဒါ၏အနီးသို့ မခင်ညိုနှင့်မောင်ကျော်စွာ ရောက်ရှိလာပြီး ဝမ်းပန်းတနည်း ငိုယိုလေ၏။

မသဒ္ဒါက ၄င်းတို့ကို အသာအယာပွေ့ဖက်၍

"မငိုပါနဲ့ကွယ်၊ အစ်မလုပ်သင့်တဲ့အလုပ်ကို လုပ်ရတာ ကျေနပ်ပါတယ်၊ ဒီမိန်းမကြီးတွေ သေသင့်နေပါပြီ၊ သူတို့တရားသူတို့ စီရင်သွားမှာပါ"

ဟုဆိုကာ ဂျမဒါမင်းထင်တို့အနောက်သို့ တည်ငြိမ်စွာလိုက်ပါခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မသဒ္ဒါသည် ဗဟန်းကြားတောရလမ်း လူသတ်မှုနှင့် ပတ်သက်၍ ကိုယ်တိုင် ဝန်ခံချက်ပေးသဖြင့် ထောင်ဒဏ် (၁၀)နှစ် အပြစ်ဒဏ်ချမှတ်ခဲ့လေ၏။ မသဒ္ဒါ၏ တရားခွင်သို့ မောင်စိန်ဖေ ရောက်ရှိလာပြီး အားပေးစကားပြောလေ၏။

မသဒ္ဒါ၏ အမူ စီရင်ချက်ချသောနေ့၌ မောင်စိန်ဖေက နှင်းဆီပန်းလေးတစ်ပွင့်ကို ကမ်းပေးလိုက်ပြီး



BURMESE CLASSIC .com



"မသဒ္ဒါ နင်ကတော့ ဘဝတစ်လျှောက်လုံး ဖြစ်ချင်တာတွေ ဖြစ်ခဲ့တယ်၊ လုပ်ချင်တာတွေလဲ လုပ်နိုင်ခဲ့တယ်နော်၊ ဘာပဲဖြစ်ဖြစ် နင့်အတွက် ငါဂုဏ်ယူပါတယ်၊ ငါ့ကို ပုလိပ်ဖမ်းတုန်းက ဒီအမှုရဲ့တရားခံဟာ နင်မဟုတ်မှန်းသိလို့ ငြင်းဆန်ခဲ့တာ၊ နင်သာ တရားခံမှန်းသိရင် ဒီအပြစ်ကို ငါကျူးလွန်တယ်လို့ ဝန်ခံလိုက်မှာပါ"

ဟုဆိုလိုက်ရာ မသဒ္ဒါက သဘောကျဟန်ဖြင့် ပြုံးရယ်လိုက်ပြီး

"နင်ဟာ သိပ်ခင်ဖို့ကောင်းတဲ့ သူငယ်ချင်းပါပဲမောင်စိန်ဖေ"

ဟုဆိုကာသူ၏ထောင်ထဲရှိ နှင်းဆီပန်းကလေးကို အနီး၌ရှိနေသော မခင်ညို၏လက်ထဲသို့ထည့်လိုက်လေ၏။

ပြီးနောက်လေသံတိုးတိုးဖြင့်

"ရုပ်သေးမင်းသမီးမခင်ညို၊ ဒီနေ့ကစပြီး အစ်မရဲ့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



တွေကို နင် ထမ်းဆောင်ရတော့မယ်''

ဟုပြောဆိုပြီးပုလိပ်များ၏ ခေါင်းဆောင်ရာသို့လိုက်ပါ သွားလေ၏၊

မခင်ညိုသည်နှင်းဆီပန်းကလေးကို ကိုင်၍မသဒ္ဒါ၏ နောက်ကျောကိုကြည့်ပြီး ဝမ်းနည်းကြေကွဲစွာ ကျန်ရစ်ခဲ့လေ၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

(ဘာမှမသိသော)

မင်းမြတ်သူရ



BURMESE CLASSIC .com

www.burmeseclassic.com